# ခရစ်ဝင်ကျမ်းများ

သင်ခန်းစာ သုံး

ရှင်မာကုခရစ်ဝင်ကျမ်း

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။  ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်းအားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။  ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

နောက်ခံသမိုင်း ........ 1

ကျမ်းရေးသူ ........ 2

အစဉ်အလာအမြင် ........ 2

ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်း ........ 4

မူလပရိသတ် ........ 5

ကနဦးအသင်းတော်၏ သက်သေ ........ 5

ခရစ်ဝင်ကျမ်းအသေးစိတ်အချက်အလက်များ ........ 6

အချိန်အခါ ........ 7

ရက်စွဲ ........ 8

ရည်ရွယ်ချက် ........ 8

ဖွဲ့စည်းပုံနှင့် အကြောင်းအရာ ........ 11

မေရှိယ၏ကြေငြာချက် ........ 11

မေရှိယ၏တန်ခိုး ........ 12

နိဒါန်း ........ 13

ကပေရနောင်မြို့အနီး ........ 14

ဂါလိလဲပြည် ........ 16

ဂါလိလဲပြည်ကျော်လွန်၍ ........ 19

မေရှိယအကြောင်း တမန်တော်များ၏အတည်ပြုချက် ........ 22

ဆင်းရဲဒုက္ခခံရသော မေရှိယ ........ 23

ပြင်ဆင်ခြင်း ........ 24

ထိပ်တိုက်ရင်ဆိုင်ခြင်း ........ 27

အတွေ့အကြုံ ........ 29

မေရှိယ၏အောင်မြင်ခြင်း ........ 31

အဓိကအကြောင်းအရာများ ........ 33

ဆင်းရဲဒုက္ခခံသည့်အစေခံ ........ 33

ဂျူးလူမျိုးတို့၏မျှော်လင့်ချက်များ ........ 33

ယေရှု၏ဓမ္မအမှုတော် ........ 35

မှန်ကန်သောတုံ့ပြန်မှု ........ 38

အောင်နိုင်သူရှင်ဘုရင် ........ 41

ဖော်ပြခဲ့သောနိုင်ငံတော် ........ 42





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အစွမ်းတန်ခိုးနှင့် အခွင့်အာဏာကိုပြသခြင်း......43
ရန်သူများကို အနိုင်ယူခြင်း......44
**နိဂုံး...... 48**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

နေ့စဉ်၊ ထောင်ပေါင်းများစွာသော ခရစ်ယာန်များသည် ခရစ်တော်နောက်လိုက်ခြင်းကြောင့် နှိပ်စက်ညှဉ်းပန်းခြင်းကို ခံစားနေကြရသည်။ နေ့စဉ်နေ့တိုင်း၊ သန်းနှင့်ချီသောယုံကြည်သူများသည် ၎င်းတို့၏ပိုင်ဆိုင်မှုများသိမ်းဆည်းခြင်းခံရနိုင်ခြေကို ရင်ဆိုင်နေရသည်။ သူတို့၏ခေါင်းဆောင်များကို ရိုက်နှက်ထောင်ချခြင်း၊ သူတို့၏မိသားစုများကို ထိခိုက်နစ်နာစေခြင်း၊ ပြန်ပေးဆွဲခြင်း၊ သို့မဟုတ် သတ်ဖြတ်ခြင်းခံကြရသည်။

ယခု ဓမ္မသစ်ကျမ်း၏ဒုတိယဧဝံဂေလိကျမ်းဖြစ်သော ရှင်မာကုခရစ်ဝင်ကျမ်းကို ရေးသားနေစဉ် ခရစ်ယာန်များ နှိပ်စက်ညှဉ်းပန်းခံရခြင်းအကြောင်းသည် မာကု၏စိတ်ထဲတွင်ရှိနေသည်။ ကနဦးခရစ်ယာန်အသင်းတော်သည် ပုံစံအမျိုးမျိုးဖြင့် ကြုံတွေ့ခဲ့ရသည်။ ယုံကြည်သူများသည် ၎င်းတို့၏ဆင်းရဲဒုက္ခ၏အဓိပ္ပာယ်ကို မည်သို့နားလည်နိုင်မည်နည်း။ သူတို့၏အခက်အခဲများနှင့်ပတ်သက်၍ ယေရှု၏ပုံသက်သေသည် သူတို့ကိုမည်သည့်အရာသင်ပေးနိုင်သနည်း။ မာကုသည် ကနဦးခရစ်ယာန်များ၏ ယုံကြည်ခြင်းကို ခိုင်ခံ့စေကာ ခံနိုင်ရည်ရှိရန် အားပေးသည့်နည်းများဖြင့် ယေရှု၏အသက်တာဇာတ်လမ်းကို ပြောပြခြင်းဖြင့် ထိုကဲ့သို့သောမေးခွန်းများကို တုံ့ပြန်ခဲ့သည်။

ဤသည်မှာ ကျွန်ုပ်တို့၏ ခရစ်ဝင်ကျမ်းများ အခန်းဆက်ဆောင်းပါးတွင် တတိယမြောက်သင်ခန်းစာဖြစ်ပြီး "ရှင်မာကုခရစ်ဝင်ကျမ်း" ဟု ခေါင်းစဉ်တပ်ထားသည်။ ဤသင်ခန်းစာတွင်၊ သခင်ယေရှု၏ အသက်တာမှတ်တမ်းကို အနီးကပ်ကြည့်ရှုမည်ဖြစ်ပြီး၊ သို့မှသာ ကိုယ်တော်၏သွန်သင်ချက်များကို ကျွန်ုပ်တို့၏အသက်တာတွင် ပိုမိုထိရောက်စွာလိုက်လျှောက်နိုင်မည်ဖြစ်သည်။

မာကု၏ခရစ်ဝင်ကျမ်းကိုလေ့လာခြင်းအား အပိုင်းသုံးပိုင်းခွဲပါမည်။ ဦးစွာ၊ ကျမ်းနောက်ခံသမိုင်းကို သုံးသပ်ပါမည်။ ဒုတိယ၊ ကျမ်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာကို လေ့လာပါမည်။ တတိယ၊ ကျမ်း၏အဓိကအကြောင်းအရာအချို့ကို ကျွန်ုပ်တို့ကြည့်ရှုပါမည်။ မာကု၏ခရစ်ဝင်ကျမ်း၏နောက်ခံသမိုင်းနှင့် စကြပါစို့။

# နောက်ခံသမိုင်း

ကျမ်းရေးသူမာကုကိုယ်တိုင်ကိုင်း၊ သူ၏မူရင်းပရိသတ်နှင့် ရေးသားသည့်အချိန်အခါ သို့မဟုတ် အခြေအနေများကို သုံးသပ်ခြင်းဖြင့် မာကု၏ခရစ်ဝင်ကျမ်းနောက်ခံသမိုင်းကို ကျွန်ုပ်တို့လေ့လာပါမည်။ ရှင်မာကုခရစ်ဝင်ကျမ်းကို ရေးသားသူအား ဦးစွာကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ကျမ်းရေးသူ

ရှင်မာကုခရစ်ဝင်ကျမ်းရေးသားသူနှင့်ပတ်သက်၍ အပိုင်းနှစ်ပိုင်းဖြင့် လေ့လာပါမည်။ ဦးစွာ၊ ကျမ်းရေးသူနှင့်ပတ်သက်သော ရိုးရာအစဉ်အလာအမြင်ကို ကြည့်ပါမည်။ ဒုတိယအနေနှင့်၊ မာကု၏ ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်းကြောင်းကို လေ့လာပါမည်။ ဤခရစ်ဝင်ကျမ်းရေးသားသူနှင့်သက်ဆိုင်သော အစဉ်အလာအမြင်ဖြင့် စတင်ကြပါစို့။

## အစဉ်အလာအမြင်

> ရှင်မာကုခရစ်ဝင်ကျမ်းကို မာကုအမည်သစ်ကိုရသောယောဟန်မှ ရေးသားခဲ့သည်ဟု ကနဦးအသင်းတော်အစဉ်အလာသည် တညီတညွတ်တည်း လက်ခံသည်။ ဓမ္မသစ်ကျမ်းတွင် ကျွန်ုပ်တို့ကြည့်ရှုသောအခါ၊ မာကုအမည်သစ်ကို ရသောယောဟန်အား ဗာနဗ၏တူတစ်ဦးအဖြစ် ဖော်ပြသည်။ သူသည် တမန်တော်ဝတ္ထုတွင်ဖော်ပြသော ပထမဆုံးသာသနာပြုခရီးတွင် ပေါလုနှင့် ဗာနဗနှင့်အတူ လိုက်ပါသွားခဲ့သည်။ ယေရုရှလင်မြို့တွင် ကနဦးတပည့်တော်များနှင့်တွေ့ဆုံခဲ့သော အိမ်တစ်လုံးရှိသည်ဟု သူ၏မိခင်ဖော်ပြသည်။ ပေတရုသည်သူ၏စာတစ်စောင်တွင် မာကုအမည်သစ်ကိုရသောယောဟန်အား သူ၏သားအဖြစ် ဖော်ပြသည်။ မာကုအမည်သစ်ကိုရသောယောဟန်သည် ရောမမြို့တွင်ပေတရုနောက်သို့လိုက်ကာ သူ၏သွန်သင်ချက်ကို တိကျစွာရေးထားကြောင်း Papias ဆိုသည်။
>
> **ဒေါက်တာ Robert L. Plummer**

ဒုတိယခရစ်ဝင်ကျမ်းအား မာကုရေးသားကြောင်း ခရစ်ယာန်စာရေးဆရာများထဲမှ အစောဆုံး ပြောဆိုသောသူသည် Papias ဖြစ်သည်။ Papias သည် ဒုတိယရာစုအစတွင်အသက်ရှင်ခဲ့ပြီး၊ အေဒီ ၁၃၀ ဝန်းကျင်တွင် အာရှမိုင်းနားမှ ဘုန်းတော်ကြီးတစ်ပါးဖြစ်သည်။

အေဒီ ၃၂၅ ဝန်းကျင်တွင်ရေးသားခဲ့သော နာမည်ကျော် အသင်းတော်သမိုင်းပညာရှင် Eusebius ၏ရေးသားခြင်းအားဖြင့် Papias ၏အမြင်ကို ကျွန်ုပ်တို့သိခဲ့ရသည်။ သူ၏ Ecclesiastical History စာအုပ် ၃၊ အခန်း ၃၉၊ အပိုင်း ၁၅ တွင်၊ Eusebius သည် Papias ထံမှ ဤသို့ကိုးကားခဲ့သည်_

> မာကုသည် ပေတရု၏စကားပြန်ဖြစ်လာပြီးနောက် ခရစ်တော်မိန့်ဆိုခဲ့သော သို့မဟုတ် လုပ်ဆောင်ခဲ့သမျှတို့ကို စီစဉ်တကျမဖြစ်သော်လည်း တိကျစွာရေးခဲ့သည်။ အကြောင်းမူကား၊ သူသည် သခင်ဘုရားပြောစကားကို မကြား၊ နောက်တော်သို့မလိုက်ခဲ့သော်လည်း၊ သူသည် ပေတရုနောက်သို့ လိုက်ခဲ့သည်။

Papias ၏အဆိုအရ မာကု၏ခရစ်ဝင်ကျမ်းသည် တမန်တော်ပေတရု၏သွန်သင်ချက်အပေါ်တွင် များစွာမူတည်နေသည်။ မာကုသည် ယေရှု၏ဓမ္မအမှုတော်ကို မျက်မြင်သက်သေမဟုတ်သော်လည်း၊ ပေတရုသည် ယေရှုထံမှမြင်ခဲ့၊ ကြားသိခဲ့ရသောအရာများကို သူသည်မှတ်တမ်းတင်ခဲ့သည်။

> ကျွန်ုပ်တို့တွင်ရှိသော ကနဦးအသင်းတော်ဓလေ့ထုံးတမ်းများသည် ခရစ်ဝင်ကျမ်းများရေးသားချိန်နှင့် လူတို့ထံ ခရစ်ဝင်ကျမ်း၏သတင်းကောင်းအချို့ကနဦးရောက်ရှိချိန်နှင့် လုံလောက်စွာနီးစပ်သည်ဟု ထင်ပါသည်။ ဤအရာ၏အကောင်းဆုံးဥပမာများစွာသည် ဒုတိယရာစုအစပိုင်း၌ အာရှမိုင်းနားရှိ Hierapolis ၏ ဘုန်းတော်ကြီးဖြစ်သည့် Papias မှကျွန်ုပ်တို့သိသောအရာဖြစ်သည်။ ဝမ်းနည်းစရာမှာ၊ Papias သည် မရှင်သန်ခဲ့သည့် စာအုပ်ကြီးတစ်အုပ်ကို ရေးသားခဲ့ပြီး၊ သူရေးခဲ့သော အပိုင်းအစအနည်းငယ်မျှသာ ကျွန်ုပ်တို့တွင်ရှိသော်လည်း ၎င်းတို့ထဲတွင် ခရစ်ဝင်ကျမ်းများဆိုင်ရာ မှတ်ချက်အချို့ပါဝင်သည်။ ထင်ရှားသည်မှာ၊ ပေတရု၏ဟောပြောခြင်းအပေါ်မူတည်၍ မာကုသည် သူ၏ခရစ်ဝင်ကျမ်းကို ရေးသားခဲ့ကြောင်း Papias ဆိုသည်။ Papias ၏အဆိုအရ မာကုသည် ပေတရု၏စကားပြန်ဖြစ်သည်၊ ဆိုလိုသည်မှာ သူသည်ပေတရု၏ အာရမိတ်ဘာသာကို ဂရိ သို့မဟုတ် လက်တင်ဘာသာသို့ ပြန်ဆိုသည်ဟု ယူဆနိုင်သည်။ ထို့ပြင် မာကုသည်ပေတရု၏ ဟောပြောခြင်းနှင့်ပတ်သက်၍ သူ၏အသိပညာဖြင့်မဟုတ်ဘဲ ခရစ်ဝင်ကျမ်းကို ရေးသားသည်ဟု Papias ဆိုသည်။ ၎င်းသည် ခရစ်ဝင်ကျမ်းများအကြောင်း ကျွန်ုပ်တို့တွင် စစ်မှန်ပြီး အစောဆုံးသော အစဉ်အလာဖြစ်နိုင်သည်ဟု ယူဆပါသည်၊ အမှန်တကယ်ပင်၊ ၎င်းကို မေးခွန်းထုတ်စရာအကြောင်း မရှိဟု မြင်ပါသည်။
>
> **ဒေါက်တာ Richard Bauckham**

ဤခရစ်ဝင်ကျမ်းကို မာကုရေးခဲ့သည်ဟူသောအစဉ်အလာအမြင်ကို ကနဦးအသင်းတော်ရှိ အခြားစာရေးဆရာများလည်း အတည်ပြုသည်။ ဥပမာအားဖြင့်၊ အေဒီ ၁၇၀ ဝန်းကျင်တွင် ရေးသားခဲ့သော *Anti-Marcionite Prologue* တွင် မာကု၏ကျမ်းရေးသူဖြစ်ခြင်းကို တိုက်ရိုက်အခိုင်အမာဆိုသည်။ အေဒီ ၁၇၇ ဝန်းကျင်တွင် ရေးသားခဲ့သော အသင်းတော်ဖခင် Irenaeus သည်လည်း ဤအမြင်ကို အတည်ပြုခဲ့သည်။ ထို့ပြင်၊ ဤစာအုပ်အတွက် ကနဦးဂရိလက်ရေးစာမူများတွင် ၎င်းကို "ရှင်မာကုကျမ်း"ဟုအမည်ပေးခဲ့သည်။

မာကုသည် ဒုတိယခရစ်ဝင်ကျမ်းကို ရေးသားကြောင်း သက်သေအထောက်အထားသည် ကနဦးအသင်းတော်တွင် ပျံ့နှံ့ခဲ့သည်။ အမှန်တကယ်ပင်၊ သူ၏ကျမ်းရေးသူဖြစ်ခြင်းနှင့်ပတ်သက်သော ထင်ရှားသောအငြင်းအခုံဖြစ်မှုကို ကနဦးအသင်းတော်တွင် မတွေ့ရှိရပါ။ မကြာသေးမီရာစုနှစ်များအတွင်း ပညာရှင်အချို့သည် ဤအစဉ်အလာအမြင်ကို ငြင်းဆိုရန်ကြိုးပမ်းခဲ့သော်လည်း၊ မာကု၏ရေးသားမှုနှင့်ပတ်သက်သည့်ရှေးသက်သေခံချက်ကို မငြင်းဆိုနိုင်ရုံမက၊ မာကု၏ကျမ်းရေးသူဖြစ်ခြင်းအား ခရစ်ဝင်ကျမ်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကိုယ်တိုင်တားမြစ်သည့် မည်သည့်အရာကိုမျှ မည္ဃန်ပြနိုင်ပါ။ ဤအကြောင်းများကြောင့်၊ ဤခရစ်ဝင်ကျမ်းကို မာကုရေးခဲ့ကြောင်း မျက်မှောက်ခေတ်ခရစ်ယာန်များသည် စိတ်ချယုံကြည်စွာ အတည်ပြုနိုင်သည်။

ခရစ်ဝင်ကျမ်းအား မာကုရေးသားခဲ့ကြောင်းအစဉ်အလာအမြင်ကို ယခုကျွန်ုပ်တို့ အတည်ပြုပြီးနောက်၊ သူရေးသားသောမှတ်တမ်းကို ပိုမိုနားလည်နိုင်စေရန် သူ၏ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်းကို လေ့လာကြည့်ကြပါစို့။

## ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်း

တမန်တော် ၁၂:၁၂ အရ၊ မာကုသည် ယေရုရှလင်မြို့၌နေထိုင်သော မာရိအမည်ရှိသော အမျိုးသမီးတစ်ဦး၏သားဖြစ်သည်။ ယေရုရှလင်မြို့မှ ခရစ်ယာန်အချို့သည် ထောင်ကျသောပေတရုအဖို့ ဆုတောင်းရန် သူမ၏အိမ်၌တွေ့ဆုံခဲ့ကြသည်။ ထို့ကြောင့်၊ မာကုအနေဖြင့် ပေတရုနှင့် အခြားတမန်တော်များနှင့် အပေါင်းအသင်းဖွဲ့ခြင်းသည် ဤကနဦးကာလကပင် စတင်ခဲ့သည်။

မာကုသည် ကောလောသဲ ၄:၁၀ တွင် ပေါလုဖော်ပြခဲ့သည့်အတိုင်း ဗာနဗ၏တူတစ်ဦးလည်းဖြစ်သည်။ သူသည် ပေါလုနှင့်ဗာနဗတို့၏ ပထမဆုံးသာသနာပြုခရီးတွင် ကူညီပေးခဲ့သည်။ သို့သော် တမန်တော် ၁၃:၁၃ တွင် ကျွန်ုပ်တို့တွေ့ရသည့်အတိုင်း၊ မာကုသည် ခရီးစဉ်အလယ်တွင် သူတို့ကို စွန့်ခွာပြီး ယေရုရှလင်မြို့သို့ ပြန်ခဲ့သည်။

ရလဒ်အနေနှင့်၊ ပေါလုသည် သူ၏ဒုတိယသာသနာပြုခရီးတွင် မာကုနှင့်ပူးပေါင်းရန် ငြင်းဆိုခဲ့သည်။ တမန်တော် ၁၅:၃၆-၄၁ တွင်ဖတ်ရသည့်အတိုင်း၊ ပေါလုနှင့်ဗာနဗသည်ဤကိစ္စကြောင့် ခွဲခွါခဲ့သည်။ ထို့ကြောင့် ဗာနဗသည် မာကုကို ကုပရုဠ်အမှုတော်ဆောင်ရန် ခေါ် ခဲ့ပြီး၊ ပေါလုသည် ဗာနဗအစား ခရီးသွားဖော်အဖြစ် သိလကို ရွေးချယ်ခဲ့သည်။

ကောလောသဲ ၄:၁၀ အရ၊ မာကုသည် နောက်ပိုင်းတွင် ပေါလု၏ယုံကြည်မှုကို ပြန်လည်ရရှိခဲ့ပြီး၊ အကျဉ်းကျနေစဉ်တစ်ကြိမ်အတွင်း ပေါလုနှင့်အတူရှိခဲ့သည်။

နောက်ပိုင်း၊ မာကုသည် ရောမမြို့တွင် အမှုတော်ထမ်းဆောင်စဉ် ပေတရုကိုလည်း ကူညီပေးခဲ့သည်။ အမှန်တကယ်၊ ၁ ပေတရု ၅:၁၃ တွင် ပေတရုသည် မာကုကို "ငါ့သား" ဟုခေါ်သည့် ရင်းနှီးသော ဆက်ဆံရေးရှိခဲ့သည်။ ပေတရုသည် မာကု၏ခရစ်ဝင်ကျမ်းတွင်မှတ်တမ်းတင်ထားသော ယေရှု၏ လောကဓမ္မအမှုတော်ဆိုင်ရာ အသေးစိတ်အချက်အလက်များကို ဤအချိန်အတောအတွင်း မာကုအား သင်ပေးခဲ့ခြင်းဖြစ်နိုင်သည်။

> မာကု သို့မဟုတ် မာကုအမည်သစ်ကိုရသောယောဟန်သည် သူ၏အမည်အပြည့်အစုံဖြစ်သည့်အတိုင်း သမ္မာကျမ်းစာမှ စိတ်ဝင်စားစရာကောင်းသောဇာတ်ကောင်တစ်ဦး ဖြစ်သည်။ သူသည် ဖြစ်ရပ်အချို့တွင် ပေါ်လာတတ်သည်။ သူ၏မိခင်အား မာရိဟုခေါ်သည်။ သူ့မိခင်သည် ယေရုရှလင်မြို့၌အိမ်တစ်လုံး ပိုင်ဆိုင်သည်ကိုကျွန်ုပ်တို့သိသည်။ အကြောင်းမှာ တစ်ခါတရံ အသင်းတော်သည် ထိုအိမ်တွင်တွေ့ဆုံကြသည်။ သူသည် တမန်တော်ပေါလု၏သာသနာပြုအဖော်

> တစ်ဦးဖြစ်သည့် ဗာနဗ၏တူတစ်ဦးဖြစ်သည်။ သူသည် ပေါလုနှင့်ဗာနဗတို့နှင့် အတူ ၎င်းတို့၏ပထမဆုံးသာသနာပြုခရီးတွင် လိုက်ပါခဲ့သည်။ သူသည် ပေတရုနှင့်လည်း ရင်းနှီးသူတစ်ဦးဖြစ်ကြောင်း အသင်းတော်သမိုင်းသည် ဖော်ပြသည်။ အမှန်တကယ်၊ မာကု၏ခရစ်ဝင်ကျမ်းသည် ပေတရု၏အမှတ်ရစရာများဖြစ်သည်ဟု အသင်းတော်အစဉ်အလာသည် ဖော်ပြသည်။ ထို့ကြောင့် လူအချို့မှ "ထိုသို့ဆိုလျှင် ဤမာကုသည် မည်သူနည်း။ သူသည် တမန်တော်တစ်ဦးမဟုတ်ပါ။" သူသည် တမန်တော်တစ်ဦးမဟုတ်သည်မှာ မှန်သော်လည်း၊ သူမည်သူဖြစ်ကြောင်းအထောက်အထားများကိုသာ ကြည့်ပါ။ အလွန်အံ့သြဖွယ်အထောက်အထားများ ဖြစ်သည်။ သူသည် ငယ်ရွယ်စဉ်တွင် ယေရှုကိုမြင်ပြီး သိခဲ့သည်မှာ သေချာသည်။ ထို့ကြောင့်၊ သူသည် ယေရှု၏ရှင်ပြန်ထမြောက်ခြင်းအတွက် အလွန်နီးစပ်သော မျက်မြင်သက်သေဖြစ်သည်။ သူ၏ဆရာများသည် မည်သူများနည်း။ သူ၏အဓိကဆရာနှစ်ဦးမှာ တစ်ပါးအမျိုးသားများအတွက်ဖြစ်သော တမန်တော်ပေါလုနှင့် ပေတရုတို့ဖြစ်ပြီး၊ ထိုသူတို့သည် တမန်တော်ဆယ့်နှစ်ပါး၏ ကိုယ်စားလှယ်ဖြစ်သည်။ ထို့ကြောင့်၊ ယေရှုခရစ်၏ဧဝံဂေလိတရားအကြောင်းကို ရေးသားရန် အရည်အချင်းပြည့်မီပါသလား။ အရည်အချင်းလုံးဝပြည့်မီသည်။

**ဒေါက်တာ Mark L. Strauss**

ယခု ကျွန်ုပ်တို့သည် ဤခရစ်ဝင်ကျမ်း၏ရေးသားသူအဖြစ် မာကုအကြောင်းပြောပြီးသောအခါ၊ မာကု၏မူလပရိသတ်၏ဝိသေသလက္ခဏာကို လေ့လာသင့်သည်။

# မူလပရိသတ်

ကနဦးအသင်းတော်၏သက်သေနှင့် မာကု၏ခရစ်ဝင်ကျမ်းအသေးစိတ်အချက်အလက်များစွာသည် အီတလီရှိအသင်းတော်များ၊ အထူးသဖြင့် ရောမမြို့၌ရှိသောအသင်းတော်များအား မာကု၏မူလပရိသတ်များအဖြစ် ညွှန်ပြသည်။

အီတလီနှင့် ရောမမြို့ရှိ အသင်းတော်များထံ မာကု ရေးခဲ့သည်ဟူသောအယူအဆနှင့်ပတ်သက်၍ ကနဦးအသင်းတော်၏ သက်သေနှင့် မာကု၏ခရစ်ဝင်ကျမ်းအသေးစိတ်အချက်အလက်အချို့ကို အကျဉ်းချုံးကြည့်ခြင်းဖြင့် ကျွန်ုပ်တို့ လေ့လာပါမည်။ ကနဦးအသင်းတော်၏သက်သေအား ဦးစွာကြည့်ကြပါစို့။

## ကနဦးအသင်းတော်၏ သက်သေ

ရှေ့တွင် ကျွန်ုပ်တို့ဖော်ပြခဲ့သည့် ရှေးခေတ်သက်သေသုံးဦး— Papias (အေဒီ ၁၃၀ ဝန်းကျင်တွင် ရေးသားသူ)၊ Anti-Marcionite Prologue (အေဒီ ၁၇၀ ဝန်းကျင်တွင် ရေးသားသူ) နှင့် Irenaeus

(အေဒီ. ၁၇၇ ဝန်းကျင်တွင် ရေးသားသူ)—မာကုသည် သူ၏ခရစ်ဝင်ကျမ်းကို အီတလီတွင်ရေးသားခဲ့ကြောင်း သူတို့အားလုံးဖော်ပြခဲ့ကြပြီး၊ အချို့သည် ရောမမြို့ကို အတိအကျသတ်မှတ်သည်။ ထို့အပြင်၊ မာကုသည် သူ၏ခရစ်ဝင်ကျမ်းကို အခြားမြို့တွင်ရှိသော အသင်းတော်ထံပေးပို့ခဲ့သည်ဟု ၎င်းတို့အထဲမှ မည်သူမျှ မဖော်ပြခဲ့ပါ။ ၎င်းအချက်သည် မာကုသည် သူနေထိုင်ရာဒေသရှိအသင်းတော်များသို့ ရေးသားကြောင်း ဖော်ပြသည်။ ပေတရုနှင့်အတူ မာကုသည် ရောမမြို့၌အမှုတော်ထမ်းဆောင်နေကြောင်း ဤကောက်ချက်သည် ၁ ပေတရု ၅:၁၃ အားဖြင့်ခိုင်ခံ့စေသည်။

ခရစ်ဝင်ကျမ်းများအားလုံးကဲ့သို့ပင်၊ ဘုရားသခင်သည် မာကု၏ခရစ်ဝင်ကျမ်းကို ခေတ်အဆက်ဆက် အသင်းတော်တစ်ခုလုံးအတွက် အသုံးပြုရန် ရည်ရွယ်ထားကြောင်း သမိုင်းသက်သေပြသည်။ သို့သော် သူသည် အီတလီနှင့် အထူးသဖြင့် ရောမခရစ်ယာန်များ၌ ဖြစ်ပျက်နေသည့်အရာများအတွက် နက်ရှိုင်းစွာ စိုးရိမ်ကြောင့်ကြကြောင်း နားလည်သောအခါ မာကု၏ခရစ်ဝင်ကျမ်းကို သူရည်ရွယ်ထားသည့်အတိုင်း ပိုမိုကောင်းမွန်စွာဘာသာပြန်ဆိုရန် ကျွန်ုပ်တို့ပြင်ဆင်ပါသည်။

ကနဦးအသင်းတော်၏သက်သေအပြင်၊ မာကု၏ခရစ်ဝင်ကျမ်းအသေးစိတ်အချက်အလက်များစွာသည်လည်း သူသည် အီတလီရှိအသင်းတော်များနှင့် အထူးသဖြင့် ရောမမြို့ရှိအသင်းတော်များထံသို့ ရေးခဲ့သည်ဟု အကြံပြုထားသည်။ အီတလီနှင့် ရောမမြို့ရှိ အသင်းတော်များထံ သူရေးခဲ့ကြောင်း ထောက်ခံသော မာကု၏ခရစ်ဝင်ကျမ်း အသေးစိတ်အချက်အလက် လေးချက်ကို ကျွန်ုပ်တို့ ဖော်ပြပါမည်။

## ခရစ်ဝင်ကျမ်းအသေးစိတ်အချက်အလက်များ

ပထမ၊ အကြိမ်အချို့တို့တွင်၊ မာကုသည် ပါလက်စတိုင်းဓလေ့ထုံးစံများကို သူ၏ပရိသတ်အား ရှင်းပြခဲ့သည်။ ဥပမာ၊ မာကုသည် ဖာရိရှဲများ၏လက်ဆေးခြင်းအလေ့အကျင့်ကို မာကု ၇:၃-၄ တွင် ရှင်းပြသည်။ ဤကဲ့သို့သော ရှင်းလင်းချက်တွင် မာကု၏ပရိသတ်များ၌ ပါလက်စတိုင်းပြင်ပတွင်နေထိုင်ကြသော တပါးအမျိုးသားအများအပြားပါဝင်ကြောင်း ညွှန်ပြသည်။

အီတလီနှင့် ရောမပရိသတ်များနှင့် လိုက်ဖက်သော ဒုတိယအသေးစိတ်အချက်မှာ အာရမိတ်အသုံးအနှုန်းများကို မာကုရှင်းပြခြင်းဖြစ်သည်။ ဥပမာ၊ မာကု ၃:၁၇ တွင် ယာကုပ်နှင့် ယောဟန်တို့၏ အမည်များအကြောင်း သူ၏ရှင်းပြချက်ကို နားထောင်ပါ_

> မိုဃ်းကြိုးသားဟု ဆိုလိုသော ဗောနေရဂက် အမည်သစ်ကို ပေးတော်မူသော ဇေဗေဒဲ၏သားနှစ် ယောက်ယာကုပ်နှင့် ယောဟန်၊ (မာကု ၃:၁၇)။

အလားတူရှင်းပြချက်များအား ၅:၄၁၊ ၇:၃၄၊ နှင့် ၁၅:၂၂၊ ၃၄ တွင် မာကုဖော်ပြထားပါသည်။ အာရမိတ်စကားပြောသော ပါလက်စတိုင်းလူမျိုးများအတွက်မူ ဤရှင်းပြချက်များသည် မလိုအပ်ပါ၊ ပါလက်စတိုင်းပြင်ပရှိ ဂျူးများစွာပင်လျှင် ၎င်းတို့၏တရားဇရပ်များမှ အာရမိတ်နှင့် ဟေဗြဲတို့ကို ရင်းနှီးပြီးသားဖြစ်ပေမည်။ ထို့ကြောင့် ဤအသေးစိတ်အချက်မှာ မာကုသည် ပါလက်စတိုင်းပြင်ပရှိ တစ်ပါးအမျိုးသားများထံ ရေးခဲ့ခြင်းဖြစ်သည်ဟု အကြံပြုထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အီတလီနှင့် ရောမမြို့ရှိ ပရိသတ်ကို ပိုမိုရှင်းလင်းစွာ ညွှန်ပြသည့် တတိယအသေးစိတ်အချက်မှာ မာကုသည် အခြားသော ခရစ်ဝင်ကျမ်းရေးသူများထက် လက်တင်စကားလုံးများကို ပိုမိုအသုံးပြုခဲ့ခြင်းသည် သူ၏ပရိသတ်အများစုသည် လက်တင်ဖြစ်ကြောင်း ညွှန်ပြနေသည်။

ပထမရာစုအတွင်း လက်တင်ဘာသာစကားကို မြေထဲပင်လယ်ဒေသတွင် ကျယ်ကျယ်ပြန့်ပြန့် မပြောဆိုခဲ့ကြပါ။ ၎င်းကို အဓိကအားဖြင့် ရောမအင်ပါယာ၏ မွေးရပ်မြေအီတလီတွင်သာ အသုံးပြုကြသည်။ မာကုသည် လက်တင်စကားလုံးများကို အနည်းဆုံး ၁၅ ကြိမ်အသုံးပြုခဲ့သည်မှာ ထင်ရှားသည်။ ဥပမာ၊ မာကု ၁၂:၄၂ တွင် သူသည် လက်တင်စကားလုံး lepta ကိုအသုံးပြုပြီး ကြေးနီဒင်္ဂါးတစ်ခုကိုရည်ညွှန်းသည်။ စကားလုံးကို ဂရိအက္ခရာများဖြင့် စာလုံးပေါင်းသော်လည်း၊ ၎င်းစကားလုံးသည် လက်တင်ဘာသာဖြစ်ပြီး လက်တင်စကားမပြောသောသူများ နားလည်နိုင်ဖွယ်မရှိပါ။

အီတလီနိုင်ငံရှိ အသင်းတော်များနှင့် အထူးသဖြင့် ရောမမြို့များသို့ မာကုရေးခဲ့သည့် ဖြစ်နိုင်ခြေကိုပြသသည့် စတုတ္ထအသေးစိတ်အချက်မှာ မာကုသည် Rufus အမည်ရှိ အမျိုးသားတစ်ဦးကို ဖော်ပြခြင်းဖြစ်သည်။

မာကု ၁၅:၂၁ တွင်၊ ဂေါလဂေါသသို့ ယေရှု၏လက်ဝါးကပ်တိုင်ကိုဆောင်ခဲ့သောသူသည် Rufus နှင့် အလက်ဇန္ဒားတို့၏ဖခင်ဖြစ်သည်—မာကု၏ခရစ်ဝင်ကျမ်းတွင် အခန်းကဏ္ဍမပါဝင်သည့်လူနှစ်ဦးဖြစ်သည်။ အဘယ်ကြောင့် မာကုသည် ထိုသူတို့နှင့်ပတ်သက်၍ ပြောဆိုခဲ့သနည်း။ အကောင်းဆုံးရှင်းပြချက်တစ်ခုမှာ ၎င်းတို့သည်မာကု၏ပရိသတ်များ သို့မဟုတ် တစ်စိတ်တစ်ပိုင်းဖြစ်ကြခြင်းဖြစ်သည်။ အမှန်မှာ၊ Rufus ဟုခေါ်သော အမျိုးသားတစ်ဦးကို ရောမ ၁၆:၁၃ တွင် ရောမအသင်းတော်၏အသင်းဝင်အဖြစ်ဖော်ပြထားသည်။ သူသည် မာကုဖော်ပြထားသော Rufus နှင့်တူညီသည်ဟုယူဆပါက၊ မာကုသည် ရောမမြို့ရှိအသင်းတော်သို့စာရေးခဲ့သည်။

ရောမမြို့သည် မာကု၏ခရစ်ဝင်ကျမ်း ဦးတည်ရာဖြစ်သည်ကို ဤအချက်အလက်များသည် သက်သေပြခြင်းမရှိပါ။ သို့သော် ၎င်းတို့၏ တိုးများလာသောအကျိုးသက်ရောက်မှုသည် ကနဦးအသင်းတော်၏ခိုင်မာသောသက်သေဖြစ်ကြောင်း အတည်ပြုသည်။ ဤသင်ခန်းစာနောက်ပိုင်းမြင်တွေ့ရသည့်အတိုင်း၊ ရောမပရိသတ်အနေနှင့်စိတ်တွင်မှတ်သားထားလျှက် ခရစ်ဝင်ကျမ်းကိုဖတ်ရှုခြင်းသည် မာကု၏အထူးအလေးပေးမှုအချို့ကို နားလည်ခြင်းနှင့် မျက်မှောက်ခေတ်အသင်းတော်ရှိ ကျွန်ုပ်တို့၏အသက်တာတွင် ကျင့်သုံးရန်ကူညီပေးနိုင်သည်။

ဤခရစ်ဝင်ကျမ်းရေးသူနှင့် မူရင်းပရိသတ်ကို စိတ်ထဲတွင်မှတ်ထားခြင်းဖြင့်၊ မာကု၏ခရစ်ဝင်ကျမ်းနောက်ခံသမိုင်း၏တတိယရှုထောင့်ဖြစ်သော ၎င်း၏ဖွဲ့စည်းမှု၏အချိန်အခါ သို့မဟုတ် အခြေအနေများကိုဆန်းစစ်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

## အချိန်အခါ

မာကု၏ခရစ်ဝင်ကျမ်းအချိန်အခါအတွက် ရှုထောင့်နှစ်ခုကို လေ့လာပါမည်။ ဦးစွာ မာကုရေးသားသည့်ရက်စွဲကို သုံးသပ်ပါမည်။ ဒုတိယ၊ မာကု၏ရေးသားရခြင်း၏ရည်ရွယ်ချက်ကို ဖော်ပြပါမည်။ မာကု၏ခရစ်ဝင်ကျမ်းရက်စွဲကိုကြည့်ရှုခြင်းဖြင့်စတင်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ရက်စွဲ

မာကု၏ခရစ်ဝင်ကျမ်းဖွဲ့စည်းမှုရက်စွဲကို အတိအကျမသတ်မှတ်နိုင်ပါ။ သို့သော် ခြုံငုံကြည့်လျှင်၊ အထောက်အထားများသည် ပထမရာစု၏အလယ်ပိုင်းမှ ၆၀ ခုနှစ်နှောင်းပိုင်းအထိ ရက်စွဲတစ်ခုကို ညွှန်ပြနေပုံတွေ့ရသည်။

မာကုကျမ်းအတွက် Irenaeus နှင့် Anti-Marcionite Prologue ကဲ့သို့သော ရှေးသက်သေများသည် ပေတရုသေဆုံးပြီးနောက် မာကုသည်သူ၏ခရစ်ဝင်ကျမ်းကို ရေးခဲ့သည်ဟု ဆိုသည်။ အေဒီ ၆၄ တွင် ရောမမြို့မီးလောင်ပြီးနောက် ရောမဧကရာဇ် Nero ၏အသင်းတော်အပေါ် နှိပ်စက်ညှဥ်းပန်းမှုအတွင်း ပေတရုသည်ရောမတွင် မာတုရဖြစ်ခဲ့ဖွယ်ရှိသည်။ မာကုသည် သူ၏လုပ်ငန်းကို ပေတရုအသက်ရှင်နေစဉ်အချိန်၌ စတင်ခဲ့သည်ဟု Papias ဆိုသော်လည်း၊ မာကုကျမ်းမပြီးဆုံးမီ ပေတရုသေဆုံးနိုင်ခြေကိုမူ မဆုံးဖြတ်ခဲ့ပေ။ ထို့ကြောင့် မာကုသည် သူ၏ခရစ်ဝင်ကျမ်းကို ပြီးမြောက်ခဲ့သည့် အစောဆုံးရက်စွဲသည် အေဒီ ၆၄ တွင် ပေတရုကွယ်လွန်ခါနီးအချိန်ဖြစ်မည်ဟု လက်ခံရန်ကျိုးကြောင်းဆီလျော်သည်။။

မာကု ရေးသားခဲ့သောနောက်ဆုံးနှစ်သည် ဆုံးဖြတ်ရခက်ပါသည်။ အစောပိုင်းသင်ခန်းစာတွင် ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်း၊ မာကုသည် ပထမဆုံးသောခရစ်ဝင်ကျမ်းဖြစ်ကြောင်းကို ကျမ်းပညာရှင်များစွာ ယုံကြည်ကြပြီး၊ မဿဲနှင့်လုကာတို့သည် ၎င်းတို့၏ခရစ်ဝင်ကျမ်းများကို ရေးသားသောအခါ မာကုကို အကိုးအကားအဖြစ် အသုံးပြုခဲ့ကြသည်။ ဤခရစ်ဝင်ကျမ်းသုံးပါးသည် အေဒီ ၇၀ တွင်ဖြစ်ပွားခဲ့သော ယေရုရှလင်မြို့နှင့် ၎င်း၏ဗိမာန်တော်ပျက်စီးခြင်းအကြောင်းကို ဖော်ပြထားခြင်းမရှိသောကြောင့် မဿဲ၊ မာကုနှင့် လုကာတို့သည် ထိုအချိန်မတိုင်မီကပင် ရေးသားခဲ့ကြသည်ဟု ပညာရှင်အများအပြားကောက်ချက်ချကြသည်။ အကယ်၍ မဿဲနှင့်လုကာတို့သည် ၎င်းတို့၏ကိုယ်ပိုင်အလုပ်များမပြီးမီ မာကု၏ခရစ်ဝင်ကျမ်းကိုလက်ခံပြီး အသုံးပြုခဲ့ပါက၊ မာကုသည် အေဒီ ၇၀ ထက်စော၍ပင် ပြီးမြောက်ခဲ့သည်ဟုဆိုရပေမည်။—ဧကန်အမှန်အားဖြင့်အေဒီ ၆၉ နှင့် ၆၇ အစောပိုင်းတွင်ဖြစ်နိုင်သည်။ ၎င်းသည် မဿဲနှင့် လုကာမရေးသားမီ မာကု၏ခရစ်ဝင်ကျမ်းကို သာ၍ရင်းနှီးစေရန် အချိန်ရမည်ဖြစ်သည်။

မာကု၏ခရစ်ဝင်ကျမ်းနေ့စွဲကို စိတ်ထဲတွင်မှတ်သားထားလျှက်၊ သူ၏ရေးသားခြင်းရည်ရွယ်ချက်ကို သုံးသပ်ကြပါစို့။

## ရည်ရွယ်ချက်

တစ်နည်းအားဖြင့်၊ မာကုနှင့် အခြားခရစ်ဝင်ကျမ်းများအားလုံးသည် ယေရှု၏အသက်တာနှင့် သွန်သင်ချက်များဆိုင်ရာ စစ်မှန်သောသမိုင်းမှတ်တမ်းကို ထိန်းသိမ်းထားရန် တူညီသောရည်ရွယ်ချက်တစ်ခုကို မျှဝေခဲ့ကြသည်။ အေဒီ ၅၀ မှစတင်၍ ယေရှု၏အသက်တာ၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဆိုင်ရာ မျက်မြင်သက်သေများနှင့် တမန်တော်များသည် သေဆုံးသူများခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့၏ ထွက်ဆိုချက်နှင့် သက်သေကို ထိန်းသိမ်းရန် လိုအပ်လာသည်။ Eusebius နှင့် အခြားအသင်းတော်ကနဦးစာရေးဆရာများဖော်ပြခဲ့သည့်အတိုင်း၊ မာကု၏ရည်ရွယ်ချက်တစ်စိတ်တစ်ပိုင်းသည် ယေရှု၏ဓမ္မအမှုတော်နှင့်ပတ်သက်၍ ပေတရု၏မှတ်တမ်းကို ထိန်းသိမ်းထားရန်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သို့သော် ဤမှတ်တမ်းကိုထိန်းသိမ်းခြင်းသည် မာကု၏ တစ်ခုတည်းသော ရည်ရွယ်ချက် မဟုတ်ပါ။ ခရစ်ဝင်ကျမ်းရေးသူတိုင်းကဲ့သို့ပင်၊ မာကုသည် သူ၏စာဖတ်သူများကို ယေရှုအကြောင်း လေ့လာစေလိုရုံမျှသာမဟုတ်ပါ။ ယေရှု၏အသက်တာမှ သင်ခန်းစာများကို သူတို့ကိုယ်တိုင်၏အသက်တာတွင် ကျင့်သုံးနိုင်စေရန်လည်း သူအလိုရှိသည်။ သို့သော် သူတို့၏အသက်တာသည် မည်သို့နည်း။

> အေဒီ ၆၀ နှစ်များတွင် ရောမမြို့၌ ခရစ်ယာန်များအတွက် အမှန်တကယ် ခက်ခဲသောကာလဖြစ်သည်။ ထိုကာလအချိန်ထိ ရောမဥပဒေတွင်၊ သင်သည် ဂျူးလူမျိုးဖြစ်လျှင် သင်သည် အသိအမှတ်ပြုထားသော ဘာသာတရားတစ်ခု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ၎င်းကို religio licita ခွင့်ပြုထားသောဘာသာတရားဟုလူသိများသည်။ ထို့ကြောင့် ရောမလူမျိုးများသည် “ဤသူတို့သည် ဂျူးဘာသာ၏အစိတ်အပိုင်းတစ်ခု” ဟု မြင်ကြသောကြောင့် ဂျူးခရစ်ယာန်များအား နှိပ်စက်ညှဥ်းပန်းမှုများ မပြုကြပါ။ သို့သော် ရောမအာဏာပိုင်များသည် “ဤဘာသာတရားသစ်သည် တစ်ပါးအမျိုးသားများ၊ ဂျူးမဟုတ်သောသူများ၊ ယုဒဘာသာနှင့်ကွဲပြားပုံရသည်"ဟုမြင်လာသောအခါ မည်သို့နည်း။ ရုတ်တရက် ၎င်းသည် လုံခြုံသော သို့မဟုတ် ခွင့်ပြုထားသောဘာသာမဟုတ်တော့ဘဲ၊ ရောမအာဏာပိုင်များသည် ၎င်းနှင့် ပတ်သက်၍ တင်းကြပ်သွားနိုင်သည်။ ယခု၊ ၎င်းအချက်သည် အေဒီ ၆၀ အစောပိုင်းတွင် ရောမမြို့တွင် စတင်ဖြစ်ပျက်နေသည် သို့မဟုတ် စတင်သတိပြုခံရခြင်းသည် အတိအကျဖြစ်သည်။ Nero ၏နန်းစံပထမငါးနှစ်သည် အတော်လေးကောင်းမွန်သော်လည်း နောက်ပိုင်း၅၉ ခုနှစ်တွင် အနည်းငယ်ပြောင်းလဲလာသည်၊ ထိုအချိန်မှစ၍ ကွယ်လွန်ချိန် ၆၈ ခုနှစ်အထိ သူသည် ပို၍မှန်းဆမရဖြစ်လာသည်။ ထို့နောက် ရှင်ပေါလုသည် အေဒီ ၆၀ ခန့်တွင် ရောမမြို့သို့ ရောက်ရှိလာပြီး၊ သူသည် ခရစ်တော်အတွက် ကျေနပ်စွာအသေခံရန်နှင့် ဤဘာသာတရားအသစ်သည် ဧကရာဇ် Nero အပါအဝင်လူတိုင်းအတွက်ဖြစ်ကြောင်း ပြသရန် ဆန္ဒရှိနေသည်။ Nero သည် ၎င်းကို ကြုံလာရသည့်အခါ သူသဘောပေါက်လာသည်မှာ၊ ၎င်းသည်သူမကြိုက်သောဘာသာတရားတစ်ခုဖြစ်သည်။ သူသည်သာလျှင်သခင်ဖြစ်သည်၊ ဤတွင် ဤခရစ်ယာန်များသည် “ယေရှုသည် သခင်ဖြစ်တော်မူ၏” ဟုကြွေးကြော်နေကြသည်။ ထို့ကြောင့်၊ အေဒီ ၆၄၊ ဇူလိုင်လ ၁၈ ရက်နေ့တွင် ရောမမြို့၌ မီးလောင်မှုကြီးဖြစ်ပွားသောအခါ၊ Nero သည် အပြစ်တင်ခြင်းကိုခံရပြီး၊ သူသည် ခရစ်ယာန်များဟုခေါ်သော ဤဘာသာတရားသစ်အပေါ်အပြစ်အားလွှဲချသည်။ ကျွန်ုပ်တို့ကြားရသည့်အရာသည် ဝမ်းနည်းဖွယ်ကောင်းလှသည်။
>
> **ဒေါက်တာ Peter Walker**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မာကုရေးခဲ့သည့်နှစ်များအတွင်း၊ ရောမတွင်ရှိသော အသင်းတော်သည် ရောမဧကရာဇ် Nero လက်အောက်၌ နှိပ်စက်ညှဉ်းပန်းမှုများ ခံခဲ့ရသည်။ Nero သည် အေဒီ ၅၄ မှ ၆၈ အထိ အုပ်ချုပ်ခဲ့သည်။ အေဒီ ၆၄ တွင် ရောမမြို့ကို မီးရှို့ခြင်းအတွက် ခရစ်ယာန်များအား အပြစ်တင်ခြင်းသည် ထင်ရှားကျော်ကြားသည်။ သူတို့ကို ထိတ်လန့်ကြောက်ရွံ့ဖွယ်နည်းများဖြင့် အပြစ်ဒဏ်ပေးကြသည်။

> Nero အုပ်ချုပ်မှုအောက်တွင် ရောမသည် အသင်းတော်အား ပြင်းထန်စွာ ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ ကနဦးတွင် ရောမကို သမ္မတနိုင်ငံအဖြစ် ဖွဲ့စည်းခဲ့သည်။ Julius Caesar လုပ်ကြံခံရပြီးနောက်ပိုင်းတွင်၊ Augustus သည် သူ၏စစ်တပ်ကို ဦးဆောင်ကာ ရောမမြို့ကို သိမ်းပိုက်ပြီး၊ လွှတ်တော်ကို ဖျက်သိမ်းခဲ့သည်။ ထို့ကြောင့် ရောမသမ္မတနိုင်ငံသည် ရောမအင်ပါယာဖြစ်လာပြီး Augustus သည် ပထမဆုံးဧကရာဇ်ဖြစ်လာခဲ့သည်။ ၎င်းသည် ရောမတို့၏ ရက်စက်ကြမ်းကြုတ်မှုသမိုင်း၏ အစဖြစ်သည်။ အမှန်တကယ်တွင်၊ ခရစ်ယာန်များကို နှိပ်စက်ညှဉ်းပန်းခြင်းတွင် Nero သည်အဆိုးဆုံးမဟုတ်ပါ။ အခြားဧကရာဇ်များသည် ခရစ်ယာန်ဘာသာကို ပို၍ပြင်းထန်စွာ တိုက်ခိုက်ခဲ့ပြီး၊ ခရစ်ယာန်များစွာသည် လက်ဝါးကပ်တိုင်တွင် သံမှိုဖြင့်ရိုက်ခံရခြင်း သို့မဟုတ် မီးရှို့သတ်ဖြတ်ခြင်းတို့ဖြင့် ဒုက္ခရောက်ခဲ့ကြသည်ဟု သမိုင်းမှတ်တမ်းများအရ သိရသည်။ ကနဦးအသင်းတော်တွင် အာဇာနည်မာတုရများ အများအပြားရှိခဲ့ပြီး ၎င်းတို့၏သေဆုံးမှုများအားဖြင့် ဘုရားသခင်၏ကရုဏာနှင့် ဖြောင့်မတ်ခြင်းတရားကို သက်သေခံခဲ့ကြသည်။
>
> **ဒေါက်တာ Stephen Chan**

ဤကာလအတွင်း ရောမမြို့နှင့်အနီးတဝိုက်ရှိ ခရစ်ယာန်များအတွက် ဘဝသည် နည်းလမ်းများစွာဖြင့် ခက်ခဲခဲ့သည်။ ကျွန်ုပ်တို့မြင်ရသည့်အတိုင်း၊ မာကုသည် ၎င်းတို့၏အခြေအနေများကိုဖော်ဆောင်ရန် သူ၏ခရစ်ဝင်ကျမ်းကို ပုံစံပြုထားသည်။ မာကု ၏ရေးသားခြင်းရည်ရွယ်ချက်ကို ဖော်ပြရန် နည်းလမ်းများစွာရှိသော်လည်း၊ ဤသင်ခန်းစာတွင် ရောမမြို့မှနှိပ်စက်ညှဉ်းပန်းခံရသော ခရစ်ယာန်များကိုခိုင်ခံ့စေရန် ဤခရစ်ဝင်ကျမ်းကိုရေးသားရသည့် သူ၏အယူအဆအပေါ် ကျွန်ုပ်တို့အာရုံစိုက်ပါမည်။

မာကု၏ခရစ်ဝင်ကျမ်းသည် ခရစ်တော်အတွက် ရောမခရစ်ယာန်တို့ရင်ဆိုင်ခဲ့ရသည့် အခက်အခဲများနှင့် သွေးဆောင်မှုများသည် သခင်ယေရှုရင်ဆိုင်ခဲ့ပြီးဖြစ်ကြောင်း သေချာစေပါသည်။ ကိုယ်တော်သည် ရောမတရားရုံးတွင် မတရားစီရင်ချက်ချခံခဲ့ရသည်။ ရောမစစ်သားများ၏ ရိုက်နှက်ခြင်းကို ခံခဲ့ရသည်။ ရောမလက်ဝါးကပ်တိုင်တွင် အသေခံခဲ့သည်။ သို့သော် သူ၏ဆင်းရဲဒုက္ခအားဖြင့်၊ ယေရှုသည် အောင်ပွဲခံခဲ့သည်။ ယေရှုနောက်သစ္စာရှိစွာလိုက်ပါက အောင်နိုင်သူများ ဖြစ်မည့်အကြောင်း မာကုသည် သူ့ပရိသတ်များအား အာမခံလိုသည်။ မှန်ပါသည်၊ သူတို့ ဆင်းရဲဒုက္ခရောက်မည်။ သို့သော် သူတို့၏ဆင်းရဲဒုက္ခသည် သခင်ယေရှု၏ဘုန်းအသရေအတွက်ဖြစ်ခဲ့သည်နည်းတူ သူတို့၏ဘုန်းအသရေအတွက်လည်း လမ်းကြောင်းဖြစ်လိမ့်မည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယခု ကျွန်ုပ်တို့သည် မာကု၏ခရစ်ဝင်ကျမ်း၏နောက်ခံသမိုင်းကို လေ့လာပြီးနောက်၊ ၎င်း၏ ဖွဲ့စည်းပုံနှင့် အကြောင်းအရာကို ကြည့်ကြပါစို့။

# ဖွဲ့စည်းပုံနှင့် အကြောင်းအရာ

အတိုင်းအတာအရ၊ မာကု၏ခရစ်ဝင်ကျမ်းကို အဓိကအပိုင်းငါးပိုင်းခွဲထားသည်။ ပထမ၊ မာကုသည် ၁:၁-၁၃ တွင် ယေရှု၏မေရှိယဖြစ်ခြင်းကြေညာချက်ဖြင့် သူ၏ခရစ်ဝင်ကျမ်းကို ဖွင့်လှစ်ခဲ့သည်။ ဒုတိယ၊ ၁:၁၄–၈:၂၆ တွင် မေရှိယ၏တန်ခိုးကို ဖော်ပြသည့်ဇာတ်လမ်း၏ အပိုင်းကြီးတစ်ခုရှိသည်။ တတိယ၊ တိုတောင်းပြီး၊ အဓိကအချက်ဖြစ်သည့် တမန်တော်များ၏ မေရှိယဖြစ်ကြောင်းအတည်ပြုချက်အား ၈:၂၇-၃၀ တွင် ဖော်ပြသည်။ စတုတ္ထ၊ ဇာတ်လမ်း၏နောက်ထပ်အပိုင်းကြီးသည် ၈:၃၁–၁၅:၄၇ တွင် မေရှိယ၏ဆင်းရဲဒုက္ခနှင့်သက်ဆိုင်သည်။ ပဉ္စမ၊ ၁၆:၁-၈ တွင် မေရှိယ၏အောင်မြင်ခြင်းအား မှတ်တမ်းတင်ထားသည့် ကောက်ချက်အတိုတစ်ခုရှိသည်။ မေရှိယ၏ကြေငြာချက်မှအစပြု၍ မာကု၏ဤအပိုင်းတစ်ပိုင်းချင်းအား ကျွန်ုပ်တို့နက်နဲစွာလေ့လာပါမည်။

## မေရှိယ၏ကြေငြာချက်

မာကု ၁:၁ တွင် ခရစ်ဝင်ကျမ်းစတင်ဖွင့်လှစ်ပုံကို နားထောင်ပါ_

> ဘုရားသခင်သားတော်ယေရှုခရစ်၏ ဧဝံဂေလိတရား၏အစကို ဆိုပေအံ့ (မာကု ၁:၁)။

မာကုသည် ယေရှုအား "ခရစ်တော်" ဟုရည်ညွှန်းသောအခါ၊ သူသည် ဟေဗြဲစကားလုံး မေရှိယ၏ဂရိဘာသာပြန်ကို အသုံးပြုခဲ့သည်။ အလားတူ၊ ဘုရားသခင်၏သားတော်ဟူသောအသုံးအနှုန်းသည် ယေရှုသည် ဘုရားသခင်၏မေရှိယဖြစ်ကြောင်း နောက်ထပ်ဖော်ပြချက်ဖြစ်သည်။

ဓမ္မဟောင်းကျမ်းနှင့် မျက်မှောက်ခေတ်ဂျူးဘာသာဗေဒတွင်၊ မေရှိယသည် ဣသရေလအပေါ်တော်ဝင်ရာဇပလ္လင်ကို ပြန်လည်ထူထောင်ကာ လူမျိုးကိုကမ္ဘာပေါ် ရှိ ဘုရားသခင့်နိုင်ငံတော်အဖြစ်ပြောင်းလဲပေးမည့် ဘုရင်ဒါဝိဒ်၏သားစဉ်မြေးဆက်ဖြစ်ရပါမည်။

ဤအဖွင့်ကြေငြာချက်သည် မာကု ၁:၂-၁၁ တွင် နှစ်ခြင်းဆရာယောဟန်အားဖြင့် ယေရှု၏ဗတ္တိဇံခံခြင်းမှတ်တမ်းအကျဉ်းတွင် ဆက်၍ဖော်ပြထားသည်။ ယေရှုနှစ်ခြင်းခံအပြီးတွင်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ယေရှုအပေါ်သို့ ဆင်းသက်လာပြီး ယေရှုသည် ချစ်လှစွာသောသားတော်ဖြစ်ကြောင်းကောင်းကင်ဘုံမှ ခမည်းတော်ဘုရားသခင်၏ အသံကိုကြားရသည်။ ဤနည်းအားဖြင့်၊ ဝိညာဉ်တော်နှင့် ခမည်းတော်နှစ်ပါးစလုံးသည် ယေရှုသည် အမှန်ပင်အချိန်ကြာစောင့်မျှော်ခဲ့သော မေရှိယဖြစ်ကြောင်း အတည်ပြုခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> မေရှိယကြွလာခြင်းနှင့်ပတ်သက်၍ ယေရှုခေတ် ဂျူးများ၏တွေးခေါ် ပုံကို စဉ်းစားကြည့်လျှင် အလွန်စိတ်ဝင်စားဖွယ် ကောင်းသည်။ အမှန်တကယ်၊ ပြင်ပတွင် မတူညီသောယုံကြည်မှုများ များစွာရှိခဲ့သည်။ ယဇ်ပုရောဟိတ်မင်းမေရှိယနှင့် ဘုရင်မင်းမြတ်မေရှိယတည်းဟူသော ကြွလာမည့် မေရှိယနှစ်ပါးတို့ကို အချို့သည်ယုံကြည်ကြောင်း ဖော်ပြသော ပင်လယ်သေကျမ်းလိပ်များမှ စာရွက်စာတမ်းအချို့ ကျွန်ုပ်တို့တွင်ရှိသည်။ သို့သော် အဓိကမျှော်လင့်ချက်သည် မေရှိယသည် ဒါဝိဒ်၏သားတော်ဖြစ်မည်ဖြစ်ပြီး၊ သူသည် ရောမလူတို့ကို နှင်ထုတ်ပြီး နိုင်ငံရေးငြိမ်းချမ်းမှုကို ဆောင်ကြဉ်းပေးမည်ဟူ၍ ဖြစ်သည်။ ဣသရေလသည် ပညတ်တရားကိုလိုက်နာပါက နိုင်ငံတော်သည် ရောက်ရှိလာမည်ဖြစ်ကြောင်း ဘာသာရေးအဖွဲ့အစည်းသည် ယုံကြည်သည်။ ၎င်းတို့၏အမြင်တွင် ယေရှုသည် ပညတ်တရားကို နာခံခြင်းသို့ တိုးမြင့်ပေးမည့်ပုံမပေါ်ဘဲ ၎င်းအား လွန်ကျူးခြင်းဖြစ်သောကြောင့်၊ ဤကိစ္စတွင် ယေရှုအား ပြဿနာပြုမည့်သူအဖြစ် ရှုမြင်ကြသည်။ သူ့ထံ၌သူတို့မျှော်လင့်ထားသကဲ့သို့သော နိုင်ငံရေးယန္တရားများမရှိ၊ ထို့ပြင် ပညတ်တရားနှင့်ပတ်သက်၍လည်း သူတို့ မျှော်လင့်ထားသည့်အတိုင်း မလုပ်ဆောင်ခဲ့၊ ထို့ကြောင့် သူတို့သည် သူ့အားဖြင့် အရှက်ရဖွယ်ဖြစ်ခဲ့ကြသည်။ သူတို့သည် တရားဟောရာ ၁၃ ၏အသုံးအနှုန်းအရ၊ နိမိတ်လက္ခဏာများ၊ အံ့ဘွယ်သောအမှုများကို ပြုလုပ်ခဲ့သူဖြစ်သော်လည်း ယေရှုကိုပရောဖက်အတုအယောင်ဖြစ်သောကြောင့် အသေသတ်သင့်သည်ဟု နောက်ဆုံးတွင် ရှုမြင်ကြသည်ဟု ကျွန်ုပ်ထင်ပါသည်။
>
> **ဒေါက်တာ Thomas R. Schreiner**

သို့သော် ယေရှုသည် လူအများမျှော်လင့်ထားသည့် မေရှိယမျိုးမဟုတ်ပါ။ ယေဘူယျအားဖြင့်၊ ပထမရာစုဂျူးများသည် မေရှိယသည် ဣသရေလနိုင်ငံသို့ ချီတက်ပြီး အစိုးရကိုသိမ်းပိုက်မည်ဟု ထင်ခဲ့ကြသည်။ သို့သော် မာကု ၁:၁၂-၁၃ တွင်၊ ယေရှုနှစ်ခြင်းခံပြီးသည်နှင့်တစ်ပြိုင်နက်၊ စာတန်၏ သွေးဆောင်ခြင်းကိုခံရန် သန့်ရှင်းသောဝိညာဉ်တော်သည် ကိုယ်တော်ကိုတောသို့ပို့ဆောင်ခဲ့သည်။ သူသည် နောက်ဆုံးတွင် အောင်ပွဲခံလိမ့်မည်။ သို့သော် ဘုရားသခင်၏အကြံအစည်အတိုင်း၊ သူ၏ အောင်မြင်ခြင်းသို့သွားရာလမ်းသည် ရှည်လျားသောဒုက္ခလမ်းအတိုင်း သွားရမည်ဖြစ်သည်။

ယေရှုသည် မေရှိယဖြစ်ကြောင်း ကြေငြာပြီးနောက် မာကုသည် မာကု ၁:၁၄–၈:၂၆ တွင် မေရှိယ၏တန်ခိုးကို ဖော်ပြခဲ့သည်။

## မေရှိယ၏တန်ခိုး

မာကု၏ဇာတ်လမ်း၏ဤအပိုင်းတွင်၊ ယေရှုသည် မေရှိယအဖြစ် သူ၏အစွမ်းတန်ခိုးနှင့် အခွင့်အာဏာကို စတင်ပြသခဲ့သည်။ ဤမဖွေအမှုတော်အား ကြည့်ရှုရန်နှင့်အကျိုးခံစားရန် လူများစွာစုဝေးခဲ့

ကြသော်လည်း၊ ယေရှု၏တန်ခိုးတော်သည် ခရစ်တော်ဖြစ်ကြောင်း သက်သေပြသည်ကို ထိုသူတို့ မသိခဲ့ကြ။ အမှန်တကယ်၊ ဤအပိုင်းတစ်ခုလုံးတွင် မည်သူမျှကိုယ်တော်ကို ခရစ်တော်ဟု မရည်ညွှန်းခဲ့ပါ။ ယေရှုသည် မိမိ၏ကိုယ်ပိုင်လက္ခဏာနှင့်ပတ်သက်၍ နှုတ်ဆိတ်နေခဲ့ပြီး အခြားသူများကိုလည်း တိတ်ဆိတ်စွာနေရန် အားပေးခဲ့သည်။

မာကု၏ရောမပရိသတ်များတွင် ပထမဆုံးဖတ်ရှုသူများသည် ခရစ်ယာန်များဖြစ်သောကြောင့် ယေရှုသည် မေရှိယဖြစ်ကြောင်း သူတို့သိထားပြီးဖြစ်သည်။ သို့သော် ဤဇာတ်လမ်း၏ဤအပိုင်းရှိ မာကု၏ဗျူဟာသည် ဤတန်ခိုးကြီးသူသည် အမှန်တကယ်မည်သူဖြစ်ရမည်၊ သူသည် မည်သည့်အရာကိုပြုလုပ်ရန်ကြွလာသည်စသည့် ယေရှု၏အနားရှိ လူအုပ်ကြီး၏သဘောထားတင်းမာမှုကို ခံစားရစေသည်။

ဝမ်းနည်းစရာမှာ၊ အပြစ်ရှာသောပညာရှင်တို့သည် ယေရှု၏ကနဦးဓမ္မအမှုတော်တွင် ယေရှုသည် မေရှိယဆိုင်ရာအခန်းကဏ္ဍကို မိမိကိုယ်တိုင်သတိမထားမိကြောင်း ညွှန်ပြသည့်အနေဖြင့် ယေရှု၏နှုတ်ဆိတ်ခြင်းကို မကြာခဏဖော်ပြလေ့ရှိသည်။ သို့သော် မာကု ၁:၁၁ တွင် တွေ့ခဲ့ရသည့်အတိုင်း၊ ဘုရားသခင်ကိုယ်တော်တိုင်သည် ယေရှု၏နှစ်ခြင်းခံခြင်းတွင် မေရှိယအဖြစ် ယေရှု၏အခန်းကဏ္ဍကို ကြေညာခဲ့သည်။ ဤဖော်ပြခြင်းတွင်၊ ယေရှု၏တိတ်ဆိတ်နေခြင်းကို ဗျူဟာမြောက်အဖြစ် နားလည်သင့်သည်။ ယေရှုတွင် ဖြည့်ဆည်းဖို့ရန်သီးခြားပန်းတိုင်တစ်ခုရှိပြီး၊ သူ့ထံ၌လူများစုဝေးလာလေ၊ ထိုပန်းတိုင်ကို နှောက်ယှက်ဆီးတားလေဖြစ်ကြောင်း သူသိသည်။

မေရှိယ၏တန်ခိုးကိုဖော်ပြသည့် မာကု၏ဇာတ်လမ်းကို လေးပိုင်းခွဲနိုင်သည်။ ပထမဦးစွာ မာကုသည် ဇာတ်လမ်းတစ်ခုလုံးအတွက် အနေအထားကို သတ်မှတ်ပေးသည့် နိဒါန်းတစ်ခုပေးသည်။ ဒုတိယ၊ ကပေရနောင်မြို့အနီးရှိ ယေရှု၏ရပ်ကျေးဓမ္မအမှုတော်အပေါ် သူအာရုံစိုက်ခဲ့သည်။ တတိယ၊ ယေရှု၏ဓမ္မအမှုတော်သည် ဂါလိလဲပြည်၏ကျန်ဒေသအထိ ကျယ်ပြန့်လာကြောင်း သူရှင်းပြသည်။ စတုတ္ထ၊ နောက်ဆုံးတွင်ယေရှုသည် ဂါလိလဲပြည်ကိုကျော်လွန်၍ တစ်ပါးအမျိုးသားအများစုနေထိုင်ရာ ဒေသများသို့ပင် ပြောင်းရွှေ့သွားကြောင်းကို သူဖော်ပြသည်။ မာကု ၁:၁၄–၁၅ တွင်တွေ့ရသော နိဒါန်းမှစ၍ ဤအပိုင်းသုံးခုမှ တစ်ခုစီကို လေ့လာပါမည်။

## နိဒါန်း

မာကု ၁း၁၅ ရှိယေရှု၏ဟောပြောခြင်းကို မာကု အကျဉ်းချုပ်ထားပုံအား နားထောင်ကြည့်ပါ_

> “အချိန်ပြည့်စုံပြီ” ဟု [ယေရှု] မိန့်တော်မူ၏။
> ဘုရားသခင်၏နိုင်ငံတော်တည်လုနီးပြီ၊ နောင်တရကြလော့၊
> ဧဝံဂေလိတရားကိုယုံကြည်ကြလော့ (မာကု ၁း၁၅)။

ဂါလိလဲပြည်ရှိ ယေရှု၏အဓိကရည်ရွယ်ချက်မှာ ဘုရားသခင်၏နိုင်ငံတော်တည်လုနီးပြီဟူသော သတင်းကောင်းကို ဟောပြောရန်နှင့် နောင်တရကာ ယုံကြည်သူအားလုံးအတွက် ၎င်း၏ကောင်းချီးများကို ပေးကြောင်း မာကုဖော်ပြခဲ့သည်။

မေရှိယ၏တန်ခိုးတော်မှတ်တမ်းတစ်လျှောက်တွင်၊ မာကုသည် ကပေရနောင်မြို့အနီးမှအစပြု ကာ ဂါလိလဲပြည်အတွင်းနှင့် အနီးတစ်ဝိုက်တွင် ယေရှု၏ဓမ္မအမှုတော်ပျံ့နှံ့စေရန် အာရုံစိုက်ခဲ့သည်။ မာကု၏မှတ်တမ်းကို အခြားခရစ်ဝင်ကျမ်းများနှင့် နှိုင်းယှဉ်ခြင်းဖြင့်၊ အခြားနေရာများတွင် ယေရှုအမှု တော်ထမ်းဆောင်ခဲ့သည့်အချိန်များကို မာကု ချန်လှပ်ထားပုံရသည်။ ဤချန်လှပ်ထားမှုများသည် မာကု ၏ပန်းတိုင်သည် ဂါလိလဲပြည်၌ ယေရှု၏လုပ်ဆောင်မှုများနှင့် နည်းဗျူဟာများကို ဖော်ပြရန်ဖြစ်ပြီး၊ သူ၏ခရီးသွားလာမှုအားလုံး၏အသေးစိတ်ကို တင်ပြရန်မဟုတ်ကြောင်း ဖြစ်သည်။

နိဒါန်းပြီးနောက်၊ မာကုသည် မာကု ၁:၁၆–၃:၆ တွင် ဂါလိလဲပြည်၊ ကပေရနောင်မြို့အနီးရှိ ယေရှု၏ဓမ္မအမှုတော်ကို ဖော်ပြခဲ့သည်။

## ကပေရနောင်မြို့အနီး

မာကု ၁:၁၆-၂၀ တွင် ယေရှုသည် သူ၏ပထမတပည့်တော်များကို ခေါ်ခဲ့ကြောင်း မာကုဖော်ပြ သည်။ ဤအပိုင်းတွင်၊ ယေရှုအား လူတို့တုံ့ပြန်သည့်နည်းလမ်းတစ်ခုသည် နာခံမှုဖြစ်ကြောင်း ကျွန်ုပ်တို့ မြင်တွေ့ရသည်။ ယေရှုသည် သူ့နောက်ကိုလိုက်ဖို့ရန်မိန့်တော်မူသည်၊ သူတို့သည် လုပ်ဆောင်နေသည့် အရာကို စွန့်လွှတ်ပြီး ကိုယ်တော်၏တပည့်တော်များ ဖြစ်လာကြသည်။

ထို့နောက် သခင်ယေရှုသည် မာကု ၁:၂၁-၃၄ တွင် ကပေရနောင်မြို့၌ သွန်သင်ဆုံးမခြင်းနှင့် အံ့ဖွယ်အမှုများဖြင့် ခရစ်ဝင်ကျမ်းကို ထုတ်ဖော်ခဲ့သည်။

ဤအချိန်အတောအတွင်း သူသည်ဓမ္မအမှုတော်တွင် ဆက်လက်လုပ်ဆောင်နေသောကြောင့် ယေရှု၏ကျော်ကြားမှုသည် ဂါလိလဲပြည်အနှံ့ပျံ့နှံ့လာသည်။ သူ၏ကျော်ကြားမှု ကြီးထွားလာမှုကြောင့် လူအုပ်ကြီးသည် ယေရှုကိုစတင်ဝန်းရံလာကာ၊ သူ၏ဧဝံဂေလိတရားကို ဟောပြောခြင်းနှင့် ဖော်ပြနိုင် စွမ်းကို မကြာခဏ အဟန့်အတားဖြစ်စေခဲ့သည်။ ထို့ကြောင့်၊ ကိုယ်တော်သည် သူ့ကို မေရှိယအဖြစ် မချီးမြှောက်ရန်သွန်သင်ခဲ့သည်။

ထို့နောက် ယေရှုသည် ကပေရနောင်မြို့မှ ထွက်ခွာသွားပြီး မာကု ၁:၃၅-၄၅ တွင် တွေ့မြင်ရ သည့်အတိုင်း အနီးနားရွာများတွင် ဟောပြောသွန်သင်ကာ အံ့ဖွယ်အမှုများကို ပြသခဲ့သည်။ ယေရှုသည် သူ၏သွန်သင်ခြင်းနှင့် အံ့ဖွယ်နည်းများဖြင့် ဧဝံဂေလိတရားကိုတစ်စိတ်တစ်ဒေသအားဖြင့်ဖြန့်ဝေရန် ဘေးပတ်ဝန်းကျင်ရှိရွာများသို့ ပြောင်းရွှေ့ခဲ့သည်။ သို့သော် လွတ်လပ်စွာ အမှုတော်ဆောင်နိုင်ခြင်းမှ သူ့အတွက်အတားအဆီးဖြစ်နေသော ကပေရနောင်မြို့လူအုပ်ကြီးထံမှ လွတ်မြောက်ရန်လည်း လုပ် ဆောင်ခဲ့သည်။ သူသည်ယခင်ပြုခဲ့သည့်နည်းတူ၊ သူနှင့်တွေ့ဆုံသူများအား မိမိအကြောင်းသတင်းမဖြန့် ရန် တောင်းဆိုသည်။

ထို့နောက်၊ မာကု ၂:၁–၃:၆ တွင်ဖတ်ရသည့်အတိုင်း၊ ယေရှုသည် ဂျူးခေါင်းဆောင်များနှင့် ငြင်းခုံ ခဲ့သည့်နေရာ ကပေရနောင်မြို့သို့ ပြန်သွားကြောင်း မာကုဖော်ပြသည်။

မာကုခရစ်ဝင်ကျမ်း၏ဤအပိုင်းသည် အပြစ်ကိုခွင့်လွှတ်ရန် ယေရှု၏အခွင့်အာဏာ၊ အပြစ်သား တို့အား အမှုတော်ဆောင်ခြင်းအတွက် သူ၏တရားမျှတခြင်းနှင့် ဥပုဒ်နေ့နှင့်ပတ်သက်သော သူ၏သွန် သင်ချက်များကဲ့သို့သော အရာများနှင့်သက်ဆိုင်ပါသည်။ သို့သော် သူ၏ထင်ပေါ်ကျော်ကြားမှု ကြီးထွား



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လာခြင်း၏နောက်ဆက်တွဲ အကျိုးဆက်ကိုလည်း မိတ်ဆက်ပေးပါသည်_ ယေရှုအားရှုတ်ချပုတ်ခတ်သူများသည် အရေအတွက်များလာပြီး၊ ကိုယ်တော်ကို ပို၍ပြင်းထန်စွာ ဆန့်ကျင်လာကြသည်။ ဤအပိုင်းသည် ယေရှု၏သေခြင်းကို ကြိုပုံဆောင်ခြင်းဖြင့် အဆုံးသတ်သည်။ မာကု ၃:၆ တွင်၊ ယေရှုအားဆန့်ကျင်သူများသည် အလွန်အမျက်ဒေါသထွက်သဖြင့် သူ့ကိုသတ်ရန် အများစုကြံစည်ကြသည်ဟု မာကုဖော်ပြသည်။

> ယေရှုသည် သူ၏ဟောပြောခြင်းနှင့် အံ့ဖွယ်အမှုများကြောင့် လက်ခံခြင်းမခံရပါ။ ဓမ္မသစ်ကျမ်းကိုဖတ်သောအခါ၊ သူ့ကို အဘယ်ကြောင့် လူများလက်မခံကြသည်ကို ကျွန်ုပ်တို့တွေးမိပါသည်။ ကိုယ်တော်၏အစွမ်းတန်ခိုးကို ထိုသူတို့အဘယ်ကြောင့် မမြင်ကြသနည်း။ ကိုယ်တော်၏ဆုံးမသြဝါဒကို ထိုသူတို့အဘယ်ကြောင့် နားမထောင်ကြသနည်း။ သို့သော် ... ခရစ်တော်၏သွန်သင်ချက်သည် လူများစွာကို ငြင်းပယ်စေခဲ့သည်။ တစ်ချက်မှာ သူသွန်သင်သောအကြောင်းအရာသည် သူတို့လိုချင်သောအရာမဟုတ်သောကြောင့်ဖြစ်သည်။ သူတို့သည် နိုင်ငံတော်ကို ဤကမ္ဘာမြေပေါ်တွင် မျှော်လင့်ခဲ့ကြသည်။ သူပြောသောနိုင်ငံတော်သည် စိတ်နှလုံးထဲသို့ဝင်လာပြီး လူတို့၏အသက်တာကို ပြောင်းလဲစေမည့်နိုင်ငံတော်၊ လူတို့၏စိတ်နှလုံးထဲတွင် ဘုရားသခင်၏ အုပ်ချုပ်မှုနှင့် စိုးစံမည့်နိုင်ငံတော် ဖြစ်သည်။ အကြောင်းမှာ သူ၏သွန်သင်ချက်သည် နှလုံးသားကို ထိမှန်သောကြောင့်ဖြစ်သည်။ အမှန်တကယ်၊ သူ၏အံ့ဖွယ်အမှုများသည် ကိုယ်တော်၏ပြောဆိုမှုများကို တစ်နည်းတစ်ဖုံ အတည်ပြုနေကြောင်း ခရစ်တော်၏သွန်သင်ချက်အား သဘောမတူသောရန်သူများသည် သိကြသောကြောင့် သူ၏ အံ့ဖွယ်အမှုများကို လွန်စွာမုန်းတီးခဲ့ကြသည်။ ထို့ကြောင့်၊ ယိုယွင်းပျက်ဆီးနေသောနှလုံးသားသည် ဘုရားသခင်၏သွန်သင်ချက်ကို သဘာဝအတိုင်း သို့မဟုတ် အလွယ်တကူလက်ခံခြင်းမရှိသည့်အပြင်၊ ခရစ်တော်၏ဓမ္မအမှုတော်သည် ၎င်း၏ထင်ရှားသောစံနမူနာဖြစ်သည်၊ အကြောင်းမှာ ဘုရားသခင်သည် လူတို့ကြားတွင်ရှိနေသော်လည်း လူတို့သည် ကိုယ်တော်ကိုငြင်းပယ်သောကြောင့်ဖြစ်သည်။
>
> **ဒေါက်တာ Jeff Lowman**

> ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အစီအစဥ်များဖြင့် ဘုရားသခင်ထံမကြာခဏလာကြသည်။ ကိုယ်တော်သည် မည်သို့ဖြစ်သင့်သည်၊ မည်သို့လုပ်ဆောင်သင့်သည်စသည်ဖြင့်ကျွန်ုပ်တို့၏ မျှော်လင့်ချက်များရှိသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏အစီအစဥ်များ၊ ကျွန်ုပ်တို့၏မျှော်လင့်ချက်များအား ဆန့်ကျင်သောအခါ၊ ကျွန်ုပ်တို့သည် သည်းခံမှုမရှိကြပါ။ ထို့ကြောင့် သူတို့၏စံပြနိုင်ငံတော်နှင့် မကိုက်ညီသောနိုင်ငံတော်ကို ယေရှုသည်ဟောပြောသောအခါ လူတို့သည် မုန်းတီးကြလိမ့်မည်။ မေရှိယသည်မည်သို့ဖြစ်သင့်သည်ဟူသော သူတို့၏ကြိုတင်မျှော်လင့်ထား



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ချက်များနှင့် မကိုက်ညီသည့် မေရှိယအဖြစ် သူသည်ကြွလာခဲ့သည်။ ထို့ကြောင့်၊ သူတို့၏မျှော်လင့်ချက်များကို ကွယ်ပျောက်စေတယ်။ ၎င်းအားကျွန်ုပ်တို့ မနှစ်သက်ကြပါ။ တစ်ခါတစ်ရံတွင် ဘာသာရေးခေါင်းဆောင်များ ချမှတ်ထားသော အစီအစဉ်ထက် များစွာခြားနားသော အစီအစဉ်တစ်ခုဖြင့် ကြွလာသောကြောင့် ယေရှုသည် မုန်းတီးခြင်းခံခဲ့ရသည်။ ကိုယ်တော်သည် အစွမ်းတန်ခိုးနှင့် ထင်ပေါ်ကျော်ကြားမှုနှင့် အခွင့်အာဏာ၊ ဘာသာရေးဆိုင်ရာအခန်းကဏ္ဍများတွင်ရှိသော သူတို့၏ဂုဏ်သိက္ခာတို့ကို ဖယ်ရှားပြီး၊ ၎င်းနှင့်မည်သို့မျှသက်ဆိုင်မှုမရှိသော နိုင်ငံတော်ကို ဟောပြောရန် ကြွလာခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အစီအစဉ်ဖြင့် ဘုရားသခင်ထံ လာသည့်အခါတိုင်း၊ နှိမ့်ချသောစိတ်နှလုံး၊ နာခံသောနှလုံးသား၊ ဘဝတွင်ကိုယ်တော်ပြုတော်မူသမျှကို ကိုးစားခြင်းဖြင့်လာရမည့်အစား ဘုရားသခင်ကို ဆန့်ကျင်ဘက်ပြုရန် မိမိကိုယ်ကို ပြင်ဆင်နေပါသည်။
>
> **ဒေါက်တာ K. Erik Thoennes**

ယခု ကျွန်ုပ်တို့သည် ကပေရနောင်မြို့အနီး ယေရှု၏လုပ်ဆောင်မှုကို ခြုံငုံလေ့လာပြီးဖြစ်၍၊ မာကု ၃:၇–၆:၁၃ တွင်တွေ့ရသော ဂါလိလဲနယ်တစ်ခွင်၌ ကိုယ်တော်၏ဓမ္မအမှုတော်ကို မည်သို့တိုးချဲ့လုပ်ဆောင်ခဲ့သည်ကို ကြည့်ကြပါစို့။

# ဂါလိလဲပြည်

ဤအဆင့်တွင်၊ ယေရှုသည် နယ်မြေသစ်များတွင် ဘုရားသခင့်နိုင်ငံတော်၏ နီးကပ်မှုကို ဟောပြောပြီး၊ ကပေရနောင်မြို့ကျော်လွန်လှည့်ပတ်ကာ ကျန်ဒေသတစ်ဝိုက်သို့ ပြောင်းရွှေ့ခဲ့သည်။ ဤနေရာဒေသများတွင် နောင်တရခြင်းနှင့် ယုံကြည်ခြင်းတို့ကို ကိုယ်တော်ဟောပြောခြင်းဖြင့်၊ လူအုပ်ကို ဆက်လက်ဆွဲဆောင်ကာ ပြင်းထန်သောဆန့်ကျင်မှုများကို လှုံ့ဆော်ပေးခဲ့သည်။

ဤအပိုင်းသည် မာကု ၃:၇-၁၂ တွင် လူများထံမှ ယေရှုထွက်ခွာခြင်းမှ အစပြုသည်။ ဤစာပိုဒ်သည် ယေရှု၏ကျော်ကြားမှုကို လျှော့ချရန် ကြိုးပမ်းခဲ့သော်လည်း နေရာတိုင်းတွင် ပျံ့နှံ့နေကြောင်း အလေးပေးခြင်းဖြင့် အပိုင်းတစ်ခုလုံးအတွက်အနေအထားကို သတ်မှတ်ပေးသည်။ သူ၏ပတ်ဝန်းကျင်တွင်စုဝေးနေကြသည့် လူအုပ်ကြီးသည် အမှုဆောင်ဖို့ရန် ကိုယ်တော်ကိုခက်ခဲစေသည်။ ဤအခက်အခဲသည် ဂါလိလဲပြည်၏အခြားဒေသများသို့ ယေရှု၏ဓမ္မအမှုတော်ကို တိုးချဲ့စေခဲ့သော အကြောင်းရင်းတစ်ခုဖြစ်သည်။

ဤဇာတ်လမ်း၏နောက်အပိုင်းသည် မာကု ၃:၁၃-၁၉ တွင် ဖတ်ရသည့်အတိုင်း ကိုယ်တော်၏နောက်လိုက်တစ်ကျိပ်နှစ်ပါးအား ကိုယ်တော်၏အထူးတပည့်တော်များအဖြစ်ခန့်အပ်ကြောင်း ဖော်ပြသည်။ ယေရှုသည် ဧဝံဂေလိတရားဟောပြောရန်နှင့် အံ့ဖွယ်အမှုများလုပ်ဆောင်ခြင်းတွင် ကူညီပေးရန် ဤတပည့်တော်တော်ဆယ့်နှစ်ပါးကို ရွေးချယ်ခဲ့သည်။ သို့သော် ထိုတပည့်တော်များထဲမှ တစ်ဦးသည် နောက်ဆုံးတွင် ယေရှုကို သစ္စာဖောက်လိမ့်မည်ဖြစ်ကြောင်း သူ၏စာဖတ်သူများကိုလည်း မာကု သတိ

ပေးခဲ့သည်။ သခင်ယေရှုကို ဆန့်ကျင်ခြင်းသည် သူ၏ရန်သူများထံမှသာမဟုတ်၊ ကိုယ်တော်၏ အရင်းနှီး ဆုံးနောက်လိုက်များမှလည်း ဖြစ်သည်။

ၿင်းနောက်၊ မာကု ၃:၂၀-၃၅ တွင်တွေ့မြင်ရသည့်အတိုင်း၊ ပညတ္တိကျမ်းဆရာများနှင့် သူ၏မိသား စုမှ ယေရှုရင်ဆိုင်ရသည့် ဆန့်ကျင်မှုများကို မာကုဖော်ပြခဲ့သည်။ ဤဇာတ်လမ်းအရ အံ့ဖွယ်တန်ခိုးဖြင့် နိုင်ငံတော်ဆိုင်ရာဧဝံဂေလိတရားကိုဖော်ပြခဲ့စဉ်တွင် ဘက်ပေါင်းစုံမှ ဆန့်ကျင်မှုကို ယေရှုသည်ရင်ဆိုင်ခဲ့ ရကြောင်း သက်သေပြသည်။ ကိုယ်တော်အား မေရှိယအဖြစ်လက်ခံမည့်အစား၊ ပညတ္တိကျမ်းဆရာများ သည် မာရ်နတ်စွဲကပ်သည်ဟု ယုံကြည်ကြပြီး၊ သူ့မိသားစုကိုယ်တိုင်သည် စိတ်ဖောက်ပြန်သွားသည်ဟု ယုံကြည်ကြသည်။

ယေရှုသည် မာကု ၄:၁-၃၄ တွင် ဘုရားသခင်၏နိုင်ငံတော်အကြောင်း ပုံဥပမာများဖြင့် ဧဝံဂေလိ တရားကို ဖော်ပြခဲ့သည်။ ယေရှုသည် မယုံကြည်သူများဝိုင်းရံသည့်အခါ ပုံဥပမာများဖြင့် သွန်သင်လေ့ရှိ သည်။ ယုံကြည်သောသူတို့အား ဘုရားသခင်၏နိုင်ငံတော်ကို ထင်ရှားစေခြင်းငှာၿင်း၊ မယုံကြည်သောသူ များအား ကွယ်ဝှက်ထားရန်ၿင်း ဤအရာကို ပြုလုပ်ခဲ့သည်။ မာကု ၄:၁၁-၁၂ တွင် တပည့်တော်တို့အား မိန့်တော်မူသည်အတိုင်း_

> ကိုယ်တော်က၊ သင်တို့သည် ဘုရားသခင့်နိုင်ငံတော်၏နက်နဲသောအရာကို သိရသောအခွင့်ရှိကြ၏။ ပြင်၌ရှိသော ထိုသူတို့မူကား၊ မြင်လျက်ပင် အာရုံမပြုဘဲမြင်၍၊ ကြားလျက်ပင် အနက်ကိုနားမလည်ဘဲ ကြားသဖြင့်၊ သူတို့အကျင့်မပြောင်းလဲ၊ အပြစ်မလွှတ်ရသည်တိုင်အောင် သူတို့အား ဟောသမျှကို ဥပမာအားဖြင့် ဟောရ၏ (မာကု ၄:၁၁-၁၂)။

ဝမ်းနည်းစရာမှာ၊ တစ်ခါတစ်ရံ ယေရှု၏ပုံဥပမာများသည် တပည့်တော်များကို စိတ်ရှုပ်ထွေး စေသည်။ သို့သော် ယေရှုသည် မိမိ၏အဓိပ္ပာယ်ကို သူတို့နားလည်နိုင်စေရန် သီးသန့်ရှင်းပြသည်။

မာကု၏ဇာတ်လမ်း၏ ဤအပိုင်းရှိ ပုံဥပမာများ၏ အဓိကအချက်သည် ဧဝံဂေလိတရား ပြန့်ပွား မှုအားဖြင့် နှေးကွေးသောတိုးတက်မှုဖြစ်စဉ်ကာလကြာပြီးမှသာ ဘုရားသခင်သည် သူ၏နိုင်ငံတော်၏ ပြည့်စုံမှုကို ယူဆောင်လာမည်ဖြစ်သည်။ ယေရှုသည် ဘုရားသခင်၏နိုင်ငံတော်ကို မြေကြီးပေါ်သို့ ယူ ဆောင်လာသည်။ သို့သော် ၎င်းကို ကာလကြာရှည်စွာကပင် လုပ်ဆောင်နေခဲ့ပြီး၊ ကိုယ်တော်တွေ့ကြုံ သကဲ့သို့ သူ့နောက်လိုက်များသည်လည်း ဆင်းရဲဒုက္ခနှင့် ဆန့်ကျင်မှုများကို ရင်ဆိုင်ရန်လိုအပ်သည်။

ယေရှု၏ပုံဥပမာများနှင့်ပတ်သက်သည့် မာကု၏မှတ်တမ်းကို မာကု ၄:၃၅–၅:၄၃ တွင် တန်ခိုးပြ သမှုများစွာဖြင့် ဖော်ပြထားသည်။ ဤတွင်၊ ယေရှုသည် ရာသီဥတုကို ထိန်းချုပ်ခြင်း၊ နတ်ဆိုးများကို နှင် ထုတ်ခြင်း၊ အနာရောဂါကိုကုသပေးကာ လူသေများကိုရှင်စေခဲ့ကြောင်း မာကုဖော်ပြသည်။ ဤအဖြစ် အပျက်တိုင်းတွင် လူများသည်အန္တရာယ်နှင့် ရင်ဆိုင်ရာတွင် ကြောက်လန့်ကြသည်။ သို့သော် ယေရှုသည် သူတို့ကို အံ့ဖွယ်နည်းဖြင့် ကယ်တင်ပြီးနောက်၊ ဤတန်ခိုးကြီးသူသည် အမှန်တကယ်ပင် မည်သူဖြစ် သည်ကို မသိနားမလည်သောကြောင့် သူတို့၏ ထိတ်လန့်မှုများ တိုးပွားလာသည်။

> တပည့်တော်များ၊ ယေရှု၏နောက်လိုက်များသည် ယေရှုသည် အံ့သြဖွယ်ကောင်းသည့်အရာများကို လုပ်ဆောင်နေသည်ကို တွေ့မြင်ရသောအခါ တစ်ခါတစ်ရံ ကြောက်ရွံ့ကြကြောင်း ခရစ်ဝင်ကျမ်းတွင်ဖော်ပြသည်။ သူတို့သည် ဘုရားသခင် အမှုပြုသောအခါတွင် ကြောက်ရွံ့မှုကို ဖော်ပြကြသည်။ ဥပမာ၊ မာကု ၄ တွင်၊ တပည့်တော်များသည် ပင်လယ်ပြင်တွင် မုန်တိုင်းကြီးတစ်ခုကြားတွင် ရှိနေကြသည်။ လှိုင်းတံပိုးများသည် လှေထဲသို့ပြည့်နေပြီး လှေသည်နစ်လုမတတ်ရှိကာ ယေရှုသည် ပဲ့ပေါ်တွင် အိပ်ပျော်နေသည်။ ထို့ကြောင့် သူတို့သည် ယေရှုကို နှိုးပြီး လှိုင်းတံပိုးများမှ ကယ်တင်နိုင်မည်ဟု မျှော်လင့်ကာ "အရှင်ဘုရား၊ အကျွန်ုပ်တို့သည် ပျက်စီးခြင်းသို့ရောက်သည်ကို လျစ်လျူသောစိတ် ရှိတော်မူသလော" ဟု ဆိုကြသည်။ ထိုအခါ ယေရှုသည်ထ၍ လေနှင့်ပင်လယ်တို့ကို ငြိမ်စေတော်မူသည်။ ထို့ကြောင့်၊ သူတို့သည် ကယ်တင်ခံရပြီးသော်လည်း၊ မုန်တိုင်းကို အလွန်ကြောက်ခဲ့ကြသည်၊ ယခု သူတို့သည်ကြီးစွာသောကြောက်ရွံ့မှုနှင့် ပြည့်နေကြောင်း မာကုသည်ဖော်ပြသည်။ ထိုသို့ဆိုပါက အဘယ်ကြောင့်သူတို့ကြောက်ကြသနည်း။ မုန်တိုင်းမရှိတော့ပါ၊ ပင်လယ်ရေသည် ငြိမ်သက်နေသည်။ လေနှင့်ရေလှိုင်းများကို ထိန်းနိုင်သော တစ်ဦးတည်းသောပုဂ္ဂိုလ်သည် လေနှင့်ရေလှိုင်းများကို ဖန်ဆင်းထားသောဘုရားသခင်ကိုယ်တိုင် ဖြစ်သည်ကို သူတို့သိသောကြောင့် ကြောက်ကြသည်။ လေနှင့်လှိုင်းတံပိုးများကို ငြိမ်စေသော ဘုရားသခင်ကိုယ်တော်တိုင်နှင့်အတူ သူတို့သည် လှေပေါ်တွင်အတူရှိနေကြောင်း သူတို့သဘောပေါက်ကြသည်။ ထိုဘုရားသည် မည်သို့သောဘုရားသခင်မျိုးဖြစ်သည်ကို သူတို့မသိသေးသောကြောင့် ကြောက်ကြသည်ဟု ထင်ပါသည်။ သူတို့သည် ယေရှုနှင့်အတူရှိနေကြသော်လည်း ယေရှု၏စရိုက်ကို မသိကြ။
>
> **ဒေါက်တာ Frank Thielman**

ဤအစွမ်းတန်ခိုးပြပြီးနောက် မာကုသည် မာကု ၆:၁-၆ တွင် သူ၏ဇာတိနာဇရက်မြို့၌ ယေရှုကြုံတွေ့ရသည့် ဆန့်ကျင်မှုအကြောင်း ရေးသားခဲ့သည်။ ဤဇာတ်လမ်းသည် သူ၏ဓမ္မအမှုတော်တွင် လူများစွာသည် ယေရှုကို ပြင်းထန်စွာဆန့်ကျင်ကြောင်း ထပ်လောင်းအလေးပေးဖော်ပြသည်။ သူ၏ဧဝံဂေလိတရားသည် တန်ခိုးနှင့်ပျံ့နှံ့သွားပြီး သူ့နောက်လိုက်သောလူများ တိုးပွားလာသည်။ သို့သော်သူ၏ဇာတိမြို့မှလူများသည် ကိုယ်တော်နှင့် သူ၏ဧဝံဂေလိတရားကို ငြင်းပယ်ခဲ့ကြသည်။

နောက်ဆုံးတွင်၊ ဂါလိလဲပြည်၌ ယေရှု၏ဓမ္မအမှုတော်မှတ်တမ်းသည် မာကု ၆:၇-၁၃ တွင် တပည့်တော်တစ်ဆယ့်နှစ်ပါးစေလွှတ်ခြင်းနှင့်အတူ နိဂုံးချုပ်ထားသည်။ သခင်ယေရှုသည် သူ၏တပည့်တော် ၁၂ ဦးကို နိုင်ငံတော်ဆိုင်ရာဧဝံဂေလိတရားဟောပြောရန်နှင့် ပါလက်စတိုင်းတစ်ပြည်လုံးတွင် အံ့ဖွယ်အမှုများပြုလုပ်ရန် စေလွှတ်ခဲ့သည်။ သို့သော် တပည့်တော်များသည် နောင်တရခြင်းနှင့် ယုံကြည်ခြင်းဆိုင်ရာဧဝံဂေလိတရားကို ဝေမျှသောအခါ၊ လူတို့သည် ကိုယ်တော်အား တုံ့ပြန်ခဲ့သည့်နည်းအတိုင်း ၎င်းတို့အား တုံ့ပြန်ကြမည်ဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြခဲ့သည်။ လူတစ်ချို့သည် လက်ခံကြသော်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လည်း အချို့တို့သည် ငြင်းပယ်ကြသည်။ ဘုရားသခင့်နိုင်ငံတော်သည် ဆန့်ကျင်မှုများကြားမှ ဆက်လက်ကြီးထွားလာကြောင်း ယေရှုအစဉ်သွန်သင်ခဲ့သည်။

ကပေရနောင်မြို့အနီးနှင့် ဂါလိလဲပြည်ပတ်ဝန်းကျင်တွင် ယေရှု၏ဝေဖန်ပိုင်းအမှုတော်လုပ်ဆောင်မှုကို ဖော်ပြပြီးနောက်၊ မာကုသည် ဂါလိလဲပြည်ကျော်လွန်၍ ယေရှု၏ဓမ္မအမှုတော်တွင် မေရှိယ၏တန်ခိုးကို အာရုံစိုက်လာခဲ့သည်။

## ဂါလိလဲပြည်ကျော်လွန်၍

ဂါလိလဲပြည်ကျော်လွန်၍ ယေရှု၏အမှုတော်ကို မှတ်တမ်းတင်ရာတွင်၊ မာကုသည် ကျွန်ုပ်တို့မြင်ပြီးသောအကြောင်းအရာအချို့ကို ဆက်လက်အလေးပေးဖော်ပြခဲ့သည်။ နိုင်ငံတော်ဆိုင်ရာကြေငြာချက်၏ အားကောင်းသောပျံ့နှံ့မှုနှင့် စိတ်အားထက်သန်သောလူအုပ်၏တုံ့ပြန်မှုနှင့် ယေရှုအားဆန့်ကျင်သူအရေအတွက် တိုးလာခြင်းတို့ကို သူဖော်ပြသည်။

သို့သော်လည်း မာကုသည်နည်းလမ်းသစ်များဖြင့် တပည့်တော်များအပေါ် အာရုံစိုက်လာသည်။ ခက်ခဲသောနေ့ရက်များအတွက် ယေရှုလေ့ကျင့်ပေးသည့်နည်းလမ်းများကို သူအလေးပေးဖော်ပြခဲ့သည်။ ထိုမှတပါး ကိုယ်တော်၏သွန်သင်ချက်ကို သူတို့နားလည်မှုလွဲကာ သူ့အပေါ်ထားရှိသည့် ကတိကဝတ်များကို ပျက်ကွက်စေသည့်နည်းလမ်းများကို အာရုံစိုက်ခဲ့သည်။

ဂါလိလဲပြည်ကျော်လွန်၍ ယေရှု၏ဓမ္မအမှုတော်အကြောင်း မာကု၏ဖော်ပြမှုသည် မာကု ၆:၁၄-၂၉ တွင် ယေရှု၏ကျော်ကြားမှုကို အလေးပေးခြင်းဖြင့် စတင်သည်။

ယခင်၊ ယေရှုသည် ကပေရနောင်မြို့တစ်ဝိုက်တွင် သူ၏ဓမ္မအမှုတော်ကို ကန့်သတ်ထားချိန်၊ သူ၏ကျော်ကြားမှုသည် ဂါလိလဲနယ်တစ်ခုလုံးသို့ ပျံ့နှံ့သွားခဲ့သည်။ ယခုမူ သူ၏ကျော်ကြားမှုသည် သူ၏ရှေ့တွင် ဆက်လက်ရှိနေခဲ့သည်။ ယေရှုသည် ဂါလိလဲပြည်၏အစွန်အဖျားတွင်ရှိတော်မူစဉ်၊ ကိုယ်တော်၏ကျော်ကြားမှုသည် ပါလက်စတိုင်းတစ်ခွင်တွင်ပျံ့နှံ့သွားပြီး ဘုရင်ဟေရုဒ်အထိပင်ရောက်ရှိခဲ့သည်။ မာကုသည်လည်း ယေရှုမည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ရန် ဤအခွင့်အရေးကို အသုံးပြုခဲ့သည်။ အထူးသဖြင့်၊ ဟေရုဒ်မင်းကြီးသည် ယောဟန်ကိုသတ်ခဲ့သောကြောင့် ယေရှုသည် နှစ်ခြင်းဆရာယောဟန်မဖြစ်နိုင်ကြောင်း မာကုရှင်းပြသည်။

ထို့နောက် မာကုသည် မာကု ၆:၃၀-၅၆ တွင် အံ့ဖွယ်အမှုများများစွာကို ဖော်ပြခဲ့သည်။ ဤအပိုင်းတွင် ယေရှုသည် လူအုပ်ထဲမှ ဆုတ်ခွာရန် ကြိုးပမ်းခြင်းဖြင့် အစပြုကာ၊ ထို့နောက်တွင် လူအုပ်ကြီးသည် အဘယ်ကြောင့် စုဝေးခဲ့ကြသည်ကို သက်သေပြသည့် တန်ခိုးတော်လုပ်ဆောင်မှုများစွာကို ဖော်ပြသည်။ ယေရှုသည် လူ ၅,၀၀၀ နှင့် လူ ၄,၀၀၀ ကိုကျွေးမွေးကာ၊ ဂါလိလဲပင်လယ်ပေါ်တွင် လမ်းလျှောက်ကာ မျက်မမြင်များနှင့် နားမကြားသူများကို ကုသပေးခြင်းဖြင့် သူ၏တန်ခိုးကိုပြသခဲ့သည်။ ကိုယ်တော်၏ အံ့ဖွယ်အမှုများသည် ဖန်ဆင်းခြင်းအားလုံးအပေါ် သူ၏မငြင်းပယ်နိုင်သောထိန်းချုပ်မှုကို ပြသခဲ့သည်။ ထိုတန်ခိုးကြီးသော အံ့ဖွယ်အမှုများကြောင့်၊ လူများတို့သည် ယေရှုသွားလေရာ လိုက်ကြသည်။ တစ်ခါတစ်ရံ သူ၏ရှေ့ကိုပင် ရောက်ရှိ၍နေကြသည်။

ယေရှု၏အံ့ဖွယ်အမှုများပြီးနောက်၊ မာကုသည် မာကု ၇:၁-၂၃ တွင် ဖာရိရှဲများ၏ ဆက်လက်ဆန့်ကျင်မှုကို ဖော်ပြခဲ့သည်။ ယေရှုနှင့် ဖာရိရှဲများသည် ဓမ္မဟောင်းပညတ်တရား၊ ထုံးတမ်းစဉ်လာတန်ဖိုးနှင့် သန့်ရှင်းခြင်းသဘောသဘာဝကို လိုက်နာရန်သင့်လျော်သောနည်းလမ်းနှင့်ပတ်သက်၍ ငြင်းခုံခဲ့ကြသည်။ ရလဒ်သည်၊ ယေရှုနှင့် သြဇာကြီးမားသော ဂျူးပါတီများကြား သဘောထားတင်းမာမှုတိုးလာခဲ့သည်။

နောက်ဆုံးတွင် မာကုသည် ၇:၂၄–၈:၂၆ တွင် အခြားအံ့ဖွယ်အမှုများကို ဖော်ပြခဲ့သည်။ ဤအပိုင်းသည် လူစုလူဝေးကို ရှောင်ရှားရန်နှင့် တားဆီးရန်ကြိုးစားသည့် ယေရှုအကြောင်း ဖော်ပြချက်များနှင့် အစပြုကာ အဆုံးသတ်သည်။ ထိုဖော်ပြချက်များကြားတွင်၊ ယေရှုသည် ဂျူးများနှင့် တစ်ပါးအမျိုးသားများကြားတွင် အံ့ဖွယ်အမှုများစွာ ပြုလုပ်ခဲ့ကြောင်း ဖော်ပြသည်။ တစ်ပါးအမျိုးသားအချို့တို့သည် ကိုယ်တော်ကို ယုံကြည်ကြောင်း မှတ်တမ်းတင်ထားသည်။

ဤအံ့ဖွယ်အမှုများစာရင်းအလယ်တွင်၊ မာကုသည် ယေရှု၏တပည့်တော်များ၏ ချို့ယွင်းချက်များကို အထူးအာရုံစိုက်ခဲ့သည်။ သူ၏ဓမ္မအမှုတော်ကနဦးတွင်၊ တပည့်တော်များသည် မာကု ၄:၁၃ တွင် တွေ့ရသည့်အတိုင်း၊ မျိုးစေ့ကြဲသူပုံဥပမာကို နားမလည်ခဲ့ကြပါ။ သူတို့သည် ကိုယ်တော်၏သွန်သင်ချက်အချို့ကို နားမလည်နိုင်ကြသေးပါ။ ထို့ကြောင့် ယေရှုသည် သူတို့ကို တိုက်ရိုက်ရင်ဆိုင်ခဲ့သည်။ မာကု ၈:၁၄-၁၇ တွင် မာကု၏မှတ်တမ်းကို နားထောင်ပါ_

> တပည့်တော်တို့သည် မုန့်ကိုယူခြင်းငှာ မေ့လျော့နေကြသဖြင့်၊ လှေပေါ်မှာသူတို့၌ မုန့်တစ်လုံးတည်းသာရှိ၏။ ကိုယ်တော်ကလည်း၊ ဖာရိရှဲတို့၏တဆေးကိုလည်း ကောင်း၊ ဟေရုဒ်၏တဆေးကိုလည်းကောင်း၊ သတိနှင့်ကြဉ်ရှောင်ကြဟု ပညတ်တော်မူ၏။ တပည့်တော်တို့သည်လည်း၊ ငါတို့၌မုန့်မပါသောကြောင့် ဤစကားကို မိန့်တော်မူသည်ဟု အချင်းချင်းဆွေးနွေးပြောဆိုကြ၏။ ယေရှုသည်သိတော်မူလျှင်၊ သင်တို့၌မုန့်မပါသည်ကိုထောက်၍ အဘယ်ကြောင့်အချင်းချင်းဆွေးနွေးပြောဆိုကြသနည်း။ ယခုတိုင်အောင်နှလုံးမသွင်း၊ နားမလည်ကြသလော။ သင်တို့စိတ်နှလုံးမိုက်သေးသလော (မာကု ၈:၁၄-၁၇)။

ဝိညာဉ်ရေးဖောက်ပြန်ခြင်းအကြောင်း ယေရှုပြောနေသော်လည်း၊ တပည့်တော်များသည် အစာအိမ်အတွက် မုန့်အကြောင်းပြောနေသည်ဟု ထင်ကြသည်။ သူတို့အား အဘယ်ကြောင့် ယေရှုစိတ်ပျက်သည်ကို သိမြင်ရန် လွယ်ကူသည်။

မေရှိယအဖြစ် ယေရှု၏တန်ခိုးတော်အကြောင်း မာကု၏ဖော်ပြချက်တစ်လျှောက်တွင်၊ ယေရှု၏အံ့ဖွယ်အမှုများနှင့် သွန်သင်ချက်များသည် ခရစ်တော်အမှန်တကယ်ဖြစ်ကြောင်း အတည်ပြုသည်။ ထိုသို့ဆိုလျှင်၊ လူများသည် သူ့ကိုမည်သည့်အတွက်ကြောင့် ဆန့်ကျင်ကြသနည်း။ အဘယ်ကြောင့် သူ့ကို ငြင်းပယ်ကြသနည်း။ သူ၏တပည့်တော်များသည်ပင် သူ့ကိုနားလည်ဖို့ရန်နှင့် နောက်တော်သို့လိုက်ရန် အဘယ်ကြောင့် အခက်အခဲရှိကြသနည်း။ အကြောင်းမှာ ယေရှုသည် လူများမျှော်လင့်ထားသည့် မေရှိယပုံစံမဟုတ်သောကြောင့်ဖြစ်သည်။ သူတို့မျှော်လင့်ထားသည့်အတိုင်း နိုင်ငံရေးလွှမ်းမိုးမှုသို့ တက်လှမ်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မည့်အစား၊ ဧဝံဂေလိတရားကို ဟောပြောရန်နှင့် အခြားသူများ၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးရန် သူ၏တန်ခိုးကို အသုံးပြုခဲ့သည်။

ပထမရာစုအထောက်အထားများအရ ဂျူးများသည် အထူးသဖြင့် ရောမတို့ကို နှင်ထုတ်၊ အနိုင်ယူကာ ယေရုရှလင်မြို့ကို ဗဟိုပြုသည့်ဘုရားသခင့်နိုင်ငံတော်ကို တည်ထောင်မည့် နိုင်ငံရေးနှင့် စစ်ဘက်ဆိုင်ရာမေရှိယကို ရှာဖွေနေကြသည်။ ထို့ကြောင့်၎င်းသဘောအရ အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်ကြသည်။ ယေရှုသည် ထိုအမျိုးသားရေးစိတ်ဓာတ်ကို ပြည့်စုံစေမည့် အရိပ်အယောင်များ မပြခဲ့။ ၎င်းအစား သူ့ထံ၌သာ၍ကြီးသောရူပါရုံရှိခဲ့သည်။ ရောမတို့အကြောင်းမဟုတ်၊ ၎င်းသည် ဖန်ဆင်းခြင်းနှင့်သက်ဆိုင်သည်။ ဖန်ဆင်းခြင်းသည် ပြိုလဲသည့်အခြေအနေတွင်ရှိပြီး၊ ယေရှုသည် ပြိုလဲခြင်းကို နောက်ပြန်လှည့်ရန်၊ မြေကြီးပေါ်တွင် ဘုရားသခင်၏နိုင်ငံတော်ကို တစ်ဖန်တည်ထောင်ရန် ကြွလာခဲ့သည်။ ထိုနိုင်ငံတော်သည် အပြစ်အားအနိုင်ယူခြင်း၊ စာတန်အားအနိုင်ယူခြင်း၊ သေခြင်းအား အနိုင်ယူခြင်းကို ဆိုလိုသည်။ ထို့ကြောင့်၊ ယေရှုသည် နိုင်ငံရေးအောင်ပွဲ၊ စစ်ရေးအောင်မြင်ခြင်းထက် သာ၍ကြီးမြတ်သောအောင်မြင်ခြင်းကို ကြည့်ရှုသည်။

**ဒေါက်တာ Mark L. Strauss**

ဂျူးလူမျိုးများသည် ဣသရေလနိုင်ငံတော် ပြန်လည်ထူထောင်ရန် တစ်စုံတစ်ဦးအား နှစ်ပေါင်းငါးရာခြောက်ရာခန့် မျှော်လင့်ခဲ့ကြသည်။ သူတို့၌ ရှင်ဘုရင်မရှိ၊ ကိုယ်ပိုင်လွတ်လပ်ခွင့် မရှိကြပါ။ ထို့ကြောင့် ပထမရာစုပါလက်စတိုင်းတွင် သဘောထားတင်းမာမှုများ အများအပြားရှိပြီး၊ ယေရှုသည် နိုင်ငံတော်အကြောင်းကို ကြွေးကြော်ကာ မေရှိယဖြစ်ကြောင်း အရိပ်အမြွက်ပြောလာသောအခါ၊ သူ၏ပြောသောစကားကိုနားထောင်ရန် လူတို့သည် အမှန်တကယ်ပင် စိတ်ဝင်စားမှုရှိကြသည်။ သူတို့မည်သည့်အရာကို မျှော်လင့်နေကြသနည်း။ ဗိမာန်တော်ကို ပြန်လည်တည်ဆောက်မည့်သူ တစ်စုံတစ်ဦးကို သူတို့ မျှော်လင့်နေခဲ့သည်—ယခု ဗိမာန်တော်ကို တစ်ပါးအမျိုးသားဘုရင်ဟေရုဒ် ပြန်လည်တည်ဆောက်ခဲ့သည်—၎င်းဗိမာန်တော်သည် အမှန်တကယ်ဘုရားရှင်အလိုတော်ရှိ၊ မရှိ သံသယများ ရှိခဲ့ကြသည်။ ထို့ထက်မက၊ သူတို့သည် ဓမ္မဟောင်းကျမ်းတွင် ကိုယ်တော်ပေးခဲ့သော ကတိတော်များကိုပြည့်စုံစေရန် ဣသရေလလူမျိုးကို ရွေးနှုတ်မည့်ဘုရားသခင်ကို တောင့်တခဲ့ကြသည်။ ဘုရားသခင်သည် သူ၏ကတိတော်များအား မည်သည့်နေရာတွင် ဖြည့်ဆည်းပေးမည်နည်း။ ၎င်းအချက်သည် သူတို့အထူးရှာဖွေနေသောအရာဖြစ်ပြီး၊ ဆိုလိုရင်းအားဖြင့်၊ သူတို့သည် ရောမတို့၏ သိမ်းပိုက်မှုအောက်တွင်ရောက်နေကာ၊ ဘုရားသခင်သည် သူ၏ကတိတော်များကို ဖြည့်ဆည်းသောအခါ ရောမလူမျိုးများအား ဖယ်ရှားပစ်မည်ဟူ၍ဖြစ်သည်။ သူတို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သည် နိုင်ငံရေးအရလွတ်လပ်မှုကို မျှော်လင့်နေပုံရသည်။ သို့ဆိုလျှင် ဓမ္မသစ်ကျမ်းတွင် ကျွန်ုပ်တို့တွေ့ရသောအရာမှာ ယေရှုသည် မေရှိယဖြစ်ပြီး၊ ကိုယ်တော်သည် ဗိမာန်တော်ကို ပြန်လည်တည်ဆောက်မည့်သူဖြစ်သည်—အမှန်စင်စစ်သူသည် စစ်မှန်သောဗိမာန်တော်ဖြစ်လိမ့်မည်—ထို့ပြင် သူသည်နိုင်ငံတော်ကိုလည်းယူဆောင်လာမည့်သူဖြစ်လိမ့်မည်။ သို့သော်ငင်းနိုင်ငံတော်သည် နိုင်ငံရေးအရ အမျိုးအခိုကင်းသောဂျူးနိုင်ငံ မဟုတ်ပါ။ အမှန်တကယ်၊ ယေရှုခရစ်သည်ကမ္ဘာတစ်ဝှမ်းလုံးတွင် ရှင်ဘုရင်ဖြစ်တော်မူကြောင်း သတင်းဖြစ်လိမ့်မည်။ ထို့ကြောင့် ၎င်းသည်သူတို့မျှော်လင့်ထားသည်ထက် အနည်းငယ်ကွာခြားသော်လည်း၊ ကတိပြုထားသည့်အရာ၏ နက်နဲသောပြည့်စုံမှုတစ်ခုဖြစ်သည်။
>
> **ဒေါက်တာ Peter Walker**

မာကု၏မူရင်းစာဖတ်သူများသည် တပည့်တော်တစ်ဆယ့်နှစ်ပါးခံစားခဲ့ရသည့် မေရှိယသခင်ယေရှု၏ခံစားမှုမျိုး အလားတူသဘောထားတင်းမာမှုကို ကြုံတွေ့ကြပေမည်။ ရောမမြို့ရှိ အသင်းတော်သည် ခရစ်ယာန်ဘာသာကို ကောင်းစွာလက်ခံသည့်အချိန်၌ စတင်ခဲ့သည်။ ကနဦးအသင်းတော်အများစုကဲ့သို့ပင်၊ သူတို့သည် မြေကြီးပေါ်၌ ကိုယ်တော်၏နိုင်ငံတော်ကိုပြီးပြည့်စုံစေရန် အလျင်အမြန်ပြန်လာရန် ယေရှုအားမျှော်လင့်ကြသည်။ သို့သော် ထိုအစား၊ ကုန်လွန်သွားသောနှစ်များသည် Nero လက်အောက်တွင် ကြောက်မက်ဖွယ်ဆင်းရဲဒုက္ခများနှင့် နှိပ်စက်ညှဉ်းပန်းမှုများကို ယူဆောင်လာခဲ့သည်။ ထို့ကြောင့်၊ ယေရှုသည် သူ၏နောက်လိုက်များ မျှော်လင့်ထားသည့်အရာများကို အစဉ်မလုပ်ဆောင်သော်လည်း၊ ယေရှုသည် အမြဲတမ်းတန်ခိုးရှိသောမေရှိယဖြစ်ကြောင်း မာကု ရှင်းလင်းစွာဖော်ပြသည်။ သူသည် တန်ခိုးကြီးသောမေရှိယဖြစ်သောကြောင့်၊ အချိန်တန်သောအခါ၊ သူသည် ကတိတော်အတိုင်း သူ၏နိုင်ငံတော်ကို ပြီးပြည့်စုံစွာအောင်ပွဲခံလိမ့်မည်ဟု ယုံကြည်သူများအနေဖြင့် ယုံကြည်စိတ်ချနိုင်ပါသည်။ သို့သော် ထိုအတောအတွင်း၊ သူသည် သခင်ဖြစ်နေဆဲဖြစ်ပြီး ကျွန်ုပ်တို့ရင်ဆိုင်တွေ့ကြုံရသမျှ ပြဿနာများတွင် ကူညီထောက်မပေးနိုင်သည်။

မေရှိယ၏တန်ခိုးကိုဖော်ပြသည့် မာကု၏ရှည်လျားသောဇာတ်ကြောင်းပြီးနောက်၊ ကျွန်ုပ်တို့သည် သူ၏ခရစ်ဝင်ကျမ်း၏တတိယအဓိကအပိုင်းသို့ရောက်ရှိနေပြီဖြစ်သည်_ ၈:၂၇-၃၀ တွင် တမန်တော်များ၏မေရှိယဖြစ်ကြောင်း မှတ်တမ်းတင်ထားသည့်အတည်ပြုချက် အပိုင်းတိုလေးဖြစ်သည်။

## မေရှိယအကြောင်း တမန်တော်များ၏အတည်ပြုချက်

ကဲသရိပြည် ဖိလိပ္ပိသို့သွားရာလမ်း၌ ထင်ရှားသည့်အဖြစ်အပျက်သည် ယေရှုသည် ခရစ်တော်ဖြစ်ကြောင်းဝန်ခံမှုကို သူ၏တပည့်တော်များထံမှ ဖော်ထုတ်ခဲ့သည်။ Markan ပညာရှင်အားလုံးနီးပါးသည် ၎င်းသည် မာကု၏ခရစ်ဝင်ကျမ်း၏ဗဟိုချက်သွင်ပြင်များဖြစ်ကြောင်းသဘောတူသည်။

ခရစ်ဝင်ကျမ်း၏ပထမအခန်းငယ်တွင် မာကုသည် "ဘုရားသခင်၏သားတော်ယေရှုခရစ်၏ ဧဝံဂေလိတရား၏အစကိုဆိုပေအံ့" ဟုရေးခဲ့သည်။ ယေရှုသည် “ခရစ်တော်” မေရှိယဖြစ်သည်။ သို့သော်

ထိုအခန်းငယ်မှလွဲ၍ "ခရစ်တော်" ဟူသောစကားလုံးသည် မာကု၏ခရစ်ဝင်ကျမ်းတွင် မည်သည့်နေရာတွင်မှ ပေါ်မလာတော့ပါ။ မာကုသည် ယေရှုကို ခရစ်တော်အဖြစ် မဆိုခဲ့ပါ။ တပည့်တော်များသည် ကိုယ်တော်ကို ခရစ်တော်ဟု ခေါ်ဝေါ်ကြကြောင်းကိုလည်းကောင်း၊ မျက်မြင်တွေ့ရှိသူများသည်လည်း ခရစ်တော်ဖြစ်သည်ဟူ၍လည်းကောင်း၊ နတ်ဆိုးများသည် ခရစ်တော်ဟူသောအသုံးအနှုန်းကိုပင် အသုံးပြုခဲ့ကြသည်ဟူ၍လည်းကောင်း သူဖော်ပြခဲ့ခြင်းမရှိပါ။

ယေရှုကို ဖော်ထုတ်ရန် ကြိုးစားသူတိုင်းနီးပါးသည် လွဲမှားကြသည်။ ကိုယ်တော်သည် အံ့ဖွယ်အမှုပြုလုပ်သူမျှသာ၊ သို့မဟုတ် ပရောဖက်တစ်ဦး၊ သို့မဟုတ် နှစ်ခြင်းဆရာယောဟန်၊ သို့မဟုတ် ရူးသွပ်သောသူ၊ သို့မဟုတ် ဗေလဇေဗုလစွဲကပ်သော နတ်ဆိုးတစ်ဦးဖြစ်သည်ဟု သူတို့ထင်ခဲ့ကြသည်။ သို့သော် ယခုအချိန်တွင်၊ ယေရှုသည် မိမိမည်သူဖြစ်သည်ကို တပည့်တော်များသိမြင်စေရန် ဖော်ပြချိန်တန်ပြီဟု ဆုံးဖြတ်ခဲ့သည်။ မာကု ၈:၂၇-၂၉ တွင် သူတို့၏ ပြေကြားချက်များကို နားထောင်ပါ_

> [ယေရှု] သည် "ငါ့ကိုအဘယ်သူဖြစ်သည်ဆိုကြသနည်းဟု တပည့်တော်တို့ကို မေးမြန်းတော်မူလျှင်၊" လူအချို့က ကိုယ်တော်သည် ဗတ္တိဇံဆရာယောဟန်ဖြစ်သည်ဟူ၍လည်းကောင်း၊ အချို့က ဧလိယဖြစ်သည်ဟူ၍လည်းကောင်း၊ အချို့ကပရောဖက်တစ်ပါးပါး ဖြစ်သည်ဟူ၍လည်းကောင်းဆိုကြပါ၏ လျှောက်ကြသော်၊ သင်တို့သည်ငါ့ကိုအဘယ်သူဖြစ်သည် ဆိုကြသနည်းဟု မေးမြန်းတော်မူလျှင်၊ ပေတရုက၊ ကိုယ်တော်သည်ခရစ်တော်ဖြစ်တော်မူသည်ဟု လျှောက်လေ၏ (မာကု ၈:၂၇-၂၉)။

အခန်းကြီး ၈ ခန်းပြီးနောက်၊ တမန်တော်များသည် ယေရှုသည် ခရစ်တော်၊ မေရှိယ၊ ဘုရားသခင်၏နိုင်ငံတော်ကို ယူဆောင်လာသူဖြစ်သည်ဟူသော ယုံကြည်ချက်ကို နောက်ဆုံးတွင် အတည်ပြုခဲ့သည်။

မေရှိယနှင့်ပတ်သက်၍ တမန်တော်များ၏အတည်ပြုချက်ပြီးနောက်၊ မာကု၏ခရစ်ဝင်ကျမ်း၏ စတုတ္ထအဓိကအပိုင်းသည် မေရှိယ၏ဆင်းရဲဒုက္ခနှင့်ပတ်သက်သည်။ ဤအပိုင်းသည် ၈:၃၁–၁၅:၄၇ တွင် တွေ့ရသည်။

သူ၏ခရစ်ဝင်ကျမ်း၏ပထမတစ်ဝက်တွင်၊ မာကုသည် ယေရှု၏တန်ခိုးကြီးသောဓမ္မအမှုတော်သည် ယေရှုသည်ခရစ်တော်ဖြစ်ကြောင်း ဘုန်းကြီးသောအတည်ပြုချက်သို့တိုင်အောင် မည်သို့ပို့ဆောင်ပေးသည်ကို အာရုံစိုက်ခဲ့သည်။ သို့သော် ဤအချိန်တွင်၊ မာကုသည် ယေရှု၏ မေရှိယဆိုင်ရာလုပ်ငန်း၏ ကွဲပြားသောရှုထောင့်_ ယေရုရှလင်မြို့၌ ကိုယ်တော်၏ဆင်းရဲဒုက္ခနှင့် သေဆုံးခြင်းကို အလေးပေးဖော်ပြခဲ့သည်။

## ဆင်းရဲဒုက္ခခံရသော မေရှိယ

မေရှိယ၏ဆင်းရဲဒုက္ခဆိုင်ရာ မာကု၏မှတ်တမ်းတွင် အဓိကအပိုင်းသုံးပိုင်းခွဲထားသည်။ ယေရှု၏ ဆင်းရဲဒုက္ခနှင့်သေခြင်းအတွက် တပည့်တော်များအားပြင်ဆင်ပေးခြင်း၊ ယေရုရှလင်မြို့ရှိ ဂျူးခေါင်းဆောင်များနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ခြင်း၊ နောက်ဆုံးတွင် ကိုယ်တော်၏ဆင်းရဲဒုက္ခနှင့်သေခြင်းကို

တွေ့ကြုံခြင်း ဖြစ်သည်။ မာကု ၈:၃၁–၁၀:၅၂ တွင် သူ၏ပြင်ဆင်မှုမှအစပြု၍ ဤအပိုင်းတစ်ခုစီကို ကျွန်ုပ်တို့လေ့လာပါမည်။

## ပြင်ဆင်ခြင်း

ယေရှု၏တပည့်တော်များအားပြင်ဆင်ခြင်းကို ဖော်ပြသည့်အကြောင်းအရာအား အဓိကအပိုင်း သုံးပိုင်းခွဲနိုင်ပြီး၊ တစ်ခုစီသည် ကိုယ်တော်၏ဆင်းရဲဒုက္ခ၊ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့ကို ကြို တင်မိန့်တော်မူခြင်းဖြင့် အစပြုသည်။ ပထမအပိုင်းသည် မာကု ၈:၃၁–၉:၂၉ တွင် နိုင်ငံတော်၏ အရှင် သခင်အဖြစ် ယေရှုကို အထူးပြုသည်။

မာကု ၈:၃၁–၉:၁ တွင် ယေရှု၏ဘုန်းကြီးသောနိုင်ငံတော်ကို မြေကြီးပေါ်သို့ ယူဆောင်လာရန် ယေရှု၏မျှော်လင့်မထားသောနည်းဗျူဟာ—ယေရှု၏ဆင်းရဲဒုက္ခ၊ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း— ကို မာကုဖော်ပြခဲ့သည်။ ဤအပိုင်းရှိ သူ၏သွန်သင်ချက်တစ်လျှောက်လုံးတွင်၊ ယေရှုသည် မိမိ၏ ဆင်းရဲဒုက္ခများအကြောင်းကို ပြောပြခဲ့ပြီး၊ သူ၏ဧဝံဂေလိဓမ္မအမှုတော်ကို ဆက်လက်ထမ်းဆောင်နေ လျှင် သူတို့သည်လည်း ဆင်းရဲခံရမည်ဖြစ်ကြောင်း တပည့်တော်များအား သတိပေးခဲ့သည်။

ၚင်းနောက်၊ မာကုသည် မာကု ၉:၂-၁၃ တွင် အသွင်ပြောင်းခြင်းဟု အများသိကြသည့် အဖြစ်အ ပျက်တစ်ခုကို ဖော်ပြခြင်းဖြင့် ယေရှု၏ထူးခြားသောအခွင့်အာဏာကို အာရုံစိုက်ခဲ့သည်။ ဤအဖြစ် အပျက်တွင်၊ ယေရှု၏ဘုန်းတော်သည် ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့အား မျက်မြင်ဖော်ပြခဲ့သည်။ မောရှေနှင့် ဧလိယသည်လည်း ယေရှုနှင့်အတူ ထင်ရှားလာပြီး၊ ယေရှုသည် ပညတ်တရားနှင့် ဓမ္မဟောင်း ကျမ်း၏ အနာဂတ္တိကျမ်းများ၏ သွန်သင်ချက်များအားအတည်ပြုကြောင်းနှင့် ဆက်လက်တည်မြဲ ကြောင်း ညွှန်ပြခဲ့သည်။ သို့သော် ဘုရားသခင်သည် မောရှေနှင့် ဧလိယတို့ထက် သခင်ယေရှုကိုချီး မြှောက်ပြီး နာခံရန် တပည့်များအား အမိန့်ပေးခဲ့သည်။ ဤအဖြစ်အပျက်သည် အခြားသူများထက် သခင်ယေရှုအပေါ်သစ္စာစောင့်သိရန်နှင့် ယေရှုအပေါ်သစ္စာစောင့်သိခြင်းသည် ဘုရားသခင်နှင့် ဓမ္မ ဟောင်းကျမ်းကို အသန့်ရှင်းဆုံးသော သစ္စာစောင့်သိမှုပုံစံဖြစ်ကြောင်း ယေရှု၏တပည့်တော်များအား တိုက်တွန်းခွန်အားပေးခဲ့သည်။

နောက်ဆုံးတွင် မာကုသည် မာကု ၉:၁၄-၂၉ တွင် နတ်ဆိုးများကို ထိန်းချုပ်နိုင်စွမ်းရှိကြောင်း ဖော်ပြခြင်းဖြင့် ယေရှု၏ထူးခြားသောတန်ခိုးကို ဖော်ပြခဲ့သည်။ ယေရှု၏တပည့်တော်များသည် ဆိုးသော နတ်ဆိုးကို ဖယ်ရှားခြင်းမပြုနိုင်ကြပေ၊ ထိုနတ်ဆိုးများကို ဆုတောင်းခြင်းဖြင့်သာ ဖယ်ရှားနိုင်ကြောင်း ယေရှုသွန်သင်ခဲ့သည်။ ယေရှုသည် ရိုးရှင်းသောအမိန့်ဖြင့် နတ်ဆိုးကို နှင်ထုတ်နိုင်ခဲ့သည်။ ဤနည်းဖြင့်၊ သူသည် အခြားသူများအားလုံးထက် သူ၏ သာလွန်မှုကိုပြသပြီး၊ သူ၏ဆန္ဒကို အကောင်အထည်ဖော်ရန် သူ့ထံ၌အကန့်အသတ်မရှိသော စွမ်းအားရှိကြောင်း တပည့်တော်များအား နားလည်စေခဲ့သည်။ ကိုယ် တော်အသေသတ်ခြင်းခံရသောအခါ သူတို့တွင် သံသယများနှင့် ကြောက်ရွံ့မှုများ မည်သို့ပင်ရှိစေကာမူ၊ ကိုယ်တော်၏တန်ခိုးတော်သည် ၎င်းတို့အား ယုံကြည်ခြင်း၌ စွဲမြဲစွာရပ်တည်ရန် သူတို့ကိုခွန်အားပေး သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယေရှု၏ဆင်းရဲဒုက္ခ၊ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအတွက် ပြင်ဆင်ခြင်းဆိုင်ရာ မာကု၏ ဒုတိယအပိုင်းသည် ဘုရားသခင့်နိုင်ငံတော်၏တန်ဖိုးများနှင့် သက်ဆိုင်ပြီး မာကု ၉:၃၀-၁၀:၃၁ တွင် တွေ့ ရှိရသည်။

ယေရုရှလင်မြို့အတွက် ယေရှု၏ပြင်ဆင်မှုဆိုင်ရာ မာကု၏မှတ်တမ်းအပိုင်းတစ်ခုစီကဲ့သို့ ဤအပိုင်းသည် ယေရှု၏ဆင်းရဲဒုက္ခ၊ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့ကို ကြိုတင်မိန့်တော်မူခြင်းဖြင့် အစပြုပါသည်။ ၎င်းသည် မာကုသည် ထိုဖြစ်ရပ်များအတွက် တပည့်တော်များ၏ပြင်ဆင်မှုကို အလေးပေးနေဆဲဖြစ်ကြောင်း ကျွန်ုပ်တို့ကိုမြင်စေသည်။ ဤကြိုတင်မိန့်တော်မူပြီးနောက်၊ ယေရှုသည် လူသားများလုပ်ဆောင်သည့်အတိုင်း ဘုရားသခင်သည်မစီရင်ကြောင်း ရှင်းပြခြင်းဖြင့် တပည့်တော်များကို ဆက်လက်ပြင်ဆင်ပေးခဲ့သည်။ ထို့ကြောင့် သူတို့မည်သည့်ဒုက္ခရောက်နေသည်ဖြစ်စေ၊ မည်သည့်ထူးဆန်းမှုများ ဖြစ်ပျက်နေသည်ဖြစ်စေ၊ သူတို့သည် လောက၏လုပ်ဆောင်ပုံအတိုင်း ကိစ္စရပ်များကို ဆုံးဖြတ်ရန်မဟုတ်ပါ။ ၎င်းအစား၊ ဘုရားသခင်သည် သူ၏နိုင်ငံတော်ကို ဆောင်ကြဉ်းရန်နှင့် ယေရှု၏ဘုန်းထင်ရှားစေရန်အတွက် ဤဖြစ်ရပ်များကို အသုံးပြုနေကြောင်း သူတို့စိတ်ချစေရန်ဖြစ်သည်။

မာကု ၉:၃၀-၃၁ တွင် ယေရှု၏ကြိုတင်မိန့်တော်မူပြီးနောက်၊ မာကုသည် နိုင်ငံတော်၏တန်ဖိုးများနှင့်ပတ်သက်သည့် ယေရှု၏သွန်သင်ချက်များကို ဖော်ပြခဲ့သည်။ ဤအပိုင်းတွင်၊ ယေရှုသည် အသက်တာ၏နယ်ပယ်ငါးခုတွင် လောက၏ထိုးထွင်းသိမြင်နိုင်စွမ်းများ၏ငြင်းခုံပုံကို ဖော်ပြခဲ့သည်။ ဦးစွာ၊ ယေရှုသည် မာကု ၉:၃၂-၄၂ တွင် ဂုဏ်အသရေအကြောင်း ပြောဆိုခဲ့ပြီး ဘုရားသခင်၏နိုင်ငံတော်၌ ချီးမြှောက်ခံရဆုံးသူတို့သည် ဤဘဝတွင် ဂုဏ်အသရေအနည်းဆုံးရှိသူဖြစ်ကြောင်း ထောက်ပြခဲ့သည်။

ဒုတိယ၊ ယေရှုသည် မာကု ၉:၄၃-၅၀ တွင် တန်ဖိုးအကြောင်းပြောခဲ့သည်။ ဤဘဝတွင်မည်မျှတန်ဖိုးရှိသည်ဖြစ်စေ ဘုရားသခင်၏နိုင်ငံတော်ပန်းတိုင်များကို လိုက်လျှောက်ခြင်းမှအတားအဆီးဖြစ်စေသည့်အရာမှန်သမျှကိုဖယ်ရှားရန် သူ၏နောက်လိုက်များအား ညွှန်ကြားခဲ့သည်။

တတိယ၊ မာကု ၁၀:၁-၁၂ တွင် ထိမ်းမြားခြင်းအကြောင်း ယေရှုပြောခဲ့သည်။ လူသားဥပဒေသည် အလိုလိုတရားမျှတသည်ဟုထင်ရသော်လည်း—လူသားဥပဒေထက် ထိမ်းမြားခြင်းနှင့်ကွာရှင်းခြင်းကို နောက်ဆုံးတွင် ဘုရားသခင်၏ပညတ်တော်အတိုင်း ထည့်သွင်းတွက်ချက်သင့်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

စတုတ္ထ၊ မာကု ၁၀:၁၃-၁၆ တွင် ယေရှုသည် ကလေးများအကြောင်း ထပ်မံမိန့်တော်မူသည်။ အစောပိုင်းတွင် ယေရှုပြောခဲ့သည့်အတိုင်း၊ တပည့်တော်များသည် ကလေးငယ်များသူ့ထံသို့ မချဉ်းကပ်ရန် တားမြစ်ထားဆဲဖြစ်သည်။ ဤကလေးများအား ဘုရားသခင်သည် နိုင်ငံတော်ကို ပေးအပ်ထားပြီးဖြစ်သောကြောင့် သူငယ်များကို ငြင်းပယ်ခြင်းသည် ဘုရားသခင်ကို ဆန့်ကျင်ခြင်းဖြစ်ကြောင်း တပည့်တော်များကို ယေရှုသတိပေးခဲ့သည်။

ပဉ္စမ၊ ယေရှုသည် မာကု ၁၀:၁၇-၃၁ တွင် စည်းစိမ်ဥစ္စာအကြောင်း ပြောဆိုခဲ့သည်။ ဤသည်မှာ သူဌေးလူငယ်၏ လူသိများသောဇာတ်လမ်းဖြစ်ပြီး၊ ငွေကိုတွယ်တာမှုသည် ဘုရားသခင်၏နိုင်ငံတော်၏ တန်ဖိုးများကို ဆုပ်ကိုင်ထားရန် နှောင့်ယှက်နေကြောင်း ယေရှုပြောသောအခါ သူသည်တုန်လှုပ်ချောက်ချားသွားခဲ့သည်။

ဤသွန်သင်ချက်အပိုင်းတစ်ခုစီတွင်၊ ယေရှုသည် မိမိ၏တပည့်တော်များသည် ကိုယ်တော်၏ ဝေဒနာခံသေဆုံးခြင်းကိုလက်ခံဖို့ရာ ပိုမိုကောင်းမွန်စွာပြင်ဆင်နိုင်စေရန်အပြင်၊ ကိုယ်တော်၏နောက် လိုက်များအနေနှင့် အခက်အခဲများကို ခံနိုင်ရည်ရှိရန်အတွက် ပိုမိုကောင်းမွန်စွာပြင်ဆင်နိုင်စေရန် ဘုရား သခင့်နိုင်ငံတော်၏တန်ဖိုးများကို ယေရှုရှင်းပြခဲ့သည်။

မာကု၏တတိယအပိုင်းဖြစ်သော ယေရုရှလင်အတွက် ယေရှု၏ပြင်ဆင်မှုသည် မာကု ၁၀:၃၂-၅၂ တွင် ဘုရားသခင်၏နိုင်ငံတော်၌ ခေါင်းဆောင်မှုနှင့်သက်ဆိုင်သည်။ မာကု ၁၀:၃၂-၃၄ တွင် သူ၏ဆင်းရဲ ဒုက္ခ၊ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ကြိုတင်မိန့်တော်မူပြီးနောက်၊ ယေရှုသည် နိုင်ငံတော်၌ ခေါင်းဆောင်မှုဆိုင်ရာမေးခွန်းကို အပိုင်းသုံးပိုင်းဖြင့် မိန့်တော်မူခဲ့သည်။ ဦးစွာ၊ မာကု ၁၀:၃၅-၄၀ တွင် ယာကုပ်နှင့် ယောဟန်သည် သူ၏ဆင်းရဲဒုက္ခ၌ ပါဝင်ရမည်ဟုဆိုသည်။ သူတို့သည် ကိုယ်တော်သောက် သောခွက်ကိုသောက်ပြီး၊ ကိုယ်တော်ခံသောနှစ်ခြင်းကိုအတူခံကြရမည်ဖြစ်သည်။ ဤတင်စားဖော်ပြမှု များသည် ယေရှု၏နောက်လိုက်များသည် ကိုယ်တော့်ထံတော်၌ အမှုတော်ဆောင်ခြင်းကြောင့် ဆင်းရဲ ဒုက္ခများတွင် ပါဝင်ရမည်ဟု ဆိုလိုသည်။

ဒုတိယ၊ ယေရှုသည် မာကု ၁၀:၄၀-၄၅ တွင် နိုင်ငံတော်၌ ခေါင်းဆောင်မှုကို အမှုဆောင်ခြင်း အဖြစ် ဖော်ပြခဲ့သည်။ နိုင်ငံတော်၏တန်ဖိုးများအကြောင်းပြောသောအခါ၌ ကိုယ်တော်သည် ဤအယူ အဆကို နှစ်ကြိမ်မိန့်တော်မူခဲ့သည်။ သို့သော် နောက်ခံအကြောင်းပြချက်ကို ကိုယ်တော်သည်ပထမဆုံး ရှင်းပြခြင်းဖြစ်သည်_ ခရစ်ယာန်ခေါင်းဆောင်များသည် ဆင်းရဲဒုက္ခနှင့် အပြစ်အတွက်အသေခံခြင်းဖြင့် ကိုယ်တော်တိုင် အစေခံအဖြစ်လုပ်ဆောင်ခဲ့သော ခရစ်တော်၏စံနမူနာကို လိုက်နာသောအားဖြင့် အစေခံ များဖြစ်ရမည်။

တတိယ၊ ယေရှုသည် မျက်မမြင်ဗာတိမဲအား ကရုဏာပြခြင်းဖြင့် အစေခံခေါင်းဆောင်မှုဆိုင်ရာ လှုံ့ဆော်မှုကို ဖော်ပြခဲ့သည်။ အစေခံခေါင်းဆောင်များသည် နိုင်ငံတော်၌ သာ၍ကြီးမြတ်သောအကျိုးကို လိုချင်ရုံမျှဖြင့်ပေးဆပ်အနစ်နာခံခြင်းမဟုတ်၊ သူတို့အစေခံသူများအပေါ်အမှန်တကယ် ကရုဏာစိတ်ရှိ သောကြောင့် ဖြစ်သည်။

> ယေရှုသည် ခရစ်ယာန်ခေါင်းဆောင်များကို မတူကွဲပြားစေရန်၊ သူတို့၏လူမျိုး၏ အစေကိုခံရန် ခေါ် ခဲ့သည်။ ဤအံ့သြဖွယ်ကျမ်းပိုဒ် မာကုခရစ်ဝင်ကျမ်း ၁၀:၄၅ တွင်၊ ယေရှုသည် ပတ်ဝန်းကျင်ရှိ ဂရိ-ရောမယဉ်ကျေးမှုနှင့် သူ၏နောက်လိုက် များ၏ စစ်မှန်သောခေါင်းဆောင်မှုအမျိုးအစားကို ခွဲခြားထားသည်။ မာကု၏ ခေတ်ကာလတွင် ခေါင်းဆောင်မှု၏ ထင်ရှားသောအချက်သည် ၎င်းတို့၏လူတို့ အပေါ် ရောမတို့၏ သြဇာအာဏာနှင့် ကြီးစိုးမှုကို သရုပ်ပြခြင်းဖြစ်သည်။ ယေရှု ကလည်း၊ "လူသားသည် သူတစ်ပါးကို စေစားခြင်းငှာမလာ၊ သူတစ်ပါးအစေကို ခံခြင်းငှါလည်းကောင်း၊ မိမိအသက်ကိုစွန့်၍ လူများကိုရွေးခြင်းငှာလည်းကောင်း ကြွလာသတည်းဟုမိန့်တော်မူ၏။" ထို့ကြောင့်၊ ယေရှုသည် သူ၏နောက်လိုက် များအား သူ၏ခေါင်းဆောင်မှုပုံစံကို လိုက်လျှောက်ရန်၊ အစေခံတစ်ဦးအဖြစ်

ဦးဆောင်ရန်၊ မာကုခေတ်တွင် အလွန်ပျံ့နှံ့နေသည့် ရောမအုပ်စိုးမှုဆိုင်ရာစံနှုန်းကို မလိုက်နာရန် ညွှန်ကြားသည်။

**ဒေါက်တာ Gregory R. Perry**

ဘုရားသခင်၏နိုင်ငံတော်တွင် ခေါင်းဆောင်မှုနှင့်ပတ်သက်၍ ကမ္ဘာ့ခေါင်းဆောင်မှုပုံစံအား စံနမူနာယူ၍မရကြောင်း ယေရှု အခိုင်အမာပြောခဲ့သည်။ ၎င်းအစား၊ ဆင်းရဲဒုက္ခဆိုင်ရာ မိမိ၏စံနမူနာကို လိုက်နာရန် လိုအပ်သည်။

တစ်နည်းအားဖြင့်၊ ဤသတင်းသည် ရောမမြို့ရှိ မာကု၏စာဖတ်သူများအတွက် စိတ်ပျက်စရာသတင်းဖြစ်ပေမည်။ သူတို့၏ဆင်းရဲဒုက္ခသည် ပုံမှန်မဟုတ်၍ မကြာမီလွန်သွားမည်ဖြစ်ကြောင်း သူတို့ကိုသက်သာစေမည့်အစား၊ မာကု၏ခရစ်ဝင်ကျမ်းသည် ဆင်းရဲဒုက္ခသည် ခရစ်တော်နောက်လိုက်သူများအတွက် စံနှုန်းဖြစ်သည်ဟု ဆိုခဲ့သည်။ သို့သော်လည်း တစ်ချိန်တည်းမှာပင် ဤသတင်းသည် အားတက်ဖွယ်ကောင်းသည့်အခြမ်းလည်းရှိပါသည်။ အသင်းတော်၏ဆင်းရဲဒုက္ခခံရခြင်းသည် ခရစ်တော်၏အောင်မြင်ခြင်းအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ရောမ ၈း၁၈ တွင် ရှင်ပေါလု ရေးထားသည်မှာ_

ငါတို့အားပေါ်ထွန်းလတ္တံ့သော ဘုန်းကိုထောက်သော်၊ ယခုမျက်မှောက်ကာလ၌ ခံရသောဆင်းရဲဒုက္ခကို ပမာဏမပြုထိုက်ဟု ငါသဘောရှိ၏ (ရောမ ၈း၁၈)။

ယေရှု၏တပည့်တော်များအားပြင်ဆင်မှုအကြောင်းကို ဖော်ပြပြီးနောက်၊ မာကုသည် မာကု ၁၁:၁–၁၃:၃၇ တွင် ဂျူးခေါင်းဆောင်များနှင့် ယေရှု၏ထိပ်တိုက်ရင်ဆိုင်ခြင်းကို ဆက်လက်ဖော်ပြခဲ့သည်။

## ထိပ်တိုက်ရင်ဆိုင်ခြင်း

မာကု၏ ထိပ်တိုက်ရင်ဆိုင်မှုမှတ်တမ်းကို အဓိက အပိုင်းနှစ်ပိုင်းခွဲထားသည်_ ပထမ၊ ၁၁:၁–၁၂:၄၄ တွင် ဆန့်ကျင်မှုဇာတ်လမ်းများ။ ဒုတိယ၊ သံလွင်တောင်ဟောပြောချက် ၁၃:၁-၃၇။

သူ၏ခရစ်ဝင်ကျမ်း၏ဤအပိုင်းတစ်လျှောက်လုံးတွင်၊ ဂျူးခေါင်းဆောင်များသည် သခင်ယေရှုအား မည်သို့အတင်းအကျပ်ခိုင်းစေခဲ့သည်ကို မာကုဖော်ပြခဲ့သည်။ မာကု၏ခရစ်ဝင်ကျမ်း၏အရှေ့ပိုင်းတွင်၊ ယေရှုသည် ဂျူးခေါင်းဆောင်များနှင့် ပဋိပက္ခမဖြစ်ခဲ့ပါ။ သူ၏ ကရုဏာဆိုင်ရာဓမ္မအမှုတော်ကို လူအများကန့်ကွက်သောကြောင့် ဆန့်ကျင်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ သို့သော် ဤအခန်းတွင်၊ ယေရှုသည် ကားစင်တင်သတ်ခြင်းဆီသို့ ဦးတည်သွားရန်အတွက် ဆန့်ကျင်မှုကို ကျေနပ်စွာရှာဖွေခဲ့ကြောင်း မာကုဖော်ပြခဲ့သည်။

ပထမ၊ မာကု ၁၁:၁-၁၁ တွင် ယေရုရှလင်မြို့သို့ ယေရှု၏အောင်ပွဲခံဝင်ရောက်ခြင်းသည် သူ့ကို မေရှိယနှင့် မှန်ကန်သောဣသရေလဘုရင်ဖြစ်ကြောင်း လူသိရှင်ကြားကြေညာခြင်းဖြစ်သည်။

ထို့နောက်၊ မာကု ၁၁:၁၂-၁၄၊ ၂၀-၂၅ တွင် ညှိုးနွမ်းနေသော သင်္ဘောသဖန်းပင်အဖြစ် ဣသရေလကို ပြစ်တင်ရှုံ့ချပြီး၊ အခန်းငယ် ၁၅-၁၉ တွင် သူ၏ဗိမာန်တော် သန့်စင်ခြင်းသည် ဂျူးခေါင်းဆောင်များ

၏ ကိုယ်ကျင့်တရားဆိုင်ရာ ရပ်တည်မှုကို တိုက်ရိုက်တိုက်ခိုက်ခဲ့ပြီး ၎င်းတို့၏ အခွင့်အာဏာနှင့် လူတွေအပေါ် ဩဇာလွှမ်းမိုးမှုကို လျော့ပါးစေခဲ့သည်။

ယေရှုသည် မာကု ၁၁:၂၇-၁၂:၁၂ တွင် ယဇ်ပုရောဟိတ်အကြီးများ၊ ပညတ္တိကျမ်းဆရာများ၊ အကြီးအကဲများနှင့်လည်း ငြင်းခုံခဲ့သည်။ သူ၏အခွင့်အာဏာနှင့်ပတ်သက်၍ သူတို့၏စိန်ခေါ်ချက်ကို အနိုင်ယူပြီးနောက်၊ ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်မှုဟု ဂျူးခေါင်းဆောင်များကို စွပ်စွဲသည့် စပျစ်ခြံဌားသူများ၏ပုံဥပမာကို မိန့်တော်မူခဲ့သည်။ ဤအချိန်၊ သူတို့သည် ကိုယ်တော်အားဖမ်းရန် အဆင်သင့်ဖြစ်နေသော်လည်း၊ လူအုပ်ကြီးအားကြောက်ရွံ့မှုသည် သူတို့ကို စိတ်ပျက်စေခဲ့သည်။

ထို့နောက်၊ ယေရှုသည် မာကု ၁၂:၁၃-၁၇ တွင် ရောမအခွန်နှင့်ပတ်သက်၍ ဖာရိရှဲများနှင့် ဟေရဒ်မင်းများနှင့် ငြင်းဆိုခဲ့သည်။

၎င်းနောက်၊ မာကု ၁၂:၁၈-၂၇ တွင် ဇဒ္ဒုကဲများသည် ရှင်ပြန်ထမြောက်ခြင်းနှင့်ပတ်သက်၍ သမ္မာကျမ်းစာသွန်သင်ရာကို နားလည်မှုလွဲခဲ့ကြောင်း ယေရှု သက်သေပြသည်။

နောက်ဆုံးတွင် မာကု ၁၂:၂၈-၄၄ တွင် ပညတ္တိကျမ်းဆရာများကို တိုက်ခိုက်ခဲ့သည်။ အချို့သောသူတို့သည် ပညတ်တရားကိုသိကြောင်း ယေရှုဝန်ခံခဲ့သော်လည်း၊ ၎င်းတို့အားလုံးကို လောဘတပ်မက်ခြင်းနှင့် လောကီရည်မှန်းချက်များဖြင့် ထိန်းချုပ်ထားသည်ဟု အခိုင်အမာဆိုခဲ့သည်။

တစ်နည်းမဟုတ်တစ်နည်းအားဖြင့် ယေရှုသည် ဩဇာကြီးသောဂျူးလူမျိုးအဖွဲ့များဖြစ်သည့်– ယဇ်ပုရောဟိတ်များ၊ ပညတ္တိကျမ်းဆရာများ၊ ဖာရိရှဲများ၊ ဟေရဒ်မင်းများ၊ ဇဒ္ဒုကဲများနှင့် ထိပ်တိုက်တွေ့ခဲ့သည်။ သူသည် အုပ်စုတိုင်းသည်သူ့ကို မုန်းတီးရန်နှင့် သေကြောင်းကြံရန်အကြောင်းပြချက်ပေးပြီး၊ သူ့ကိုသတ်ရန်အတွက်နှိုးဆွပေးခဲ့သည်။

ဂျူးခေါင်းဆောင်များနှင့် ယေရှုထိပ်တိုက်တွေ့ခြင်း၏ ဒုတိယအဓိကအပိုင်းမှာ ယေရှုနှင့် တပည့်တော်များကြား ဟောပြောချက်ဖြစ်သည်။ ဤဟောပြောချက်ကို သံလွင်တောင်ပေါ်တွင် ပြုလုပ်ခဲ့သောကြောင့် သံလွင်တောင်ဟောပြောချက်ဟု အများအားဖြင့် ခေါ်ပါသည်။ အကျယ်ဖော်ပြချက်အား မာကု ၁၃:၁-၃၇ တွင်တွေ့နိုင်သည်။ ဤအပိုင်းတွင်၊ ယေရှုသည် မိမိ၏တပည့်တော်များအား အနာဂတ်တွင် ကြုံတွေ့ရမည့်အခက်အခဲများကို သတိပြုမိစေရန်အတွက် သတိပေးခဲ့သည်။ ကိုယ်တော်၏အကြောင်းကို သက်သေခံရန် အုပ်စိုးသူမင်းများရှေ့သို့ သူတို့သည်ပို့ဆောင်ခံရမည်ဟု သွန်သင်ခဲ့သည်။ သူတို့သည် အရိုက်ခံရမည်။ သူတို့သည် မုန်းတီးခြင်းခံရမည်။ သူတို့၏မိသားစုများ ကွဲကွာကြလိမ့်မည်။ သူတို့သည် သဘာဝဘေးအန္တရာယ်များနှင့် ကြီးစွာသောဒုက္ခကို ခံစားကြရမည်ဖြစ်သည်။ နှိပ်စက်ညှဥ်းပန်းမှုနှင့် ဆင်းရဲဒုက္ခများသည် သူပြန်လာချိန်အထိ အသင်းတော်၏အသွင်အပြင်ဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြခဲ့သည်။

သို့သော် ယေရှုသည် ဘုရားသခင့်နိုင်ငံတော်၏ နောက်ဆုံးအောင်မြင်ခြင်းအကြောင်း အာမခံခြင်းဖြင့် တပည့်တော်များအား ကြီးစွာသောမျှော်လင့်ချက်ပေးခဲ့သည်။ ဥပမာ၊ မာကု ၁၃:၂၆-၂၇ တွင်၊ သူတို့သည် ကိုယ်တော်၏နိုင်ငံတော်ကို သစ္စာစောင့်သိနေသမျှကာလပတ်လုံး တန်ခိုးတော်နှင့် ဘုန်းအသရေပြီးပြည့်စုံသောအခါ ကြီးစွာသောအောင်မြင်ခြင်းခံစေမည့်အကြောင်း သူတို့ကို သတိပေးထားသည်။

ကြိုတင်မှန်းဆချက်တွင်၊ တပည့်တော်များအား ယေရှု၏မိန့်တော်မူချက်များသည် ဂျူးခေါင်းဆောင်များကို ကိုယ်တော်အား ဆန့်ကျင်ရန် ဆက်လက်လှုံ့ဆော်ခဲ့သည်။ ဥပမာ၊ မာကု ၁၃:၁-၂ တွင်၊ ယေရှုသည် ဗိမာန်တော် ဖျက်ဆီးခံရမည်ဟု တပည့်တော်များအား သွန်သင်ခဲ့သည်။ သို့သော် မာကု ၁၄:၅၈ တွင် ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း၊ သူ၏မိန့်တော်မူချက်များကို အဓိပ္ပာယ်ကောက်ယူမှုလွဲမှားသွားသောကြောင့် စုံစမ်းစစ်ဆေးခြင်းခံရစဉ်အတွင်း ဗိမာန်တော်ကို ဖျက်ဆီးရန်ကြံစည်သည်ဟု မှားယွင်းစွာ စွဲချက်တင်ခံရသည်။

သခင်ယေရှု၏တပည့်တော်များအားပြင်ဆင်ခြင်း၊ ယေရုရှလင်မြို့ရှိ ဂျူးခေါင်းဆောင်များနှင့်ထိပ်တိုက်တွေ့ခြင်းနှင့်ပတ်သက်၍ မေရှိယ၏ဆင်းရဲဒုက္ခဆိုင်ရာ မာကု၏မှတ်တမ်းကို ကျွန်ုပ်တို့ကြည့်ရှုပြီးနောက်၊ မာကု ၁၄:၁–၁၅:၄၇ တွင် ယေရှု၏ဆင်းရဲဒုက္ခနှင့်သေခြင်းဆိုင်ရာ အတွေ့အကြုံကို လေ့လာရန် အသင့်ဖြစ်နေပြီဖြစ်သည်။

## အတွေ့အကြုံ

ယေရှု၏ဆင်းရဲဒုက္ခနှင့်သေခြင်းဆိုင်ရာ လက်တွေ့တွေ့ကြုံမှုမှတ်တမ်းတွင် လူသိများသောဖြစ်ရပ်များ_ယုဒ၏သစ္စာဖောက်မှု၊ ပေတရုငြင်းဆိုမည့်အကြောင်းကြိုတင်မိန့်တော်မူချက်၊ ဂေသရေမန်တွင် ယေရှုနှင့်အတူဆုတောင်းရန် တပည့်တော်များ၏ပျက်ကွက်မှု၊ ယေရှုဖမ်းဆီးခံရမှု၊ စုံစမ်းစစ်ဆေးခြင်းများနှစ်ခုနှင့် ပေတရု၏ငြင်းဆိုမှု၊ နောက်ဆုံးတွင် ယေရှုကို ကားစင်တင်သတ်ပြီး သင်္ဂြိုဟ်ခြင်းခံရခြင်းတို့ဖြစ်သည်။

၎င်းတို့သည် မှောင်မိုက်ပြီး၊ ခြိမ်းခြောက်သည့် အခန်းကြီးများဖြစ်သည်။ စိတ်အခြေအနေသည် ကတိကအောင့်ဖြစ်စေသည်။ ၎င်းတို့သည် ကျရှုံးမှုများနှင့် ပြည့်နှက်နေသည်_ ဂျူးခေါင်းဆောင်များ၏ ကျဆုံးမှု၊ လူစုလူဝေး၏ကျရှုံးမှု၊ ဂျူးနှင့် ရောမတရားရေးစနစ်များ ကျရှုံးမှု၊ တပည့်တော်များ၏ ရှုံးနိမ့်မှုများဖြစ်သည်။ နှိပ်စက်ညှဉ်းပန်းခံရသော ရောမအသင်းတော်တစ်ခုထံ စာရေးရာတွင်၊ ယာန်ဘာသာ၏ ယေရုရှလင်မြို့၌မွေးဖွားခြင်းဝေဒနာသည် ရောမမြို့မှာကဲ့သို့ပြင်းထန်ကြောင်း မာကုသည် ရှင်းလင်းစွာ ပြောပြခဲ့သည်။

ယေရှု၏ဆင်းရဲဒုက္ခနှင့်သေခြင်းဆိုင်ရာ မာကု၏မှတ်တမ်းကို သင်္ဂြိုဟ်ခြင်းအတွက် ဘိသိက်ခံခြင်းမှအစပြု၍ မာကု ၁၄:၁-၁၁ တွင် အဓိကအပိုင်းလေးပိုင်းခွဲနိုင်သည်။ ဤအပိုင်းတွင်၊ မာကုသည် အလွန်အရေးကြီးသောအချက်အချို့ကို ဖော်ပြခဲ့သည်။ ဦးစွာ၊ ယဇ်ပုရောဟိတ်အကြီးများနှင့် ပညတ္တိကျမ်းဆရာများသည် ယေရှုအား ဖမ်းဆီးသတ်ဖြတ်ရန် နည်းလမ်းရှာနေကြသည်ဟု မာကုဆိုသည်။ ဒုတိယ၊ အမျိုးသမီးတစ်ဦးသည် ယေရှုအား အလွန်စျေးကြီးသောရေမွှေးဖြင့် ဘိသိက်ပေးခဲ့ပြီး၊ ၎င်းသည် ကိုယ်တော်အား သင်္ဂြိုဟ်ရန်အတွက် ဘိသိက်ပေးခဲ့ခြင်းဖြစ်သည်ဟု တုံ့ပြန်ခဲ့သည်။ ဤနည်းဖြင့်၊ ယေရှုသည် အနာဂါတ်တွင် အသတ်ခံရမည်ဟု ညွှန်ပြခဲ့သည်။ တတိယ၊ ယုဒရှကာရုတ်သည် ယဇ်ပုရောဟိတ်အကြီးများနှင့် ပညတ္တိကျမ်းဆရာများထံ ယေရှုကိုအပ်နှံရန် ကြံစည်ခဲ့သည်။ ဤအကြောင်းအရာကို ယေရှု၏ဆင်းရဲဒုက္ခနှင့်သေခြင်းဇာတ်လမ်း၏ အချိုးအကွေ့တစ်ခုအဖြစ် ကျွန်ုပ်တို့မြင်နိုင်သည်။ သူ၏သေဆုံးမှုသည် မရေရာသော ခြိမ်းခြောက်မှုမဟုတ်တော့ဘဲ ဖြစ်အံ့ဆဲအမှန်တရားတစ်ခုဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထို့နောက် မာကုသည် မာကု ၁၄:၁၂-၄၂ တွင် တပည့်တော်များနှင့် ယေရှု၏နောက်ဆုံးအချိန်များကို ဖော်ပြခဲ့သည်။ မာကု၏ဇာတ်လမ်း၏ ဤအပိုင်းသည် မာကု ၁၄:၁၂-၃၁ တွင် ယေရှုနှင့် သူ၏တပည့်တော်များ နောက်ဆုံးညစာစားပွဲပြင်ဆင်ခြင်းနှင့် သုံးဆောင်ခြင်းဖြင့် အစပြုပါသည်။ သခင်ဘုရား၏ညစာစားပွဲဆိုင်ရာ ခရစ်ယာန်ဓမ္မအမှုတော်ကို ဤစားသောက်ချိန်အတွင်း ယေရှုအစပြုပေးသည်။ ကိုယ်တော်သည် ကိုယ်တော်၏ဝေဒနာနှင့် အသေခံခြင်းအားဖြင့် တပည့်တော်များအား နောက်ဆုံးပြင်ဆင်မှုအချို့ပေးရန်အတွက်လည်း ဤအချိန်ကို အသုံးပြုခဲ့သည်။ ဥပမာ၊ သူတို့အားလုံး ကိုယ်တော်ထံမှ စွန့်ခွာသွားကြမည့်အကြောင်းနှင့် ပေတရု၏ငြင်းပယ်မှုကို ကြိုသတိပေးခဲ့သည်။

နောက်ဆုံးညစာစားပွဲပြီးနောက်၊ မာကု ၁၄:၃၂-၄၂ တွင် ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း၊ ဂေသရေမန်ဥယျာဉ်သို့ လူအုပ်သည်သွားကြသည်။ ဤကျမ်းပိုဒ်အရ၊ သခင်ယေရှုသည် နက်ရှိုင်းစွာစိတ်ဆင်းရဲ ပူပန်ခဲ့ပြီး၊ သေသည့်တိုင်အောင် အလွန်ဝမ်းနည်းခဲ့သည်။ ကားတိုင်ပေါ်ကွပ်မျက်ခြင်းခံရမည့်အချိန်ကို သိသာစွာကြိုတင်မျှော်လင့်နေခဲ့သည်။

ယေရှု၏ဆင်းရဲဒုက္ခနှင့်သေခြင်းဆိုင်ရာတွေ့ကြုံမှုဆိုင်ရာ မာကု၏တတိယအပိုင်းဖော်ပြမှုသည် မာကု ၁၄:၄၃–၁၅:၁၅ တွင် ယေရှု၏ဖမ်းဆီးခံရခြင်းနှင့် စုံစမ်းသွေးဆောင်ခြင်းမှတ်တမ်းဖြစ်သည်။ ဤအပိုင်းသည် မာကု ၁၄:၄၃-၅၂ တွင် တပည့်တော် ယုဒရှကာရုတ်၏ သစ္စာဖောက်မှုဖြင့် အစပြုပါသည်။ မာကု ၁၄:၅၃-၆၅ တွင် ဂျူးခေါင်းဆောင်များရှေ့မှောက်တွင် ကိုယ်တော်၏စုံစမ်းစစ်ဆေးခြင်းတို့ကို ဆက်လက်ဖော်ပြသည်။ ထို့နောက်၊ မာကု ၁၄:၆၆-၇၂ တွင် ပေတရု၏ငြင်းဆိုချက်ကိုသူသည်သိခြင်းနှင့် ယေရှုနောက်တော်သို့ပေတရုလိုက်ကြောင်းဖော်ပြမှုကို တွေ့ရသည်။ နောက်ဆုံးတွင်၊ မာကု ၁၅:၁-၁၅ တွင် ရောမဘုရင်ခံပိလတ်ရှေ့မှောက်တွင် သူ၏စုံစမ်းစစ်ဆေးခံခြင်းအကြောင်း ကျွန်ုပ်တို့ဖတ်ရသည်။ ဤအရှက်ရဖွယ်အတွေ့အကြုံများအဆုံးတွင် ယေရှုသည် ကျာပွတ်ဖြင့်ပြင်းထန်စွာရိုက်နှက်ခံရပြီး၊ လက်ဝါးကပ်တိုင်တွင် အသေခံရန် ရောမစစ်သားများထံ အပ်နှံခံရသည်။

မာကု၏စတုတ္ထအပိုင်းသည် ယေရှု၏ဆင်းရဲဒုက္ခနှင့်သေခြင်းဆိုင်ရာတွေ့ကြုံမှုဆိုင်ရာနှင့် မာကု ၁၅:၁၆-၄၇ တွင် ယေရှုအား ကားစင်တင်အသတ်ခံရခြင်းအကြောင်း ပါဝင်သည်။ ၎င်းသည် ယေရှုအား ရောမစစ်သားများထံအပ်နှင်းကာ ရိုက်နှက်ခြင်း၊ အရှက်ခွဲခံရပြီး သာမန်ရာဇဝတ်သားကဲ့သို့ လက်ဝါးကပ်တိုင်တွင် အသေသတ်ခြင်းမှအစပြုပါသည်။ လူသားအမြင်အရ၊ သူ၏ဒုက္ခများသည် ကြီးမားလှသည်။

ယေရှုသည် ရောမတို့၏လက်၌ ဤညှဉ်းပန်းနှိပ်စက်မှုကို ခံစားခဲ့ရသည့်အဆိုပါဖြစ်ရပ်များသည် မာကု၏မူလခရစ်ယာန်များဖြစ်သော ရောမခရစ်ယာန်ပရိသတ်များနှင့် ခိုင်မာစွာ ဆက်စပ်နေပေလိမ့်မည်။ သူတို့သည် သခင်၏ဆင်းရဲဒုက္ခနှင့် သူတို့၏ဆင်းရဲဒုက္ခများ၏တူညီမှုကို လျင်မြန်စွာမြင်တွေ့ပြီး၊ သူတို့၏အခက်အခဲများကို ခံနိုင်ရည်ရှိရန်အတွက် ကိုယ်တော်၏သတ္တိကို အတုယူသင့်သည်။

သို့သော် ယေရှု၏ဆင်းရဲဒုက္ခ၏ အဆိုးဆုံးအပိုင်းမှာ လောက၏အပြစ်ကို ကိုယ်တော်သည် ယူဆောင်ပြီး၊ ခမည်းတော်ဘုရားသခင်၏ အမျက်ဒေါသကို နာခံခြင်းပင်ဖြစ်သည်။ နောက်ဆုံး၊ ကိုယ်တော်အသေခံပြီးနောက်၊ ဥပုဒ်နေ့မတိုင်မီ မြှုပ်နှံချိန်မရှိသောကြောင့် အလောင်းတော်ကို သင်္ချိုင်းတွင်း၌ထားခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မေရှိယ၏ကြေငြာချက်၊ မေရှိယ၏တန်ခိုး၊ မေရှိယနှင့်ပတ်သက်၍ တမန်တော်များ၏ခံယူချက် နှင့် မေရှိယ၏ဆင်းရဲဒုက္ခတို့ကို လေ့လာပြီးနောက်၊ မာကု ၁၆:၁-၈ တွင်ဖော်ပြသည့် သခင်၏ထမြောက်ခြင်းအကြောင်း၊ မေရှိယ၏အောင်မြင်ခြင်းကိုဆက်လေ့လာရန် ကျွန်ုပ်တို့ အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

## မေရှိယ၏အောင်မြင်ခြင်း

ဤအပိုင်း၏အကြောင်းအရာကို ကျွန်ုပ်တို့မလေ့လာမီ၊ မာကုခရစ်ဝင်ကျမ်းသည် ၁၆:၈ တွင် အဆုံးသတ်သည်ဟု အဘယ်ကြောင့်ဆိုသည်ကို ရှင်းပြသင့်သည်။ အမှန်တကယ်တွင်၊ ကျွန်ုပ်တို့၏ ကျမ်းစာအများစုတွင် ဤအခန်းကြီးတွင် အခန်းငယ်နှစ်ဆယ်ရှိသည်။ သို့သော် ဤကျမ်းစာအများစုတွင် မာကု၏ခရစ်ဝင်ကျမ်း၏ အယုံကြည်ရဆုံးရှေးဟောင်းလက်ရေးစာမူများတွင် အခန်းငယ် ၉-၂၀ မပါကြောင်း မှတ်ချက်များရှိသည်။

မာကု၏ရှေးခေတ်ဂရိလက်ရေးစာမူများတွင်၊ ကွဲပြားခြားနားသောအဆုံးသတ်သုံးခုရှိသည်။ စာမူအုပ်စုတစ်စုသည် အခန်းငယ် ၈ တွင် အဆုံးသတ်သည်။ ဒုတိယအုပ်စုသည် အခန်းငယ် ၂၀ တွင် အဆုံးသတ်သည်။ တတိယအုပ်စုတွင် အခန်းငယ် ၈ ပြီးနောက် ဝါကျနှစ်ကြောင်းဖြင့် အဆုံးသတ်ထားသည်။

အထောက်အထားအားလုံးကို သေချာအကဲဖြတ်ပြီးနောက် မာကုသည် သူ၏ခရစ်ဝင်ကျမ်းကို အခန်းငယ် ၈ ဖြင့် အဆုံးသတ်ကြောင်း ပညာရှင်အများစု ကောက်ချက်ချခဲ့ကြသည်။ ရှေးအကျဆုံးနှင့် အရေးအကြီးလက်ရေးစာမူ ဓလေ့ထုံးတမ်းများသည် အတိုဆုံးအဆုံးသတ်ကို မူရင်းအဖြစ် သဘောထားကြသည်။

မာကုသည်ခရစ်ဝင်ကျမ်းကို "ကြောက်လန့်သောကြောင့်"ဟူသည့်ဝါကျနှင့် နိဂုံးချုပ်သည်ဟူသောအယူအဆကို ကျမ်းတတ်တစ်ယောက်သည် စိတ်မသက်မသာ ခံစားမိသောကြောင့် အခြားအဆုံးသတ်နှစ်ခုကို ပေါင်းထည့်ထားခြင်းဖြစ်နိုင်သည်ဟု ပညာရှင်များ ယုံကြည်ကြသည်။ သို့သော်ဤကျမ်းရေးသူ၏အဆင်မပြေဖြစ်မှုသည် အခြေအမြစ်မရှိပါ။ အမှန်မှာ၊ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်အံ့သြခြင်းနှင့် အံ့အားသင့်ခြင်းစသည့် အကြောင်းအရာသည် ဤခရစ်ဝင်ကျမ်းတစ်လျှောက်လုံးတွင် တွေ့ရသည်။ ထို့အတွက်ကြောင့်၊ ကြောက်လန့်မှုကို အလေးပေးခြင်းသည် ဤခရစ်ဝင်ကျမ်းကို အဆုံးသတ်ရန် အလွန်သင့်လျော်သောနည်းလမ်းဖြစ်သည်။ ၎င်းသည် မာကု၏ မူရင်းပရိသတ်များ၏ အတွေ့အကြုံများနှင့်လည်း ကိုက်ညီသည်။ သူတို့သည် ယေရှုရှင်ပြန်ထမြောက်ပြီးနောက် နှိပ်စက်ညှဉ်းပန်းမှုများနှင့် ရင်ဆိုင်ရသောအခါ၊ ယေရှု၏ကနဦးတပည့်တော်များသည်လည်း ကြောက်ရွံ့ခြင်းတွေ့ကြုံခဲ့ရသည်ကို သိရသောကြောင့် ၎င်းတို့သည် သက်သာရာရခဲ့ကြသည်။

မာကု ၁၆:၁-၈ တွင်ယေရှု၏ရှင်ပြန်ထမြောက်ခြင်း မှတ်တမ်းကို ယခုပင်ကြည့်ကြပါစို့။ မာကု၏ ရှင်ပြန်ထမြောက်ခြင်းမှတ်တမ်းသည် အခြားခရစ်ဝင်ကျမ်းများတွင်ပါရှိသည့် မှတ်တမ်းထက် ပို၍တိုသော်လည်း၊ ဤအတိုကောက်သည် ဤခရစ်ဝင်ကျမ်း၏အနှစ်ချုပ်နှင့် လုံးဝကိုက်ညီပါသည်။ သင်မှတ်မိသည်နည်းတူ၊ ခရစ်ဝင်ကျမ်းကိုအစပြုသောမေရှိယ၏ကြေငြာချက်သည်အလွန်တိုတောင်းသည်၊ မေရှိယကိုတမန်တော်များ၏အတည်ပြုချက်သည်လည်း ခရစ်ဝင်ကျမ်း၏ဗဟိုချက်ဖြစ်သည်။

မေရှိယ၏အောင်မြင်ခြင်းနှင့်ပတ်သက်သည့် ဤအပိုင်းသည် ယေရှုသေဆုံးပြီး၊ သင်္ဂြိုဟ်ပြီး နောက် သုံးရက်မြောက်သောနေ့တွင် သူ၏အလောင်းကို ဆီနှင့်လိမ်းရန် သင်္ချိုင်းသို့လာရောက်သော အမျိုးသမီးများနှင့် စတင်သည်။ ရှင်းလင်းသောသတင်းစကား တိုက်ရိုက်ဖော်ပြသော ကောင်းကင်တမန် တစ်ပါးမှ ၎င်းတို့ကို တွေ့ဆုံခဲ့သည်။ ယေရှုသည် သူ၏ဓမ္မအမှုတော်တစ်လျှောက် အကြိမ်များစွာ မိန့် တော်မူခဲ့သည့်အတိုင်း သေခြင်းကိုအောင်နိုင်ခဲ့ပြီး အောင်မြင်ခြင်း၌ ထမြောက်ခဲ့သည်။ မာကု ၁၆း၆-၈ တွင် ခရစ်ဝင်ကျမ်း၏အဆုံးသတ်ကို နားထောင်ပါ_

> "ထိတ်လန့်မိန်းမောခြင်းမရှိကြနှင့်။"[ကောင်းကင်တမန်] မိန့်တော်မူသည်... "ထိုသူသည်ထမြောက်တော်မူပြီ။ ဤအရပ်၌မရှိ။ အလောင်းတော်ထားရာ အရပ်ကို ကြည့်ကြလော့..." ထိုမိန်းမတို့သည်လည်း၊ သင်္ချိုင်းတော်မှထွက်၍ တုန်လှုပ်လျက်၊ မိန်းမောတွေဝေလျက် ပြေးကြ၏။ ကြောက်လန့်သောကြောင့် အဘယ်သူကိုမျှ မပြောမဆိုကြ။

မာကု၏ ဇာတ်လမ်းတွင် အမျိုးသမီးများ၏ တုံ့ပြန်မှုသည် လုံးဝခန့်မှန်းနိုင်သည်_သူတို့ ကြောက် လန့်ကြသည်။ ဤခရစ်ဝင်ကျမ်းရှိလူတိုင်းနီးပါးသည် ကြောက်ရွံ့ခြင်း၊ ထိတ်လန့်အံ့သြခြင်းနှင့် အံ့အား သင့်ခြင်းဖြင့် ဘုရား၏တန်ခိုးကြီးသောတည်ရှိမှုကို တုံ့ပြန်ကြသည်။

> ၎င်းသည် Markan ၏ဖော်ပြချက်ဖြစ်သည်။ ဤတွင် အမျိုးသမီးများသည် ရှင်ပြန်ထမြောက်ခြင်းသတင်းကို သွား၍ဟောပြောဝေငှရန် အမိန့်ပေးခံရ သော်ငြား၊ သူတို့သည် ကြောက်လန့်ကာ မည်သူ့ကိုမျှဟောပြောခြင်းမပြုဘဲ ထွက်ပြေးသွားကြသည်။ သို့တိုင်၊ ဤတွင် ကျွန်ုပ်တို့သည် နှစ်ပေါင်းနှစ်ထောင် အကြာတွင် ဤစာကိုဖတ်နေပြီး ၎င်းသည် ဇာတ်လမ်း၏အဆုံးမဟုတ်ကြောင်း ကျွန်ုပ်တို့သိပါသည်။ ဘုရားသခင်၏ သမ္မာတရားသည် အောင်ပွဲခံကြောင်း ကျွန်ုပ်တို့သိသည်၊ ထို့ကြောင့် ဤအရာသည်သမ္မာကျမ်းစာတွင် လူသားတို့၏ ကျရှုံးမှုနှင့် ဆန့်ကျင်ဘက်ဖြစ်နေသော ဘုရားသခင်၏သစ္စာရှိမှု၊ ရည်ရွယ်ချက် များနှင့် ကျွန်ုပ်တို့ ထပ်ခါတလဲလဲတွေ့ရသော ရှုပ်ထွေးမှုတစ်ခုဖြစ်သည်။
>
> **ဒေါက်တာ Robert L. Plummer**

ဘုရားသခင့်လူမျိုးသည် ဤဘဝတွင် အားနည်းချက်နှင့် လိုအပ်ချက်များကို တွေ့ကြုံရလိမ့်မည်။ ၎င်းသည် ရောမမြို့ရှိ မာကု၏မူရင်းပရိသတ်အတွက် မှန်ကန်သည်၊ ၎င်းသည် ခေတ်အဆက်ဆက် အသင်းတော်အတွက်လည်း ဆက်လက်မှန်ကန်နေသည်။ သို့သော် ဧဝံဂေလိသတင်းကောင်းမှာ ဘုရား သခင်၏နိုင်ငံတော်သည် ရောက်လာပြီဖြစ်သည်။ မေရှိယသည် ဘုရားသခင့်လူမျိုး၏ရန်သူများကို အောင်နိုင်ခဲ့သည်—နောက်ဆုံးရန်သူ၊ သေခြင်းတရားကိုပင် ဖြစ်တော်မူသည်။ ထိုအကြောင်းကြောင့်၊ ဘုရားသခင်၏လူများသည် နိုင်ငံတော်ဆိုင်ရာဧဝံဂေလိတရား၏ရန်သူများကို ရဲရင့်စွာရင်ဆိုင်နိုင်ကြ သည်။ အောင်မြင်ခြင်းသည် ကျွန်ုပ်တို့၏အရာဖြစ်နေပြီဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မာကု၏ခရစ်ဝင်ကျမ်း၏ နောက်ခံသမိုင်း၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် အကြောင်းအရာတို့ကို သုံးသပ်ပြီးနောက်၊ ၎င်း၏ အဓိကအကြောင်းအရာများကို လေ့လာရန်အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

# အဓိကအကြောင်းအရာများ

မေရှိယ သို့မဟုတ် ခရစ်တော်အဖြစ် ယေရှု၏အထောက်အထားသည် သူ၏ခရစ်ဝင်ကျမ်းတွင် မာကုဖော်ပြသော အလွန်အရေးပါသောအကြောင်းအရာဖြစ်သည်မှာ သေချာပါသည်။ မာကုက သူ၏ စာဖတ်သူများအား၊ သူတို့၏အပြစ်များမှကယ်တင်ရန် ယေရှုသည် အမှန်တကယ်ကြွလာခဲ့ကြောင်း သိရှိစေလိုသည်။ ယေရှုသည် သေခြင်းကို အောင်နိုင်ခဲ့သော ဘုရင်ဖြစ်သည်။ သူသည် တန်ခိုးကြီးသည်၊ ကြောက်မက်ဖွယ်ကောင်းသည်၊ မရပ်တန့်နိုင်၊ ဘုန်းကြီးသည်။ သူသည် ဘုရားသခင်၏နိုင်ငံတော်ကို မြေကြီးပေါ်သို့ ယူဆောင်လာခြင်းဖြင့် သူတို့ကို ကယ်တင်ရန် ကြွလာခဲ့သည့် ရွေးနှုတ်ရှင်ဖြစ်သည်။ ထို့ပြင် သူ့ကိုထပ်၍မမြင်နိုင်သော်လည်း၊ သူသည် ထိန်းချုပ်ထားဆဲဖြစ်ပြီး၊ သူစတင်ခဲ့သည့်ကယ်တင်ခြင်းကို အပြီးသတ်ဖို့ရန် ပြန်လာမည့်အကြောင်း ကတိပေးခဲ့သည်။

ဤသင်ခန်းစာတွင် ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက်၊ ယေရှု၏မေရှိယဖြစ်ခြင်း၏အကြောင်းအရာကိုနှစ်ပိုင်းခွဲပါမည်။ ဦးစွာ၊ ကျွန်ုပ်တို့သည် ယေရှုအား မေရှိယဆိုင်ရာဆင်းရဲဒုက္ခခံသည့် အစေခံအဖြစ် မှတ်ယူပါမည်။ ဒုတိယ၊ သူ၏ဝိသေသလက္ခဏာကို မေရှိယ အောင်နိုင်သူရှင်ဘုရင်အဖြစ် ကျွန်တော်တို့ ကြည့်ပါမည်။ ဆင်းရဲဒုက္ခခံသည့်အစေခံအဖြစ် ယေရှု၏အခန်းကဏ္ဍဖြင့် စကြပါစို့။

## ဆင်းရဲဒုက္ခခံသည့်အစေခံ

ဆင်းရဲဒုက္ခခံသည့်အစေခံအဖြစ် ယေရှုအကြောင်း ကျွန်ုပ်တို့၏ဆွေးနွေးချက်ကို သုံးပိုင်းခွဲပါမည်။ ပထမ၊ မေရှိယနှင့်ပတ်သက်၍ ဂျူးလူမျိုးတို့၏မျှော်လင့်ချက်များကို ဖော်ပြပါမည်။ ဒုတိယ၊ ဆင်းရဲဒုက္ခခံသည့်အစေခံအဖြစ် ယေရှု၏ဓမ္မအမှုတော်၏သဘောသဘာဝကို အတိုချုံးဖော်ပြပါမည်။ တတိယ၊ မာကုသည် သူ၏စာဖတ်သူများကို ယေရှု၏မေရှိယဖြစ်ခြင်း၏ဤရှုထောင့်တွင်ရှိစေလိုသည့် မှန်ကန်သောတုံ့ပြန်မှုအကြောင်းကို ကျွန်ုပ်တို့ပြောဆိုပါမည်။ ယေရှုခေတ်တွင် ဖြစ်လေ့ရှိသည့် မေရှိယဆိုင်ရာ ဂျူးလူမျိုးတို့၏မျှော်လင့်ချက်များကို ဦးစွာကြည့်ကြပါစို့။

### ဂျူးလူမျိုးတို့၏မျှော်လင့်ချက်များ

ခရစ်တော်မပေါ်မီ နှစ်ရာပေါင်းများစွာကတည်းကပင် ဣသရေလလူမျိုးအများစုသည် ကတိတော်ပြည်ပြင်ပတွင် နေထိုင်ခဲ့ကြသည်။ တိုင်းပြည်တွင်း၌ ကျန်ခဲ့သောသူများသည် တပါးအမျိုးသား အုပ်စိုးရှင်များ၏ ဖိနှိပ်ချုပ်ချယ်မှုအောက်တွင်နေကြရသည်။ အစပိုင်းတွင် ဗာဗုလုန်လူမျိုး၊ ထို့နောက် မေဒိ၊ ပါရှန်၊ ဂရိလူမျိုး၊ နောက်ဆုံးတွင် ရောမလူမျိုးများဖြစ်သည်။ ဤရှည်လျားသောဆင်းရဲဒုက္ခ၏

သမိုင်းကြောင်းသည် ဂျူးလူမျိုးဓမ္မပညာရှင်များအနေဖြင့် ဓမ္မဟောင်းပရောဖက်ပြုချက်များဖြစ်သော ဘုရားသခင်သည် နောက်ဆုံးတွင် ဣသရေလ၏နိုင်ငံကို ပြန်လည်ထူထောင်ရန် လွှတ်မြောက်ပေးသူ မေရှိယအား စေလွှတ်တော်မူမည်ဟူသောအချက်ကို အလေးပေးခဲ့သည်။

ဂျူးတို့၏ မေရှိယဆိုင်ရာမျှော်လင့်ချက်များသည် ပုံစံအမျိုးမျိုးဖြင့် မှတ်ယူခဲ့သည်။ ဥပမာ၊ ရောမအာဏာပိုင်များကို ပုန်ကန်ခြင်းဖြင့် မေရှိယ၏နေ့ရက်၌ဣသရေလလူမျိုးသည် ဘဝသစ်အစပြုရန် ဘုရားသခင်အလိုရှိသည်ဟု စိတ်ထက်သန်သူများသည် ယုံကြည်ကြသည်။ မတူကွဲပြားသောနောက်ဆုံးကာလဆိုင်ရာအုပ်စုများသည် ဘုရားသခင်သည် သူ၏ရန်သူများကို ဖျက်ဆီးပြီး လူများကို ပြန်လည်ထိန်းသိမ်းရန် သဘာဝလွန်ဖြင့် ဝင်ရောက်စွက်ဖက်မည်ဟု ယုံကြည်ကြသည်။ ဣသရေလလူမျိုးသည် ပညတ်တရားကို နာခံသည့်အချိန်တိုင်အောင် ဘုရားသခင်သည် ဝင်ရောက်စွက်ဖက်မည်မဟုတ်ဟု ယုံကြည်သော ဖာရိရှဲများကဲ့သို့သော အမည်ခံများလည်း ရှိသည်။ ထို့ကြောင့် ယေရှု၏ခေတ်ကာလတွင် သူတို့၏မေရှိယကြွလာမည့်အချိန်ကို တောင့်တပြီး စောင့်မျှော်နေသူများစွာရှိခဲ့သည်။

နှိမ့်ချ၍ ဆင်းရဲဒုက္ခခံသည့်အစေခံအဖြစ် ကြွလာတော်မူသည်။ မေရှိယအုပ်ချုပ်မှုအောက်ရှိ မြေကြီးဆိုင်ရာနိုင်ငံသည် လွန်ခဲ့သည့်ရာစုနှစ်များစွာ၌ ဒါဝိဒ်အုပ်ချုပ်ခဲ့သောနိုင်ငံနှင့်ဆင်တူသည့်နိုင်ငံကို ဂျူးလူမျိုးတို့မျှော်လင့်ခဲ့ကြသည်။ သို့သော် ယေရှုသည် မြေကြီးဆိုင်ရာဓမ္မအမှုတော်တွင် ဤနိုင်ငံတော် တည်ထောင်ရန် မကြိုးစားခဲ့ပါ။ ၎င်းကြောင့် လူများစွာသည် သူ့ကို မေရှိယအဖြစ် လက်မခံငြင်းပယ်ခဲ့ကြသည်။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ၊ ဆင်းရဲဒုက္ခခံသည့်အစေခံအဖြစ် မေရှိယ၏အယူအဆသည် အသစ်အဆန်းမဟုတ်ပါ။ ဓမ္မဟောင်းကျမ်းတွင် ပရောဖက်ဟေရှာယသည် မေရှိယ၏ဤအခန်းကဏ္ဍနှင့်ပတ်သက်၍ အထူးသဖြင့် ဟေရှာယ ၅၃ တွင် ဖော်ပြခဲ့ပြီး၊ ဓမ္မသစ်ကျမ်းသည်၎င်းကို မကြာခဏ ယေရှုအားဖော်ပြသည်။ ယေရှုသည် ဆင်းရဲဒုက္ခခံပြီး အမှုတော်မဆောင်လျှင်၊ ဓမ္မဟောင်း၏ လိုအပ်ချက်များကို မေရှိယအဖြစ် ဖြည့်ဆည်းပေးမည်မဟုတ်ကြောင်း ကျွန်ုပ်တို့ ပြောနိုင်သည်။ ထို့ကြောင့်၊ ယေရှုသည် ခရစ်တော်အဖြစ် အရည်အချင်းပြည့်မီပြီး၊ သူ၏ဆင်းရဲဒုက္ခခံစားခြင်းသည် အမှန်တကယ်ခရစ်တော်ဖြစ်ကြောင်း သက်သေထူသည်။ သို့သော် ယေရှုအသက်ရှင်စဉ်တွင် ဤဓမ္မဟောင်းအကြောင်းအရာကို လူအနည်းငယ်သာ ပိုင်းခြားသိမြင်ခဲ့ကြသည်။ သူတို့ထဲမှအများစုသည် မေရှိယနှင့်ပတ်သက်သော မျက်မှောက်ခေတ်ဂျူးများ၏ထင်မြင်ယူဆချက်များကို အလွန်လက်ခံထားတာကြောင့် ကိုယ်တော်ကြွလာချိန်တွင် မမှတ်မိကြ။

> မေရှိယ၏အယူအဆသည် ဓမ္မဟောင်းကျမ်းတွင် အလွန်အရေးကြီးသည်မှာ ရှင်းပါသည်။ မေရှိယသည် ဘိသိက်ခံသောသူ၊ ဘိသိက်ခံရှင်ဘုရင်ဖြစ်သည်။ အကယ်၍ ဣသရေလသည် နာခံမှုရှိပြီး လူသားဘုရင်တစ်ပါးကို မတောင်းဆိုပါက၊ ခရစ်တော် မည်သို့ကြွလာမည်ဟူသည်မှာ အံ့သြစရာပင်ဖြစ်သည်။ သို့သော် သူတို့လုပ်ခဲ့ကြသည်။ ထို့ကြောင့် မိမိလူမျိုးတို့ကို ဂရုမစိုက်သူများ၊ ဘုရားသခင်၏တရားမျှတမှုကို လောက၌မတည်ဆောက်သူများ၊ မိမိကိုယ်ကို သာဦးစားပေးကြသော “ဘိသိက်ခံသူများ”အားဆက်ခံသူများ သင့်ထံတွင်ရှိကြ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သည်။ ဓမ္မဟောင်းကျမ်း၏ဤတောင့်တမှုသည် သင့်ထံတွင် ထွက်ပေါ်လာနေသည်။ "အို၊ မေရှိယဖြစ်သင့်သည့်ပုဂ္ဂိုလ် ကျွန်ုပ်တို့၌ရှိနေသည် မဟုတ်လော။" ထို့ကြောင့် သင့်ထံတွင် ကြွလာမည့်ရှင်ဘုရင်၏ ဤပုံဆောင်ချက်ရှိသည်၊ သို့သော် အထူးသဖြင့် ဟေရှာယတွင် ဤကြွလာမည့်ရှင်ဘုရင်နှင့် သန့်ရှင်းသော ဝိညာဉ်တော်အကြား စိတ်ဝင်စားဖွယ် ဆက်စပ်မှုရှိသည်။ ဓမ္မဟောင်းကျမ်း၏ လူများသည် မေရှိယကို တောင့်တရုံသာမက၊ သန့်ရှင်းသောဝိညာဉ်တော်ကြွလာ၍ Torah ကို နာခံနိုင်စေရန်ကိုလည်း တောင့်တကြသည်။ ထို့ကြောင့်၊ အထူးသဖြင့် ဟေရှာယကျမ်းတွင် မေရှိယနှင့် ဝိညာဉ်တော်ကြားရှိ ဆက်နွယ်မှုကို ပုံဆောင်သည့် နည်းလမ်းများသည် စိတ်ဝင်စားစရာကောင်းသည်။ သူသည် ဝိညာဉ်တော်နှင့် ပြည့်ဝလိမ့်မည်။ ဝိညာဉ်တော်အားဖြင့် ဘိသိက်ခံတော်မူလိမ့်မည်။ သူသည်ဝိညာဉ်တော်အားဖြင့် ပြောသောသူဖြစ်သည်။ ထို့ကြောင့်၊ ထမြောက်သောယေရှုသည် သူတို့အား "ခမည်းတော်၏ဂတိတော်ကို ယေရုရှလင်မြို့၌စောင့်နေကြလော့"ဟုမိန့်တော်မူသည်ကို တပည့်တော်တို့သည် အံ့သြခြင်းမရှိကြပါ။ "အင်း၊ နောက်ဆုံးတွင် မေရှိယကိုပြောစေလိုသည့်ကျွန်ုပ်တို့မျှော်လင့်ထားသောအရာကို မေရှိယသည်မိန့်တော်မူသည်_ 'သန့်ရှင်းသော ဝိညာဉ်တော်ကို ရရှိစေမည်။'" သူတို့မလုပ်ခဲ့သည့်အရာမှာ ဤကာလ၌ ဘုရားသခင်၏တရားမျှတမှုနှင့် ဝိညာဉ်တော်၏ကာလသို့ ဆောင်ကြဉ်းဖို့အတွက် မေရှိယ၏အဖိုးအခကိုနားလည်ရန် ဖြစ်သည်။ သူတို့သည် ဟေရှာယ ၅၃ အားဟေရှာယ ၁၁ နှင့် မချိတ်ဆက်ခဲ့ပါ။ ဤတရားမျှတမှု၏နိုင်ငံတော်နှင့် ငြိမ်သက်ခြင်းနှင့် ဝိညာဉ်တော်၏အသက်တာတို့တွင် ဆောင်ကြဉ်းရန်အတွက် မေရှိယသည် အသေခံရမည်ဟူသောအချက်ကို ၎င်းတို့မချိတ်ဆက်ခဲ့။
>
> **ဒေါက်တာ John Oswalt**

ဤဂျူးလူမျိုးတို့၏မျှော်လင့်ချက်များအားစိတ်တွင်မှတ်သားထားခြင်းဖြင့်၊ ဆင်းရဲဒုက္ခခံသည့်အစေခံအဖြစ် ယေရှု၏ဓမ္မအမှုတော်သို့ ကြည့်ကြပါစို့။

## ယေရှု၏ဓမ္မအမှုတော်

ယေရှုသည် သေခြင်းဖြင့် အောင်နိုင်ခဲ့သော အံ့သြဖွယ်မေရှိယဖြစ်သည်။ ခရစ်ဝင်ကျမ်း၏ အစောပိုင်းတွင်မာကုသည်နောက်ဆုံးတွင်ကိုယ်တော်၏ကားစင်တင်သတ်ခြင်းကိုဖြစ်စေသောပဋိပက္ခများကိုဖော်ပြခဲ့သည်။ ခရစ်ဝင်ကျမ်း၏ဒုတိယတစ်ဝက်သည် ယေရှု၏ကြုံတွေ့မည့်ဆင်းရဲဒုက္ခနှင့် အသေခံခြင်းအကြောင်းအရာ၊ ထို့နောက် သူ၏အမှန်တကယ်ဆင်းရဲဒုက္ခနှင့် သေခြင်းတရားတို့သည် လွှမ်းမိုးထားသည်။

ယေရှု၏ဆင်းရဲဒုက္ခအပေါ် ဤအလေးပေးမှုနှင့်တူညီစွာ ကိုယ်တော်၏အမှုတော်အပေါ် အလေးပေးခြင်းဖြစ်သည်။ သူသည် အမျိုးမျိုးသောလူများကို ကုသပေးပြီး အမှုတော်ဆောင်ခဲ့သည်။

အပြစ်သားများကိုရွေးနုတ်ရန် ရွေးနုတ်အခအဖြစ် သူ၏အသက်ကို ပေးခဲ့သည်။ သူသည် ဘုရားသခင်၏လူမျိုးကို အကျိုးပြုရန်အတွက် အကြိမ်တိုင်းတွင် ဘုရားသခင်၏အလိုတော်ကို နာခံခဲ့သည်။

ဤဆင်းရဲဒုက္ခနှင့် အမှုတော်ဆောင်ခြင်းဆိုင်ရာ အကြောင်းအရာများကို မာကုအနေဖြင့်အစွမ်းထက်မြက်စွာ ဆက်စပ်ပေးသည့်နေရာတစ်ခုသည် မာကု ၁၀:၃၅-၄၅ ဖြစ်သည်။ ဤကျမ်းပိုဒ်တွင်၊ ယာကုပ်နှင့်ယောဟန်သည် ယေရှု၏နိုင်ငံတော်တွင် ဂုဏ်အသရေရှိသောနေရာရရှိရန် ယေရှုကို တောင်းဆိုခဲ့သည်။ ထိုအခါ အခြားသောတပည့်တော်ဆယ်ပါးတို့သည် ဤဂုဏ်တော်ကိုတောင့်တခြင်းအပေါ် ဒေါသဖြစ်ကြသည်။ ယေရှုမူကား၊ တကျိပ်နှစ်ပါးအားလုံးကို ပြစ်တင်ဆုံးမတော်မူသည်။ ကိုယ်တော်သည် သူတို့အား အမှုဆောင်ရန်တိုက်တွန်းခဲ့ပြီး သူ၏ဘဝအသက်တာကို စံပြအဖြစ် ပြခဲ့သည်။

> အစေခံခေါင်းဆောင်မှုတွင် ခေါင်းဆောင်သည် ဓမ္မအမှုတော်တွင် တက်ကြွစွာပါဝင်ရန်နှင့် ပေါလုပြောသည့်အတိုင်း သူတစ်ပါး၏အစေကိုခံလိုသောဆန္ဒရှိရန်၊ သူတစ်ပါးကိုကူညီမစရန်၊ သူတစ်ပါးကို ပြုစုပျိုးထောင်ရန် လိုအပ်သည်။ ထို့ကြောင့် ခေါင်းဆောင်သည် သွား၍လုပ်ပါဟုအမိန့်ပေးရုံမျှမက--အမိန့်ချမှတ်ပေးထားသော်လည်း၊ ခေါင်းဆောင်သည် ပန်းတိုင်နှင့် ရည်မှန်းချက်များကို ပြီးမြောက်အောင် ဦးဆောင်လမ်းပြသည်။ ၎င်းသည် ပင်ပန်းစွာအမှုဆောင်ခြင်းနှင့်ပတ်သက်၍ ပေါလု၏ပြောကြားချက်များကို ပြန်သတိရစေသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး သူက၊ သူ၏လုပ်ဖော်ဆောင်ဖက်အားလုံးကိုထက် ပိုမိုပင်ပန်းစွာ အမှုဆောင်သည်ဟု ပေါလုဆိုသည်။ ၎င်းသည် အစေခံခေါင်းဆောင်ဖြစ်ရခြင်း၏အဓိပ္ပါယ်၊ လူများကြားထဲဝင်ရောက်ကာ ဝန်ကိုထမ်းကူပြီး ရွေးနုတ်ကယ်တင်ရန်ဖြစ်သည်ဟူသည့် အလွန်ကြီးမားသော ခံစားချက်ကို သင့်အားပေးပါသည်။

**Rev. Larry Cockrell**

မာကု ၁၀:၄၅ တွင် ဤခေါင်းဆောင်မှုမျိုးအတွက် ယေရှု၏ရှင်းပြချက်ကို နားထောင်ပါ_

> အကြောင်းမူကား၊ လူသားသည်သူတစ်ပါးကို စေစားခြင်းငှာမလာ၊ သူတစ်ပါးအစေကိုခံခြင်းငှာလည်းကောင်း၊ မိမိအသက်ကိုစွန့်၍ လူများကိုရွေးခြင်းငှာလည်းကောင်း၊ ကြွလာသတည်းဟု မိန့်တော်မူ၏ (မာကု ၁၀:၄၅)။

ခေါင်းဆောင်မှုဟူသည်မှာ ဘုရားသခင်အားအစေခံခြင်းနှင့် မိမိနောက်သို့လိုက်သူများအား အစေခံမှုပုံစံတစ်ခုဖြစ်ကြောင်း ယေရှုရှင်းလင်းစွာဖော်ပြသည်။ ခေါင်းဆောင်မှုဟူသည်မှာ ဂုဏ်အသရေအတွက် အခွင့်အရေးတစ်ခုမဟုတ်ပါ။ ဆန့်ကျင်ဘက်အားဖြင့်၊ ခေါင်းဆောင်များအတွက် ပို၍ပင် ဒုက္ခရောက်နိုင်ပါသည်။ အမှန်တကယ်၊ အခြားသူများအတွက်အစေခံသည့် သူ၏အမှုတော်သည် အဆုံးတွင် သေခြင်း သို့ဦးတည်သွားမည်ဖြစ်ကြောင်း ယေရှုသိခဲ့သည်။ သို့သော်၎င်းသည် သူလက်ခံထားသည့် အမှုတော်တစ်ခုဖြစ်သည်။ တပည့်တော်တို့ကိုလည်း နှစ်သက်လက်ခံရန် မိန့်တော်မူသည်။

မာကု၏ခရစ်ဝင်ကျမ်းတွင်၊ ကိုယ်တော်သည် ဓမ္မဟောင်းကျမ်းတွင် ပရောဖက်ပြုထားသော ဆင်းရဲဒုက္ခခံသည့်အစေခံဖြစ်သည်ဟူသော သတင်းစကားကို ကျွန်ုပ်တို့ရရှိစေရန် အလွန်စိတ်အားထက်သန်ပုံရသည်။ ခရစ်ဝင်ကျမ်း၏ပထမပိုင်းတွင်၊ ရှင်ဘုရင်အဖြစ်ယေရှု၏အခန်းကဏ္ဍကို အလွန်အလေးပေးပြီး၊ ဒုတိယပိုင်းသည် ယေရှု၏ဆင်းရဲဒုက္ခနှင့် သေခြင်းအကြောင်း ဖြစ်သည်။ အဓိကသော့အခန်းငယ်သည် မာကု ၁၀:၄၅ ဖြစ်သည် "အကြောင်းမူကား၊ လူသားသည်သူတစ်ပါးကို စေစားခြင်းငှာမလာ၊ သူတစ်ပါးအစေကိုခံခြင်းငှာလည်းကောင်း၊ မိမိအသက်ကိုစွန့်၍ လူများကို ရွေးခြင်းငှာလည်းကောင်း၊ ကြွလာသတည်းဟု မိန့်တော်မူ၏" ထိုကျမ်းပိုဒ်သည် တပည့်တော်များအား ထိုကဲ့သို့သော အစေခံဖြစ်စေရန် တွန်းအားပေးကာ၊ ကျွန်ုပ်တို့၏အခွင့်အရေးကို အမှန်တကယ်မကျင့်သုံးခြင်းအတွက် သခင်ယေရှုသည်စံနမူနာဖြစ်ပြီး၊ ဇဝံဂေလိတရားနှင့်နိုင်ငံတော် ပြည့်စုံခြင်း အတွက် ၎င်းတို့ကိုဘေးဖယ်ထားခြင်းဖြစ်သည်။ ။ ၎င်းသည် ကျွန်ုပ်တို့အပေါ် မည်သို့မှမအုပ်စိုးသင့်ကြောင်း၊ တပည့်တော်များသည် မကြာခဏ လုပ်ဆောင်လေ့ရှိသည့်သကဲ့သို့ ကောင်းကင်ရှိ အကောင်းဆုံးနေရာများကို ကျွန်ုပ်တို့မရှာဖွေသင့်ကြောင်း မာကုသည် ကျွန်ုပ်တို့အား စံနမူနာတစ်ခု ပေးသည်။ အခြားသူများ၏အကျိုးအတွက် မိမိဆန္ဒအလျောက် ကိုယ်ကိုကိုယ်စတေးခဲ့သော ခရစ်တော်၏စံနမူနာကို ကျွန်ုပ်တို့သည် လိုက်နာကြပြီး၊ ၎င်းသည် ကျွန်ုပ်တို့လိုက်နာသည့်စံနမူနာဖြစ်သည်။

**Rev. Dr. Simon Vibert**

ထို့ကြောင့် ယေရှုမိန့်မှာသော ဤအစေခံခေါင်းဆောင်မှုပုံစံကို စဉ်းစားကြည့်လျှင်၊ ထိုကဲ့သို့သောခေါင်းဆောင်မှုမျိုးနှင့်ပတ်သက်၍ ယေရှုမည်သို့ဖော်ပြသည်ကို ခရစ်ဝင်ကျမ်းများတွင် တွေ့နိုင်သည်။ ယေရှုသည် မတူညီသော လူများနှင့်တွေ့ဆုံချိန်၊ သူတို့၏လိုအပ်ချက်များနှင့်ပတ်သက်၍ဆောင်ရွက်ချိန်၌ ပထမဆုံးကျွန်ုပ်တို့မြင်တွေ့ရသည့်အရာမှာ သေချာစွာ နားထောင်ခြင်းပင် ဖြစ်သည်။ သူတို့၏အခြေအနေကို ကိုယ်တော်မြင်သည်။ သူတို့ဘဝ၏ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များ၊ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များအား သူတို့ပြောစကားများတွင်သာမဟုတ် သူတို့၏အတွင်းအခြေအနေမှန်အားလည်း ကိုယ်တော်သည်အမှန်တကယ်နားထောင်ပါသည်။ ထို့ကြောင့် ဥပမာအားဖြင့် ဤတွေ့ဆုံမှုကို  မာကု၏ခရစ်ဝင်ကျမ်းတွင် နှစ်ပေါင်းများစွာ နတ်ဆိုးများ နှောင့်ယှက်ခြင်းကြောင့် မိမိကိုယ်ကို ထိခိုက်နာကျင်အောင်ပြုသည့် သားဖြစ်သူ နှင့်ပတ်သက်၍ မျှော်လင့်ချက်ရှိသေးသည်ဟု မခံစားသောဖခင်နှင့် တွေ့ဆုံခြင်း တွင်ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။ သူသည် "မယုံကြည်သည်ကို မစတော်မူပါ"

> ဟုဆိုသည်။ ထို့ကြောင့် ယေရှုသည် သူ့ကိုပြစ်တင်ဝေဖန်မည့်အစား၊ နားထောင်ကာ သူ၏သားကို ကုသပေးသည်။ ထို့ပြင် ခရစ်ဝင်ကျမ်း၏လမ်းကြောင်းဖြစ်သော ယေရှု အဘာယ်အရပ်သို့ဦးတည်သွားသည်ကို ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။ သခင်ယေရှုသည် သူ၏နောက်လိုက်များအတွက် အသက်ကိုစွန့်၍ သူတို့၏အပြစ်များကို ပေးဆပ်ရန် ယေရုရှလင်မြို့သို့ သွားသည်။ ထိုခေတ်ကာလ၏ အစဉ်အလာအရလူတိုင်းမိမိအကျိုးရှာကြသော်လည်း၊ ကိုယ်တော်သည် သူ့အကျိုးအတွက် ဂုဏ်အသရေ တစ်စုံတစ်ရာကိုဖယ်ထားပြီး၊ နောက်လိုက်များအတွက် သူ၏အသက်ကိုစွန့်ကာ ပေးဆပ်သည့်ချစ်ခြင်းမေတ္တာကို ဖော်ပြခဲ့သည်။ သူတွေ့ဆုံသည့်လူများကို ဂရုစိုက်နားထောင်ပေးပုံ၊ ထို့နောက် ယေရုရှလင်မြို့သို့ သွားခြင်းသည် သူ၏အသက်ကိုစွန့်ရန်ဖြစ်ပုံ စသည်တို့သည် ခရစ်ဝင်ကျမ်းတွင် သခင်ယေရှုသရုပ်ပြသောပုံစံဖြစ်သည်။ ၎င်းသည် အစေခံခေါင်းဆောင်မှုဖြစ်သည်။

**ဒေါက်တာ Gregory R. Perry**

ဂျူးတို့၏ မေရှိယဆိုင်ရာမျှော်လင့်ချက်များနှင့် ယေရှု၏ဓမ္မအမှုတော်တို့ကို စိတ်ထဲတွင်မှတ်သားထားပြီး၊ မာကုသည် သူ၏စာဖတ်သူများအနေဖြင့် ယေရှု၏ဝိသေသလက္ခဏာများကိုခရစ်တော်အဖြစ် တုံ့ပြန်စေလိုမှုကို သုံးသပ်ကြည့်ကြပါစို့။

## မှန်ကန်သောတုံ့ပြန်မှု

နောက်လိုက်များသည် ဆင်းရဲဒုက္ခကြုံတွေ့ကြမည်ကို ယေရှုသွန်သင်ခဲ့သည်။ လူ့အဖွဲ့အစည်းအတွင်း ဆန့်ကျင်မှုများနှင့် ရင်ဆိုင်ရလိမ့်မည်။ သူတို့မိသားစုများအတွင်း၌ ပဋိပက္ခများရှိလိမ့်မည်။ နတ်ဆိုးများ၏ သွေးဆောင်မှုနှင့် နှောင့်ယှက်ခြင်းကို ခံရမည်။ နိုပ်စက်ညှဉ်းပန်းခံရပြီး အချို့မှာ အသေသတ်ဖြတ်ခြင်းပင် ခံရမည်ဖြစ်သည်။ သို့သော် သူတို့၏ သစ္စာစောင့်သိမှုနှင့် ဇွဲလုံ့လ ကိုယ်တော်လိုအပ်နေသေးသည်။ မာကု ၁၂:၃၀ တွင် ဤအယူအဆကို ယေရှု မည်သို့ဖော်ပြထားသည်ကို နားထောင်ပါ။

> သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့။ ဤပညတ်သည် ပဌမပညတ်ဖြစ်၏ (မာကု ၁၂:၃၀)။

ဤတွင်၊ ယေရှုသည် မိမိလူမျိုး၏အသက်တာအပေါ် ဘုရားသခင်၏တောင်းဆိုချက်အလုံးစုံကို အလေးပေးဖော်ပြရန် တရားဟောရာ ၆:၅ ကို ကိုးကားခဲ့သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဖြစ်တည်မှုနှင့် ဘဝကဏ္ဍအသီးသီးတွင် ဘုရားသခင်ထံ လုံးဝဆက်ကပ်အပ်နှံရမည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သခင်ယေရှုနောက်လိုက်ခြင်းတွင် ပေးဆပ်အနစ်နာခံခြင်းနှင့် ဆင်းရဲဒုက္ခ ပါဝင်သည်။ သို့သော် ကျွန်ုပ်တို့ကိုယ်တော်ထံလုံးဝအပ်နှံထားရန်နှင့် လောကီမထီမဲ့မြင်ပြုခြင်းများကြားတွင် သူ၏နိုင်ငံတော်အတွက် အသက်ရှင်လိုစိတ်ရှိရန် ကျွန်ုပ်တို့ကို ကိုယ်တော်တောင်းဆိုနေသေးသည်။

ဥပမာတစ်ခုအနေနှင့် မာကု ၁၀:၁၇-၃၁ တွင် ချမ်းသာသောလူငယ်၏ဇာတ်လမ်းကို သုံးသပ်ကြည့်ပါ။ ထာဝရအသက်ကို အမွေခံနိုင်ရန် မည်သည့်အရာလုပ်ဆောင်ရမည်နည်းဟု ယေရှုအားမေးရာ၊ ယေရှုသည် မိမိဥစ္စာရှိသမျှကို ရောင်း၍ ဆင်းရဲသားတို့အား ပေးလှူရန် မိန့်တော်မူသည်။ သို့သော် ယေရှု၏တောင်းဆိုချက်များသည် ချမ်းသာသောလူငယ်လုပ်ဆောင်နိုင်သည်ထက် ကြီးမားသောကြောင့် တွေဝေ၍ထွက်သွားခဲ့သည်။ "ကုလားအုပ်သည် အပ်နဖားကို လျှိုလွယ်၏။ ငွေရတတ်သောသူသည် ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်ခဲသည်ဟု မိန့်တော်မူ၏။" ထို့ကြောင့် ၎င်းသည် အံ့သြဖွယ်မဟုတ်ဟု တပည့်တော်များအား မိန့်တော်မူသည်။ သူ့နောက်လိုက်များသည် မိသားစု၊ အိမ်နှင့် ပစ္စည်းဥစ္စာများကို ချန်ထားခဲ့ရန်ဆန္ဒရှိရမည်ဟု ဆက်၍မိန့်တော်မူသည်။ ညှဉ်းပန်းနှိပ်စက်ခံလိုစိတ်ရှိကြသည်။ သူ့ကြောင့် အသေခံဖို့ပင် ဆန္ဒရှိကြသည်။ ရှင်မာကု ၈း၃၄-၃၅ တွင် ယေရှုမိန့်တော်မူခဲ့သည့်အတိုင်း_

> အကြင်သူသည် ငါ၌ဆည်းကပ် ခြင်းငှါ အလိုရှိ၏။ ထိုသူသည် ကိုယ်ကိုကိုယ် ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကို ထမ်း၍ ငါ့နောက်သို့ လိုက်ရမည်။ အကြင်သူသည် မိမိအသက်ကို ကယ်ဆယ်ခြင်းငှါအလိုရှိ၏။ ထိုသူသည် အသက်ရှုံးလိမ့်မည်။ အကြင်သူသည် ငါ့ကြောင့်၎င်း၊ ဧဝံဂေလိတရားကြောင့်၎င်း အသက်ရှုံး၏။ ထိုသူသည် မိမိအသက်ကို ကယ်ဆယ်လိမ့်မည် (မာကု ၈း၃၄-၃၅)။

တစ်နည်းမဟုတ် တစ်နည်းအားဖြင့်၊ ခရစ်ယာန်တိုင်းတွင် လက်ဝါးကပ်တိုင်တစ်ခုစီ ရှိသည်။ သို့သော် ကယ်တင်ခြင်း၏ ဘုန်းအသရေနှင့် ကောင်းချီးသည် ပေးဆပ်အနစ်နာခံရန် ထိုက်တန်ပါသည်။

> အကြောင်းမှာ တစ်ဖက်တွင်၊ ယေရှုသည် လက်ဝါးကပ်တိုင်ကို ဆောင်ယူရန် မိန့်ခဲ့သော်လည်း၊ ပေတရု၏အသက်တာတွင် လက်ကိုကြည့်လျှင်ဓားကိုမြင်သည့် အခိုက်အတန့်များရှိခဲ့သည်။ သူသည် ယဇ်ပုရောဟိတ်၏နားကို ဖြတ်ခဲ့သည်။ ဓား သို့မဟုတ် လက်ဝါးကပ်တိုင်သည် ရာစုနှစ်များစွာကြာ အသင်းတော်၏အကျပ်အတည်းဖြစ်ခဲ့သည်ဟု သင်မြင်ပါသလား။ ကျွန်ုပ်တို့သည် လူသား၏တီထွင်ဉာဏ် သို့မဟုတ် လူသား၏နည်းလမ်း သို့မဟုတ် လူသားဉာဏ်ပညာနောက်လိုက်နာပါသလား။ သို့မဟုတ် ကျွန်ုပ်တို့သည် မိမိကိုယ်ကို ငြင်းပယ်ပြီး ယေရှုနောက်သို့ လိုက်ခြင်းဖြင့် မိမိကိုယ်ကို အသေခံခြင်းရှိပါသလား။ သားတော်အားဖြင့် ဘုရားသခင်ပေးသော ဘုန်းအသရေတော်သည် ယေရှုနောက်ကိုလိုက်၍ လက်ဝါးကပ်တိုင်လမ်းအားဖြင့်သာ တွေ့နိုင်ကြောင်းကို ယေရှုရှင်းလင်းစွာဖော်ပြခဲ့သည်။ ထို့ကြောင့်မေးခွန်းမှာ ကျွန်ုပ်တို့ အလျှော့အတင်းမည်ကဲ့သို့လုပ်နိုင်သနည်း၊ မည်သည့်နေရာတွင် အပေးအယူလုပ်ရမည်နည်း။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အမှန်တကယ် ကျွန်ုပ်တို့သည် ယေရှုနောက်သို့ လိုက်မည်လော။ လူတို့သည် ထိုရည်ရွယ်ချက်အတိုင်း ကတိကဝတ်ပြုသောအခါ၊ ယေရှု၏လမ်းသည် ကားတိုင်လမ်းဖြစ်သည်ကို နားလည်ကြပြီး၊ သူ့နောက်သို့လိုက်ခြင်းသည် မိမိကိုယ်ကိုသေခြင်းနှင့် ကိုယ်တော်အတွက် အသက်ရှင်ခြင်းဖြစ်သည်ကို နားလည်ကာ၊ ထို့နောက် အပေးအယူလုပ်ခြင်း၊ အပေးအယူမလုပ်ခြင်း၊ စည်းလုံးညီညွတ်ခြင်း နှင့် သဘောထားကွဲလွဲခြင်းဆိုင်ရာမေးခွန်းများသည် ခရစ်ယာန်အသက်တာ၏လက်ဝါးကပ်တိုင်ပုံသဏ္ဍာန်သဘာဝကိုကျွန်ုပ်တို့အာရုံစို က်နေသမျှကာလပတ်လုံး ဤအရာများသည် ၎င်းတို့ကိုယ်တိုင်ဖြေရှင်းနိုင်သည် ။

**သိက္ခာတော်ရ ဆရာကြီး Michael J. Glodo**

တပည့်တော်ဖြစ်ခြင်းသည် ခက်ခဲသောလမ်းဖြစ်သည်။ ယေရှု၏အဆိုအရ၊ ကျွန်ုပ်တို့၏ကိုယ်ပိုင် စွမ်းအားကို အားကိုးသည့်အခါ ဘုရားသခင်၏နိုင်ငံတော်ထဲသို့ ဝင်ရောက်ဖို့သည် မဖြစ်နိုင်ပါ။ သို့သော် မာကု ၁၀:၂၇ တွင်တပည့်တော်များအား ယေရှု မည်သို့အားပေးခဲ့သည်ကို နားထောင်ပါ_

> ယေရှုကလည်း၊ သူတို့ကိုကြည့်ရှု၍၊ ဤအမှုကို လူမတတ်နိုင်သော်လည်း၊ ဘုရားသခင် မတတ်နိုင် သည်မဟုတ်။ ဘုရားသခင်သည် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်တော်မူသည်ဟု မိန့်တော်မူ၏ (မာကု ၁၀:၂၇)။

ကျွန်ုပ်တို့တွင် ယေရှု၏တောင်းဆိုမှုများကို နာခံရန်စွမ်းအားမရှိပါ။ သို့သော် ဘုရားသခင်လုပ် ဆောင်တော်မူသည်။ ကျွန်ုပ်တို့သည် သူ၏နိုင်ငံတော်သို့ ဝင်ရောက်ကြောင်း သေချာစေရန်အတွက် ကျွန်ုပ်တို့အတွင်း၌ထိုစွမ်းအားကို အသုံးပြုတော်မူသည်။

> ကျွန်ုပ်တို့လုပ်နိုင်သောအဆိုးဆုံးတစ်ခုမှာ ခရစ်တော်၌ ကြီးပွားရန်၊ သန့်ရှင်းခြင်း ခံရန်၊ သန့်ရှင်းရန်နှင့် ဖြောင့်မတ်ခြင်း၌ကြီးပွားရန် ဝိညာဉ်တော်၏တန်ခိုးမပါဘဲ လုပ်ဆောင်ခြင်းပင် ဖြစ်သည်။ ထိုအရာသည် ဘုရားသခင်ကို နှစ်သက်စေသည် မဟုတ်၊ ၎င်းသည် ကျွန်ုပ်တို့ကို ကယ်တင်ခဲ့သောဘုရားသခင်အပေါ် အမှီပြုခြင်း မဟုတ်ပါ။ ထို့ကြောင့် ဝိညာဉ်တော်၏လုပ်ဆောင်မှု၊ ဝိညာဉ်တော်၏တန်ခိုးသည် ကျွန်ုပ်တို့အသက်တာ၏ကောင်းသောအရာများနှင့် ကျွန်ုပ်တို့၏အသက်တာ ကြီးထွားမှုအတွက် မရှိမဖြစ်လိုအပ်သည်။ အံ့သြစရာကောင်းသည်မှာ၊ ယေရှု၏ လူသားသဘာဝသည် ကျွန်ုပ်တို့၏စံနမူနာဖြစ်သောကြောင့်၊ ၎င်းသည် သူ၏ အသက်တာတွင် ကျွန်ုပ်တို့တွေ့မြင်ရသည့်အရာပင်ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ခရစ်တော်၏အသက်တာ၌ ကြွလာ၍ တတ်နိုင်စေခြင်း၊ ခွန်အားအစွမ်းပေးခြင်းနှင့် ဦးဆောင်ပြီး၊ သူ၏ဓမ္မအမှုတော်အစ နှစ်ခြင်းခံချိန် တွင် ဘိသိက်ပေးကာ၊ ဤမတိုင်မီတွင် ဘုရားသခင်သည် လူဖြစ်ခြင်းသို့ရောက် သော အပျိုကညာပဋိသန္ဓေဆောင်ခြင်းကို ဖော်ဆောင်ပေးသည်။ စုံစမ်းနှောင့်

> ယုက်ခြင်းကိုခံရန် ဝိညာဉ်တော်သည် ကိုယ်တော်ကိုတောသို့ခေါ်ဆောင်သွားသည်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ ဝိညာဉ်တော်သည် ကြွလာ၍ ကိုယ်တော်အားအမှုဆောင်ရွက်တော်မူသည်။ ဝိညာဉ်တော်သည် ခရစ်တော်၏အသက်တာ၌ ခွန်အားအစွမ်းပေးခြင်းကို လုပ်ဆောင်သည်။ ထို့ကြောင့်၊ ၎င်းသည် ခရစ်တော်၏နောက်လိုက်များ၏အသက်တာ၌ ခွန်အားအစွမ်းပေးခြင်းအလုပ်ဖြစ်သည်မှာ သေချာသည်။
>
> **ဒေါက်တာ K. Erik Thoennes**

မာကုအနေဖြင့် သူတို့၏ဆင်းရဲဒုက္ခနှင့် နှိပ်စက်ညှဉ်းပန်းခံရမှုသည် ခရစ်တော်၏နောက်လိုက်စစ်မှန်သည့် နိမိတ်လက္ခဏာဖြစ်ကြောင်း ရောမမြို့ရှိ သူ၏မူလပရိသတ်ကို သိစေလိုသည်။ ၎င်းသည် ယေရှု၏နိုင်ငံတော်အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ မာကုအနေဖြင့်သူ၏စာဖတ်သူများသည် ဤအချက် အားဖြင့် ခွန်အားဖြစ်စေချင်သည်။ သူသည် သခင်ယေရှုအား တန်ခိုးခွန်အားပေးတော်မူသကဲ့သို့ သူတို့၏ အခက်အခဲများကို ခံနိုင်ရည်ရှိရန် ဘုရားသခင်သည် ခွန်အားပေးတော်မူမည်ဟု ယုံကြည်စိတ်ချမှုရှိစေ ချင်သည်။ သို့မှသာ သူတို့၏ဆင်းရဲဒုက္ခများကို မျှော်လင့်ချက်ဖြင့် ရဲရင့်စွာရင်ဆိုင်နိုင်မည်ဖြစ်သည်။

သခင်ယေရှုသည် သူ၏နိုင်ငံတော်ကို ဖြည်းညှင်းစွာ ယူဆောင်လာဆဲဖြစ်သည်။ မိမိလူမျိုး၏ဆင်းရဲဒုက္ခကို အဆုံးတိုင်စေသည့် နည်းလမ်းအဖြစ် အသုံးပြုနေဆဲဖြစ်သည်။ ခံနိုင်ရည်ရှိရန် ခွန်အားပေးနေဆဲဖြစ်သည်။ ယေရှုနှင့် ကိုယ်တော်၏နိုင်ငံတော်အတွက် ဆင်းရဲဒုက္ခခံခြင်းသည် ကျွန်ုပ်တို့အား စိတ်ဓာတ်မကျစေသင့်ပါ။ ၎င်းသည် နှစ်သိမ့်မှုနှင့် လှုံ့ဆော်ပေးမှု ဖြစ်သင့်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏အစေခံဖြစ်ကြသောကြောင့် ဆင်းရဲဒုက္ခခံကြသည်။ တစ်နေ့တွင် ကျွန်ုပ်တို့၏ဆင်းရဲဒုက္ခများအတွက် နားမလည်နိုင်သောကောင်းချီးများဖြင့် ချီးမြှောက်ခြင်းခံရမည်ဟု ယုံကြည်ပါသည်—ကျွန်ုပ်တို့ ရင်ဆိုင်ရသောအခက်အခဲများထက်သာသောကောင်းချီးများ ဖြစ်သည်။

ကျွန်ုပ်တို့စဉ်းစားရမည့် ယေရှု၏ဝိသေသလက္ခဏာ၏ ဒုတိယရှုထောင့်မှာ ဘုရားသခင့်နိုင်ငံတော်ကို ကမ္ဘာမြေကြီးပေါ်သို့ ယူဆောင်လာပေးသော အောင်နိုင်သူရှင်ဘုရင်အဖြစ် ကိုယ်တော်၏အခန်းကဏ္ဍဖြစ်သည်။

## အောင်နိုင်သူရှင်ဘုရင်

မေရှိယသည် ဘုရင်ဒါဝိဒ်၏သားစဉ်မြေးဆက်ဖြစ်မည်ဟု ဓမ္မဟောင်းကျမ်းသည်ရှင်းလင်းစွာ ဖော်ပြထားပြီး၊ သူ၏လုပ်ငန်းသည် ဒါဝိဒ်၏ရာဇပလ္လင်ကို ပြန်လည်ထူထောင်ရန်နှင့် ဣသရေလအပေါ် ထာဝစဉ်အုပ်စိုးရန်ဖြစ်သည်။ ဆာလံ ၈၉၊ ၁၁၀ နှင့် ၁၃၂ တွင် ပရောဖက်ပြုထားသည်ကို တွေ့မြင်ရပြီး မာကု ၁၂:၃၅ တွင် အတည်ပြုထားသည်။ ထို့ကြောင့်၊ ယေရှုသည် ခရစ်တော် သို့မဟုတ် မေရှိယဖြစ်သည်ဟု သတ်မှတ်ခံရတိုင်း၊ သူ၏ တော်ဝင်အဆင့်အတန်းကိုလည်း အတည်ပြုသည်။ ဥပမာအားဖြင့်၊ မာကု ၁၀:၄၇-၄၈ တွင် သူသည် "ဒါဝိဒ်၏သားတော်" ဟုခေါ်ဝေါ်ခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။

ယေရှုသည် မာကု ၁၄:၆၁-၆၂ တွင် မေရှိယဘုရင်အဖြစ် တရားစီရင်သူမင်းများရှေ့မှောက်တွင် ပွင့်လင်းစွာ အခိုင်အမာဆိုခဲ့ပြီး၊ မာကု ၁၅:၂ တွင် ပိလတ်မင်း၏စစ်ကြောမှုကို ခံခဲ့ရသည်။

အောင်နိုင်သူရှင်ဘုရင်အဖြစ် မာကုအလေးပေးဖော်ပြသော ယေရှု၏အခန်းကဏ္ဍသုံးရပ်ကို ကျွန်ုပ်တို့သုံးသပ်မည်။ သခင်ယေရှုသည် သူ၏နိုင်ငံတော်ကို ဖော်ပြခဲ့သည်ဟူသောအချက်ကို ကျွန်ုပ်တို့ လေ့လာမည်။ သူ၏အစွမ်းတန်ခိုးနှင့် အခွင့်အာဏာကို ပြသခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ထို့ပြင် သူ၏ရန်သူများကို အနိုင်ယူခဲ့သည်ကို ကျွန်ုပ်တို့သတိပြုမိမည်ဖြစ်သည်။ သခင်ယေရှုသည် သူ၏နိုင်ငံတော်ကို ဖော်ပြခဲ့သည်ဟူသောအချက်ဖြင့် စတင်ကြပါစို့။

## ဖော်ပြခဲ့သောနိုင်ငံတော်

မာကု ၁:၁၄-၁၅ တွင် ယေရှု၏ဧဝံဂေလိတရားအကျဉ်းချုပ်နှင့်ပတ်သက်၍ မာကု၏ဖော်ပြမှုကို ပြန်လည်သတိရပါ_

> ယောဟန်သည် ထောင်ထဲသို့ရောက်သည်နောက်၊ ယေရှုသည် ဂါလိလဲပြည်သို့ ကြွတော်မူလျှင်၊ အချိန်ပြည့်စုံပြီ၊ ဘုရားသခင်၏နိုင်ငံတော်သည် တည်လုနီးပြီ၊ နောင်တရကြလော့။ ဧဝံဂေလိတရား ကို ယုံကြည်ကြလော့ (မာကု ၁:၁၄-၁၅)။

သခင်ယေရှု၏ ဟောပြောခြင်းလုပ်ငန်း၏ အဓိကရည်ရွယ်ချက်မှာ ဘုရားသခင်၏နိုင်ငံတော် တည်လုနီးပြီဟူသော ဧဝံဂေလိသတင်းကောင်းကို ဟောပြောရန်နှင့် နောင်တရကာ ယုံကြည်သူအားလုံး ကို ၎င်း၏ကောင်းချီးများကို ပေးရန်ဖြစ်သည်။

ယေရှုသည် နိုင်ငံတော်၏လျှို့ဝှက်ချက်များကို တပည့်တော်တို့အား သွန်သင်ခြင်းဖြင့် နိုင်ငံတော် ကို ဖော်ပြခဲ့သည်။ ထို့ကြောင့် သူသည် မကြာခဏ ပုံဥပမာများဖြင့် သင်ကြားရခြင်းဖြစ်သည်—ရွေးချယ် ခံရသူများအား နိုင်ငံတော်၏လျှို့ဝှက်ချက်များကို ထုတ်ဖော်ပြသရန်နှင့် ရွေးချယ်မခံရသူများအား ဖုံး ကွယ်ထားရန်ဖြစ်သည်။ မာကု ၄:၁၁-၁၂ တွင် တပည့်တော်တို့အား သခင်ယေရှုပြောသောစကားကို နားထောင်ပါ_

> ကိုယ်တော်က၊ သင်တို့သည် ဘုရားသခင့်နိုင်ငံတော်၏နက်နဲသောအရာကို သိရသောအခွင့်ရှိကြ၏။ အပြင်၌ရှိသော ထိုသူတို့မူကား၊ မြင်လျက်ပင် အာရုံမပြုဘဲမြင်၍၊ ကြားလျက်ပင် အနက်ကိုနားမလည်ဘဲ ကြားသဖြင့်၊ သူတို့အကျင့်မပြောင်းလဲ၊ အပြစ်မလွှတ်ရသည်တိုင်အောင် သူတို့အား ဟောသမျှကို ဥပမာအားဖြင့် ဟောရ၏ (မာကု ၄:၁၁-၁၂)။

ယေရှုသည် ဘုရားသခင်၏နိုင်ငံတော်အကြောင်းကို မကြာခဏဖော်ပြခဲ့သည်။ ဥပမာ၊ မာကု ၁၀ တွင် သူငယ်များကဲ့သို့ နိုင်ငံတော်သို့ လွယ်ကူစွာ ဝင်ရောက်နိုင်သူများ၊ ချမ်းသာသူများကဲ့သို့ ခက်ခဲစွာဖြင့် ဝင်ရောက်နိုင်သူများကို ခွဲခြားဖော်ပြခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့ဖော်ပြမည့် အောင်နိုင်သူရှင်ဘုရင်အဖြစ် ယေရှု၏အခန်းကဏ္ဍ၏ ဒုတိယကဏ္ဍမှာ ကိုယ်တော်သည် ဘုရားသခင်၏မြေကြီးဆိုင်ရာနိုင်ငံတော်၏ ဦးခေါင်းအဖြစ် ကိုယ်တော်၏အစွမ်းတန်ခိုးနှင့် အခွင့်အာဏာကို ပြသခဲ့သည်။

## အစွမ်းတန်ခိုးနှင့် အခွင့်အာဏာကို ပြသခြင်း

ယေရှုသည် သူ၏ရှင်ဘုရင်ဆိုင်ရာအစွမ်းတန်ခိုးနှင့် အခွင့်အာဏာကို အဓိကအားဖြင့် အံ့ဖွယ်အမှုများအားဖြင့် ပြသခဲ့သည်။ ဥပမာ၊ မာကု ၄:၄၁ တွင် ဖန်ဆင်းခြင်းသည် သူ၏အမိန့်တော်များကို နာခံသည်ဟု ဆိုသည်။ မာကု ၁:၂၄၊ ၃:၁၁ နှင့် ၅:၇ တွင် ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း နတ်ဆိုးများသည် ကိုယ်တော်ကိုဘုရားသခင်၏သားတော်အဖြစ် အသိအမှတ်ပြုကြသည်။ သဘာဝတရားနှင့် နတ်ဆိုးများအပေါ်တွင် ကိုယ်တော်၏အလိုတော်ကို ပြီးမြောက်အောင်မြင်ရန် ယေရှု၏စွမ်းရည်သည် ဘုရားသခင်၏နိုင်ငံတော်ကို ကမ္ဘာမြေပေါ်သို့ ယူဆောင်လာရန်ကြွလာခဲ့ခြင်း၏ ထင်ရှားသောသရုပ်ပြမှုဖြစ်သည်။ သူ၏ အံ့ဖွယ်နည်းဖြင့် အနာရောဂါကုသပေးမှုများသည်လည်း အလားတူပင်ဖြစ်သည်။ နိုင်ငံတော်ဆိုင်ရာကောင်းချီးများတွင် အသက်နှင့်ကျန်းမာခြင်း ပါဝင်သည်။ ထို့ကြောင့်၊ ယေရှုသည် လူတို့ကို ကုသပေးသောအခါ၊ သူ၏တော်ဝင်အခွင့်ထူးအရ လူတို့အား နိုင်ငံတော်ဆိုင်ရာကောင်းချီးများ ဝေမျှပေးသည်။

> ယေရှုသည် အနည်းဆုံး အကြောင်းရင်းသုံးရပ်ဖြင့် အံ့ဖွယ်အမှုများပြုလုပ်ခဲ့သည်_ တစ်ခုမှာ ကိုယ်တော်၏သနားကြင်နာမှုကိုဖော်ပြလိုခြင်း၊ ဒုက္ခရောက်နေသောသူများအပေါ် ဘုရားသခင်၏သနားကြင်နာမှုကို ပြသလိုခြင်းဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်သည် လူတို့ကို ကရုဏာစိတ်ရှိ၍ သနားသောစိတ်ဖြင့် ကုသပေးတော်မူသည်။ သူသည် လူတို့၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးလိုသည်၊ သို့သော် ထိုသို့လုပ်ဆောင်ရာတွင်၊ သူသည် မေရှိယဖြစ်ကြောင်း၊ သူသည် နိုင်ငံတော်ဆိုင်ရာကယ်တင်ခြင်းကိုယူဆောင်လာကြောင်းနှင့် သူမည်သူဖြစ်သည်ဟူသော သမ္မာတရားကိုလည်း ဖော်ပြနေပါသည်။ ထို့ကြောင့် အံ့ဖွယ်အမှုများသည် သူသည် ဤအရာများကိုလုပ်ဆောင်နိုင်သောဘုရားသခင်ဖြစ်ကြောင်း သာမာန်ဖော်ပြခြင်းမဟုတ်ဘဲ၊ သူသည် မေရှိယဖြစ်ကြောင်းကို ညွှန်ပြသော အံ့ဖွယ်အမှုများဖြစ်သည်။ ထို့ကြောင့် တတိယအင်္ဂါရပ်မှာ အံ့ဖွယ်အမှုများသည် မေရှိယဆိုင်ရာကယ်တင်ခြင်းသည် ရောက်ရှိပြီဖြစ်ကြောင်း ညွှန်ပြခြင်းဖြစ်သည်။ ဘုရားသခင်ကတိပြုထားသောခေတ်သည် သမိုင်းတွင် ပျက်ဆီးခဲ့ပြီဖြစ်ပြီး၊ ယခု ကျွန်ုပ်တို့သည် ရောဂါများဖြစ်စေသော ကျိန်ခြင်းများသို့ပြန်လှည့်ခြင်းဖြစ်သည်၊ ထို့ကြောင့် လူများကို ကိုယ်တော်ကုသပေးလျက်ရှိသည်။ အစားအစာနှင့် သောက်စရာအတွက် ကန့်သတ်ချက်များကြောင့် သူသည် အစားအစာနှင့် ဝိုင်အမြောက်အများကို ပေးနေသဖြင့် သူသည် မေရှိယဖြစ်ပြီး ၎င်းသည် ကျွန်ုပ်တို့၏အသက်တာထဲ၌ လုပ်ဆောင်ရန်

သူ၏အမှုတော်ဖြစ်သောကြောင့် အံ့ဖွယ်အမှုများသည် သမိုင်းတွင် ဘုရားသခင်၏ အပြောင်းအလဲများကို ယူဆောင်လာကြသည်။

**ဒေါက်တာ John E. McKinley**

ယေရှုသည် အံ့ဖွယ်အမှုများလုပ်ဆောင်ခြင်းအပြင် သူ၏ဘုရား၏အစွမ်းတန်ခိုးနှင့် အခွင့်အာဏာကို အခြားနည်းများဖြင့်လည်း ပြသခဲ့သည်။ ဥပမာ၊ မာကု ၁:၁၆-၂၀ တွင်၊ ယေရှုသည် တပည့်တော်များကို သူ့နောက်လိုက်ရန် သူတို့၏နေအိမ်များ၊ မိသားစုများနှင့် လုပ်ငန်းများကို စွန့်ပယ်ရန် ရဲရင့်စွာ ခေါ်ဆိုခဲ့သည်။ သူသည် ကောင်းမွန်သောအကြံဉာဏ်များကိုသာ ပေးရုံမဟုတ်၊ ဘဝပြောင်းလဲစေသော တုံ့ပြန်မှုကို တောင်းဆိုခဲ့သည်။ ဤသည်မှာ ဧဝံဂေလိတရားကိုကြားနာသူတိုင်းအား သူပေးသော တူညီသောအမိန့်ဖြစ်ပြီး၊ သူသည် တူညီသောတုံ့ပြန်မှုကို ဆက်လက်မျှော်လင့်နေပါသည်။ လူသားတိုင်းသည် သခင်ယေရှုကို နာခံရန်၊ သူ့ထံ၌ မိမိတို့၏ဘဝကို ကတိသစ္စာပြုပြီး သူသွားလေရာတိုင်း၌ သူ့နောက်လိုက်ရန် တာဝန်ရှိသည်။

သခင်ယေရှု၏ အခွင့်အာဏာ၏ မမေ့နိုင်စရာအကောင်းဆုံးဥပမာသည် မာကု ၂:၃-၁၂ တွင် လက်ခြေသေသူ၏အပြစ်များကို ခွင့်လွှတ်ပေးခြင်း ဖြစ်သည်။ ဘုရားသခင်သာလျှင် အပြစ်များကို ခွင့်လွှတ်နိုင်ကြောင်း ယေရှုနှင့် အခြားလူတိုင်း သိကြသည်။ သို့သော် အံ့သြစရာမှာ၊ ဘုရားသခင်ထံမှ ခွင့်လွှတ်မှုကို ရယူရန် လူအား ယေရှုသည် မပြောခဲ့ပါ။ ထိုသူ၏အပြစ်များကို အခွင့်အာဏာဖြင့် ခွင့်လွှတ်ပေးတော်မူသည်။ ရလဒ်အနေနှင့်၊ ဤဖော်ပြချက်သည် ထိုသူ၏လွတ်ငြိမ်းချမ်းသာခွင့်အတွက် အာမခံရုံသာမက ယေရှု၏တော်ဝင်အခွင့်အာဏာကိုလည်း အာမခံချက်တစ်ခုဖြစ်သည်။ လူ၏အပြစ်များကို ခွင့်လွှတ်ခြင်းဖြင့်၊ ယေရှုသည် ဘုရားသခင်၏နိုင်ငံတော်အတွင်း တရားမျှတမှုကို စီမံခန့်ခွဲရန် ဘုရား၏အခွင့်အာဏာရှိကြောင်း သရုပ်ပြခဲ့သည်။ ခွင့်လွှတ်ပြီးသည်နှင့်တစ်ပြိုင်နက် ထိုသူကိုကုသခြင်းဖြင့် သူ၏နုတ်တော်ထွက်စကားသည် ဘုရားသခင်ထံမှ အမှန်တကယ်လာကြောင်း ယေရှု သက်သေပြခဲ့သည်။

အမှန်ပင်၊ အပြစ်များကိုခွင့်လွှတ်ပေးသော ယေရှု၏အခွင့်အာဏာသည် ကိုယ်တော်နောက်လိုက်ရန် ကျွန်ုပ်တို့၏အကြီးမားဆုံးအကြောင်းရင်းတစ်ခုဖြစ်သည်။ ကိုယ်တော်အားဖြင့် ကျွန်ုပ်တို့၏အပြစ်များကို ဖြေဖျောက်နိုင်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်နိုင်မည်ဖြစ်သည်။ သူ၏ရန်သူဖြစ်မည့်အစား၊ ကျွန်ုပ်တို့သည် တော်ဝင်နိုင်ငံ၏ထာဝရကောင်းချီးများနှင့်အတူ တော်ဝင်နိုင်ငံသားများဖြစ်နိုင်ပါသည်။

ကျွန်ုပ်တို့ဖော်ပြမည့် အောင်နိုင်သူရှင်ဘုရင်အဖြစ် ယေရှု၏အခန်းကဏ္ဍ၏ တတိယရှုထောင့်သည် ကိုယ်တော်၏ရန်သူများကို အနိုင်ယူခြင်းဖြစ်သည်။

## ရန်သူများကို အနိုင်ယူခြင်း

ယေရှုသည် သူ၏အသက်တာတွင် ရန်သူများစွာရှိခဲ့သည်_ သူ့ကိုဆန့်ကျင်သော ဂျူးခေါင်းဆောင်များ၊ သူ့ကိုငြင်းပယ်သောမယုံကြည်သူများ၊ သူနှင်ထုတ်ခဲ့သောနတ်ဆိုးများနှင့် အခြားရန်သူများဖြစ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သည်။ ရန်သူများနှင့် ရင်ဆိုင်ခဲ့သည့်အချိန်တိုင်း အောင်နိုင်ခဲ့သည်။ သူတို့၏ငြင်းခုံခြင်းကို အောင်နိုင်တော်မူသည်။ သူတို့၏လျှို့ဝှက်ကြံစည်မှုများကို ရှောင်တော်မူသည်။ လူတို့ကို ဖိနှိပ်ခြင်းမှ လွတ်မြောက်စေတော်မူသည်။ အပြစ်အတွက် အပြစ်ဖြေနိုင်စေဖို့ရာ လက်ဝါးကပ်တိုင်တွင် အသေခံမည့် သူ၏ ရည်ရွယ်ချက်များကို ပြီးမြောက်အောင်မြင်စေရန် ထိုသူတို့၏ အကြံအစည်များကိုပင် ကိုယ်တော်သည် အသုံးပြုခဲ့သည်။ ဤအောင်ပွဲများအားလုံးသည် ယေရှုသည်အမှန်တကယ် မေရှိယဖြစ်ကြောင်း၊ ဘုရားသခင်၏နိုင်ငံတော် မြေကြီးပေါ်သို့ ယူဆောင်လာမည့် ဒါဝိဒ်မင်းကြီး၏မျိုးဆက်ဖြစ်ကြောင်း သက်သေပြသည်။

မာကု မကြာခဏပြောလေ့ရှိသော ရန်သူအုပ်စုတစ်ခုသည် နတ်ဆိုးများဖြစ်သည်။ မာကုသည် အခြားသောခရစ်ဝင်ကျမ်းရေးသူများထက် နတ်ဆိုးများနှင့် စာတန်တို့၏တန်ခိုးအပေါ် ယေရှု၏တန်ခိုးကြီးမှုကို ပို၍အလေးပေးသည်။ မာကုသည် ယေရှု၏နတ်ဆိုးများအပေါ်ထိန်းချုပ်ခြင်းအပေါ် သူ၏စာဖတ်သူများ၏အာရုံစိုက်ထားသည်။

မာကုအတွက်၊ ယေရှုနှင့် နတ်ဆိုးများကြား ဤပဋိပက္ခသည် ယေရှုသည် ဘုရားသခင်၏နိုင်ငံတော်ကို ယူဆောင်လာကြောင်း အထောက်အထားဖြစ်သည်။ နိုင်ငံတော်တည်ရှိနေခြင်းသည် ရုန်းကန်ခြင်းမရှိဘဲ ငြိမ်းချမ်းစွာနေထိုင်ခြင်းကို ဆိုလိုခြင်းမဟုတ်ပါ။ ဆန့်ကျင်ဘက်အနေနှင့်၊ ယေရှု၏နိုင်ငံတော်သည် နတ်ဆိုးတန်ခိုးများကိုစစ်တိုက်ရန် ရောက်ရှိလာပြီး နောက်ဆုံးတွင် ဆိုးသွမ်းသောနိုင်ငံတော်ကို အနိုင်ယူခဲ့သည်ဟု ဆိုလိုသည်။ ရောမမြို့ရှိခရစ်ယာန်များအတွက်၊ ၎င်းတို့၏ဆင်းရဲဒုက္ခများသည် ကြီးမားသောဝိညာဉ်ရေးစစ်ပွဲ၏တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု ဆိုလိုသည်။ အချိန်အတိုင်းအတာတစ်ခုအထိ ဖိနှိပ်ညှဉ်းပန်းနှိပ်စက်ခံရသော်လည်း ၎င်းတို့သည် အောင်နိုင်သူဘက်တွင် ရှိနေဆဲဖြစ်ပြီး၊ တစ်နေ့တွင် ပြီးပြည့်စုံသော အောင်မြင်ခြင်းရရှိမည်ဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့အတွက်လည်း အလားတူဖြစ်သည်။

သို့သော် နတ်ဆိုးများအပေါ် ယေရှု၏တန်ခိုးတော်သည် အံ့သြဖွယ်ကောင်းသကဲ့သို့ သူ၏အကြီးဆုံးသောအောင်မြင်ခြင်းသည် ၁ ကောရိန္သု ၁၅:၂၆ ၌ရှင်ပေါလုမှ "နောက်ဆုံးသောရန်သူ" ဟုခေါ်သော သေခြင်းတရားအပေါ် အောင်မြင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့မြင်ခဲ့သည့်အတိုင်း၊ ယေရှုအသေမခံမီ သူ၏သေခြင်းသည် ကိုယ်တော်၏အောင်မြင်ခြင်းအတွက် နည်းလမ်းဖြစ်ကြောင်း တပည့်တော်များအား ထပ်ခါတလဲ ရှင်းပြခဲ့သည်။ သေခြင်းတရားသည် ရန်သူဖြစ်သည်။ သို့သော် ယေရှုသည် မိမိ၏ရည်ရွယ်ချက်အတွက် ဤရန်သူကို အနိုင်ယူပြီး အသုံးချခဲ့သည်။ ဥပမာတစ်ခုအနေနှင့် မာကု ၁၄:၂၄-၂၅ တွင် နောက်ဆုံးညစာစားပွဲတွင် တပည့်တော်များအား ယေရှု မိန့်တော်မူခဲ့သည်ကို နားထောင်ပါ_

> ကိုယ်တော်ကလည်း၊ ဤခွက်ကား၊ ပဋိညာဉ်တရားသစ်နှင့်ဆိုင်၍၊ လူများအဘို့ အလိုငှါ သွန်းသော ငါ၏ အသွေးဖြစ်၏။ ငါအမှန်ဆိုသည်ကား၊ ဤစပျစ်ရည်မျိုးအသစ်ကို ဘုရားသခင်၏နိုင်ငံတော်၌ ငါမသောက်မှီ နေ့တိုင် အောင် ယခုမှစ၍ တဖန်ငါမသောက်ရဟု မိန့်တော်မူ၏ (မာကု ၁၄:၂၄-၂၅)။

နူးညံ့သိမ်မွေ့သော သိုးထိန်းတစ်ဦးအနေဖြင့်၊ ယေရှုသည် စိတ်ဓာတ်ကျခြင်းမရှိရန်၊ သူ၏သေဆုံးခြင်းသည် အပြစ်နှင့် ၎င်း၏အကျိုးဆက်များအပေါ် ဘုရားသခင်၏ ပဋိညာဉ်အောင်မြင်ခြင်းဖြစ်မည်ဟု



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကတိပြုခဲ့သည်။ တပည့်တော်များအား နောက်ဆုံးညစာစားခြင်းမဟုတ်ကြောင်းကိုလည်း ယေရှု ကတိပေးခဲ့သည်။ ဖြစ်လတ့ံသော ကြောက်မက်ဖွယ်ကောင်းသောအရာများ—သူ၏ ဖမ်းဆီးခံရခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဆင်းရဲဒုက္ခခံခြင်းနှင့် အသေခံခြင်း—သူ၏နိုင်ငံတော် ဘုန်းအသရေ ပြီးပြည့်စုံသောအခါတွင် သူတို့နှင့်အတူ တစ်ဖန် သောက်တော်မူမည်။ ရှေးခေတ်မာကု၏မူရင်းစာဖတ်သူများမှ ခေတ်အဆက်ဆက် အသင်းတော်အထိ၊ ကျွန်ုပ်တို့၏သခင့်ညစာစားပွဲအခမ်းအနားများသည် ခရစ်တော်၏ အောင်မြင်ခြင်းသည် ဆင်းရဲဒုက္ခအားလုံးကို နောက်ဆုံးတွင်ကျော်လွှားနိုင်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့အား သတိပေးသည်။ တစ်နေ့တွင်၊ ကျွန်ုပ်တို့သည် ယေရှုကိုယ်တော်တိုင်နှင့်အတူ အောင်မြင်ခြင်း စားသောက်ခြင်းပွဲတော်ဖြင့် ချီးမြှောက်မည်ဖြစ်သည်။

လက်ဝါးကပ်တိုင်ပေါ်အသေခံခြင်းနှင့် သင်္ဂြိုဟ်ခြင်းတွင်၊ ယေရှုသည် ကျွန်ုပ်တို့အားအပြစ်မှ ရွေးနှုတ်ရန် အချိန်အတိုင်းအတာတစ်ခုအထိ သေခြင်းတရားအား သူ့အပေါ်၌ တန်ခိုးရှိစေခဲ့သည်။ သို့သော် သူသည် ၎င်းတန်ခိုးအောက်၌ရှိမနေခဲ့ပါ။ ရှင်ပြန်ထမြောက်ချိန်တွင်၊ သူသည် သေခြင်းကိုပင် အောင်နိုင်ခဲ့ပြီး ခရစ်တော်ဖြစ်ကြောင်းသံသယများကိုကင်းစေကာ၊ သူ၏နိုင်ငံကို မြေကြီးပေါ်သို့ ပြန်လည်ထူထောင်ရန် ဘုရားသခင်စေလွှတ်တော်မူသော မေရှိယဘုရင်ဖြစ်ခြင်းကို သက်သေပြခဲ့သည်။

သို့သော် ယေရှုသည် ရှင်ဘုရင်ဖြစ်ရန်ကြွလာပါက၊ သူသည်မအောင်မြင်ဟု ဆိုလိုပါသလား။ ဤမေးခွန်းသည် ခေတ်တိုင်းတွင် ခရစ်ယာန်များစွာကို အနှောင့်အယှက်ဖြစ်စေသကဲ့သို့ မာကု၏ နှိပ်စက်ညှဥ်းပန်းခံရသော ပရိသတ်ကိုလည်း အနှောင့်အယှက်ဖြစ်စေပေမည်။ နောက်ဆုံးတွင်၊ ယခု ကမ္ဘာမြေကြီးပေါ်တွင် ယေရှုစိုးစံနေသည်ကို မတွေ့ရတော့ပါ။ ၎င်းသည် မေရှိယဘုရင်၏လုပ်သင့်သောအရာမှန်သမျှကို သူသည်ပြီးမြောက်ခဲ့ပုံမပေါ်ပါ။

> မာကု၏ခရစ်ဝင်ကျမ်းပထမတစ်ဝက်တွင်၊ ယေရှု၏ဘုရင်ဖြစ်ခြင်းကို အလေးအနက်ထားသောကြောင့်၊ ယေရှုသည် ဖျားနာခြင်းအပေါ်တွင် တန်ခိုးရှိကြောင်းပြသခဲ့သည်။ သူသည် သဘာဝတရားအပေါ် ဩဇာအာဏာရှိကြောင်း ပြသသည်။ သူသည်နောက်လိုက်များကို စုဆောင်းနိုင်ကြောင်းကို သရုပ်ပြသည်။ ထို့ပြင် သင်မျှော်လင့်ထားသောအလုံးစုံသောအရာတို့ကို ဘုရားသခင်-ဘုရင်တစ်ပါးသည်လုပ်ဆောင်လိမ့်မည်။ သို့သော် အထူးသဖြင့် မာကု၏ခရစ်ဝင်ကျမ်းကို တပည့်တော်များဆုပ်ကိုင်ရန်ခက်ခဲသည်မှာ၊ ယေရှုသည် ဘုရင်ဖြစ်ကြောင်းဖော်ပြသောအခါ သို့မဟုတ် အတည်ပြုသောအခါ၊ သူတို့၏စိတ်ထဲတွင် ဖြည်းညှင်းစွာသိမြင်လာသည်နှင့်အမျှ၊ သူသည် ငြင်းပယ်ခံရမည်၊ ဒုက္ခဆင်းရဲခံရမည်၊ သေရမည်ဟု ဆက်လက်၍မိန့်ဆိုခဲ့ပြန်သည်။ အစပိုင်း၌၊ ရှင်ဘုရင်သည် သူတို့အထဲတွင် အမှုဆောင်သောသူတစ်ဦးအနေဖြင့် ကြွလာမည်ဟူသော အယူအဆကို ဆုပ်ကိုင်ရန်အလွန်ခက်ခဲသည်ဟု ထင်ရသော်လည်း၊ အမှန်တကယ်တွင် ရှင်ဘုရင်ကြွလာမည့် ဟောကိန်းများဖြစ်သောကြွလာတော်မူသောရှင်ဘုရင်သည် ဒုက္ခဆင်းရဲခံကာ အသေခံသောသူဖြစ်မည့်အကြောင်းပြောသော ဟေရှာယ ၅၃ ကဲ့သို့ ကျမ်းပိုဒ်များကို

> နောက်ပြန်ကြည့်ခြင်းဖြင့်သိနိုင်သည်။ လူသားတို့၏အပြစ်အတွက် ရွေးနုတ်ခြင်း အဖိုးအခကိုပေးဆပ်ရန် ယေရှုသည် ထိုသို့လုပ်ဆောင်နေကြောင်းနှင့် လူသားတို့၏အပြစ်အတွက် အပြစ်ဖြေရန်အတွက် သူ၏ဘုန်းတန်ခိုးအာနုဘော်ကို လက်ဝါးကပ်တိုင်ပေါ်တွင်တင်ထားမည်ဟု ယုံကြည်ခဲ့သည်။ သို့သော်၊ ၎င်းသည် ဇာတ်လမ်း၏အဆုံးမဟုတ်သေးပါ၊ အကြောင်းမှာ ခရစ်တော်သည် သေခြင်းမှ ထမြောက်ပြီး ကောင်းကင်ဘုံသို့ ချီးမြှောက်ခြင်းခံရပြီး ယခုအခါ ဖန်ဆင်းရာအားလုံးတို့ကို အုပ်စိုးသောဘုရင်အဖြစ် သိမ်းပိုက်ထားပြီး၊ အသက်ရှင်သူနှင့် သေသူများကို တရားစီရင်သူအဖြစ် ပြန်လည်ကြွလာမည်ဖြစ်သည်။ .

**Rev. Dr. Simon Vibert**

ယေရှုသည် ပထမရာစုတွင် လူအများမျှော်လင့်ထားသည့် မေရှိယအမျိုးအစားမဟုတ်သကဲ့သို့ ယနေ့လူအများစုလိုချင်သော မေရှိယမျိုးလည်း မဟုတ်ပါ။ သူသည် ဆင်းရဲဒုက္ခခံသည့် အစေခံဘဝနှင့် နေထိုင်ပြီး သူ၏နိုင်ငံသူ/ နိုင်ငံသားများကိုလည်းအလားတူ ခေါ်တော်မူသည်။ မာကု ၄ တွင် မျိုးစေ့ကြဲသူနှင့် မုန်ညင်းစေ့ပုံဥပမာတွင် သူ၏နောက်လိုက်များသည် နှိပ်စက်ညှဉ်းပန်းခြင်းဖြင့် နှောင့်ယှက်ခံရမည်ဖြစ်ပြီး သူ၏နိုင်ငံသည် ရှုံးနိမ့်သွားပုံရကြောင်း ယေရှုသွန်သင်ခဲ့သည်။

သို့သော် အချို့သောလူများတွင် နိုင်ငံတော်၏နှုတ်ကပတ်တော်သည် အမြစ်စွဲပြီး အသီးအပွင့်ဖြစ်ထွန်းကြောင်းကိုလည်း သူသွန်သင်ခဲ့သည်။ သူတို့သည် နာခံမှုဖြင့် ဘုရားသခင်၏နိုင်ငံတော်ကို လက်ခံယုံကြည်ကြသည်။ သူတို့သည် ယေရှုနောက်သို့လိုက်၍ ဘုရားသခင်၏နိုင်ငံတော်ကို တိုးပွားစေသည်။

နိုင်ငံတော်သည် ခေတ္တဖုံးအုပ်ထားသည်။ ဖြည်းညှင်းစွာ ကြီးထွားလာသည်။ သို့သော် ခံစားနေရသည်။ သို့သော် နောက်ဆုံးတွင်၊ ဘုရားသခင်၏နိုင်ငံတော်သည် အလုံးစုံပြည့်စုံလာလိမ့်မည်။ မာကု ၄း၂၂ တွင် ယေရှုပြောခဲ့သည့်အတိုင်း_

> ဆိတ်ကွယ်ရာ၌ရှိသမျှတို့သည် ထင်ရှားလိမ့်မည်။
> ဝှက်ထားလျက်ရှိသမျှတို့သည်လည်း ပွင့်လင်းလိမ့် မည် (မာကု ၄း၂၂)။

သူ၏မူရင်းပရိသတ်နှင့် ကျွန်ုပ်တို့ထံသို့ပေးသော မာကု၏သတင်းစကားသည် ရှင်းပါသည်။ ဘုရားသခင်၏နိုင်ငံတော်သည် ထူးခြားစွာကြီးထွားလာပြီး နှိပ်စက်ညှဉ်းပန်းမှု၊ ဆင်းရဲဒုက္ခနှင့် ရန်သူများကို တွန်းလှန်တိုက်ခိုက်သည်။ သို့သော်လည်း ဘုရားသခင်၏အချိန်ဇယားအတိုင်း ကြီးထွားလာမည်မှာ သေချာပါသည်။ ဘုရားသခင့်နိုင်ငံတော်နှင့် ယေရှု၏အမှုတော်ကို ရပ်တန့်၍မရနိုင်ပါ။ တစ်နေ့တွင်၊ ယေရှုသည် သူစတင်ခဲ့သည့်အရာကို အပြီးသတ်ရန် ပြန်လာမည်ဖြစ်သည်။ သူသည် နောက်ဆုံးတွင် သူ၏ရန်သူအားလုံးကို အပြီးတိုင်အနိုင်ယူပြီး၊ ကျွန်ုပ်တို့သည်ဘုန်းထင်ရှားကာ၊ အဆုံးမရှိသော ထာဝရအသက်၏ နောက်ဆုံးအခြေအနေသို့ ဝင်ရောက်ကြမည်ဖြစ်သည်။ ထိုအချိန်တွင်၊ ပြည့်စုံခြင်းမရှိသော ဓမ္မဟောင်းပရောဖက်ပြုချက် ရှိလိမ့်မည်မဟုတ်ပါ။ သူသည် အရာရာကို ပြီးမြောက်စေလိမ့်မည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဂုံး

ဤသင်ခန်းစာတွင် ကျွန်ုပ်တို့သည် မာကု၏ခရစ်ဝင်ကျမ်း၏စာရေးသူနှင့်ပတ်သက်၍ နောက်ခံသမိုင်းအကြောင်း၊ သူ၏မူရင်းပရိသတ်နှင့် သူ၏ရေးသားမှုအချိန်အခါကို ထည့်သွင်းစဉ်းစားထားပါသည်။ ကျွန်ုပ်တို့သည် သူ၏ခရစ်ဝင်ကျမ်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာကိုလည်း လေ့လာခဲ့သည်။ ကျွန်ုပ်တို့သည် ၎င်း၏အဓိကအကြောင်းအရာနှစ်ခုဖြစ်သော_ ယေရှု၏ ဆင်းရဲဒုက္ခခံသည့်အစေခံဖြစ်ခြင်းနှင့် အောင်နိုင်သူရှင်ဘုရင်ဖြစ်ခြင်းကို အာရုံစိုက်ထားပါသည်။ ဤအတွေးအမြင်များဖြင့် ဤခရစ်ဝင်ကျမ်းကို ဖတ်ရှုပါက၊ မာကုကို ကျွန်ုပ်တို့ ပိုမိုနားလည်သဘောပေါက်ပြီး ခေတ်သစ်ကမ္ဘာတွင် ကျွန်ုပ်တို့၏ကိုယ်ပိုင်ဘဝများအတွက် ပိုမိုကောင်းမွန်သောကျင့်သုံးမှုများကို ပြုလုပ်နိုင်ကြောင်း တွေ့ရှိမည်ဖြစ်သည်။

ရှင်မာကုခရစ်ဝင်ကျမ်းသည် အခြားခရစ်ဝင်ကျမ်းများတွင် အမြဲအလေးပေးခြင်းမရှိသော ယေရှု၏စရိုက်နှင့် အမှုဆောင်ခြင်းဆိုင်ရာကဏ္ဍများကို မီးမောင်းထိုးပြသည်။ ၎င်းသည် ကျွန်ုပ်တို့အား ယေရှုသည်တန်ခိုးကြီးသောသူ၊ ခွန်အားပြည့်ဝသောသူ၊ တက်ကြွသောသခင်အဖြစ် ဖော်ပြသည်။ သို့သော် ယေရှုသည် သူ၏တန်ခိုးအစွမ်း၌ပင် ဆင်းရဲဒုက္ခခံသည့်အစေခံ၏အခန်းကဏ္ဍကို လိုလားစွာ ဆောင်ယူခဲ့ကြောင်းကိုလည်း ကျွန်ုပ်တို့ကိုပြသသည်။ မာကုသည် ကျွန်ုပ်တို့၏သခင်၏စံနမူနာကို တုံ့ပြန်မှုအမျိုးမျိုးဖြင့် ကျွန်ုပ်တို့အားဖော်ပြသည်။ ကျွန်ုပ်တို့အား ယေရှု၏ခြေတော်ရင်း၌ တအံ့တဩဖြစ်စေရန်၊ တိတ်ဆိတ်စွာနားထောင်ရန်နှင့် သူ၏စကားများကို နာခံမှုဖြင့် တုံ့ပြန်စေလိုသည်။ ယေရှုပြသကဲ့သို့ ကျွန်ုပ်တို့အား ဘုရားသခင်၏နိုင်ငံတော်အတွက် ဆင်းရဲဒုက္ခခံလိုစိတ်ရှိစေလိုသည်။ ယေရှုသည် လက်ဝါးကပ်တိုင်အားဖြင့် ရန်သူများကို အနိုင်ယူပြီး၊ ကျွန်ုပ်တို့အတွက် အောင်မြင်ခြင်းကိုလည်း လုံခြုံစေကြောင်းသိရန် ကျွန်ုပ်တို့အား တိုက်တွန်းခွန်အားပေးလိုသည်။ ဆက်လက်၍၊ နိုင်ငံတော်ပြီးပြည့်စုံသောကာလ၊ ဘုန်းအသရေဖြင့် ကြွလာတော်မူပြီး၊ ထိုအောင်မြင်ခြင်းပေးသည့်နေ့အထိ၊ ကျွန်ုပ်တို့ဆက်လက်တည်မြဲနေမည့်အကြောင်း မျှော်လင့်ရပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။